# သက်တံဦးတဲ့ ညနေကြယ်


သွန်းနေဝိုး




# နတ်သမီးစာအုပ်တိုက်

ရဲ့

# အစီအစဉ် (၇၂)

နတ်သမီးစာအုပ်တိုက်

ဖုန်း - ၇၂၅၅၁၀ ၊ ၂၈၁၁၇၈

အမှတ် (၂၉၁)၊ လမ်း (၄၀) (အထက်)

ကျောက်တံတားမြို့နယ်

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ
★ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

★ နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
★ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
★ ခိုင်မာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
★ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

★ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
★ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄)ရပ်

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
★ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
★ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရေးမြင့်မားရေး

## [illegible]

၃။ ခေတ်ပေါ်အချစ်၊ ခေတ်ပေါ်ကဗျာ | မောင်သာနိုး |
၁၀။ အမည်မဖော်လိုသူအချစ် | မင်းလူ |
၁၃။ ကမ္ဘာ့သရဲတစ္ဆေဝတ္ထုတိုများ | မင်းခိုက်စိုးစန် |
၁၅။ အချစ်အကြောင်း အဆိုအမိန့်များ | ပိုင်စိုးကိုကို |
၂၉။ ချစ်သူဝှက်ထားတဲ့အိပ်မက် | သွန်းနေစိုး |
၃၅။ သူငယ်ချင်းတစ်ယောက်အကြောင်း | မင်းလူ |
၃၉။ ပူးဘဲပါဝင်တဲ့ လေထန်သောနေ့ - ပုံပြင် | ပိုင်စိုးကိုကို |
၄၀။ ပူးဘဲပါဝင်တဲ့ ပျားရည်သစ်ပင် - ပုံပြင် | ပိုင်စိုးကိုကို |
၄၄။ ဟိတောပဒေသကျမ်းလာ ဘဝလမ်းညွှန်နီတိများ | ဟိန်းနန္ဒဇင် |
၄၅။ ကျွန်တော်နှင့် ဒေင်ကချေသည် | တာရာမင်းဝေ |
၄၇။ ပို့စ်မော်ဒန်လူငယ် | မင်းခိုက်စိုးစန် |
၄၉။ သုံးနားညီ | မင်းလူ |
၅၃။ စာသင်ခန်းထဲမှ ဟာသများ | ပိုင်စိုးကိုကို |
၅၄။ ပညာရှင်အဆင့် အင်္ဂလိပ်သဒ္ဒါ | ဆရာ ဟင်နရီ |
၅၅။ ချစ်ခြားရှင်အစ ချစ်ခြားရှင်အဆုံး | မင်းလူ |
၅၆။ ချစ်မှာလားကွယ် ကြိုက်မှာလားကွယ် | မင်းလူ |
၅၇။ အချစ်ရူးကြီးရူးတော့သည် | မင်းလူ |
၅၈။ ရည်းစားစကား (၂) | သွန်းနေစိုး |
၅၉။ လက်ထောက်ဗေဒင် | ဆရာ သင်တိုင်းညို |
၆၀။ တစ်သက်တာမှတ်စရာ ဗုဒ္ဓစကားဒေသနာ | ဟိန်းနန္ဒဇင် |
၆၁။ လူကြီးစကား | နေသူညွန့် |
၆၃။ ဂျိမ်းစ်ဘွန်းဒဿနများ | နေသူညွန့် |
၆၄။ အမှတ်တရ စာအုပ်ကလေး
၆၅။ ရယ်စရာကောင်းတဲ့အချစ် | သွန်းနေစိုး |
၆၆။ အန်စာဗေဒင် | ဆရာ သင်တိုင်းညို |
၆၇။ ကျောင်းမှာရေးဖို့ ခိုင်ယာရီ
၆၈။ ရည်းစားထားနည်း (၂) | ပိုင်စိုးကိုကို |
၆၉။ တွယ်တာသူ့တေး | သွန်းနေစိုး |
၇၀။ Bio ပုံဆွဲနည်း | ဆရာ ဟင်နရီ |
၇၁။ ဂျိမ်းစ်ဘွန်းဒဿနများ | နေသူညွန့် |

ဒုတိယအကြိမ် ရိုက်နှိပ်ခြင်း (၂၀၀၅၊ ဒီဇင်ဘာလ) အုပ်ရေ (၅၀၀)
စာမူခွင့်ပြုချက်အမှတ် [ ၅၀၁၃၅၂၀၅၁၀ ] နှင့်
မျက်နှာဖုံးခွင့်ပြုချက်အမှတ် [၅၀၁၃၈၆၀၅၁၁ ] တို့အရ
ဦးကျော်ဝဏ္ဏ (ယာယီ ၆၅၇) နတ်သမီးစာပေ၊
အမှတ် (၁၆၄)၊ အခန်း (၂၆)၊ ဆူးလေဘုရားလမ်း၊ ရန်ကုန်မှ ထုတ်ဝေပြီး
မျက်နှာဖုံးနှင့် အတွင်းစာသားများကို ဦးဇော်မြင့်ဝင်း (၀၆၈၂၉)
ကာလာဝုံပုံနှိပ်တိုက် (၁၈၄/ဘီ)၊ ၃၁-လမ်း၊ ရန်ကုန်တွင် ပုံနှိပ်သည်။

[redacted]

တန်ဖိုး- ၁၀၀၀- ကျပ်

# သက်တာနှိုးတို့ သူ့ရှေ့ကြယ်

သွန်းဇေနစိုး

# ကြယ်ငေးသူရဲ့ည

# ကြယ်ငေးသူရဲ့ ည

"သရဲခြောက်တယ်" ဆိုတဲ့ ကိစ္စဟာ အစဉ်အလာ အရတော့ တော်တော်ကြောက်စရာ ကောင်းတဲ့ကိစ္စပါ။

ဒါပေမယ့် သရဲခြောက်ခြင်းရဲ့ မာယာပဥ္စလက်နဲ့ တန်ခိုးသတ္တိတွေအပေါ်မှာ ဆန်းကြယ်စုံမက်နေတဲ့ သူ အဖို့တော့ ဒါဟာ ပျော်စရာတစ်ခုလဲ ဖြစ်ချင်ဖြစ်နေနိုင် ပါတယ်။

လူဆိုတာမျိုးက ဘဝနဲ့ အရာရာကို ကိုယ်ခံစားရသလို မြင်တတ်ကြတာ မဟုတ်လား။

ကျွန်တော့်အဖို့တော့ အင်မတန်လှပတဲ့ သရဲခြောက်မှုလေးတစ်ခုကို ကြုံတွေ့ခဲ့ဖူးပါရဲ့။ တစ်ခါက ညလည်ခင်းလေးတွေမှာပေါ့။

ကျွန်တော်ဟာ ပိန်းပိတ်နေတဲ့ ညရဲ့ အမှောင်ခြုံလွှာ အောက်မှာ လမ်းလျှောက်ရတာကို ပျော်မွေ့သူပါ။

နေ့ခင်းရဲ့ တောက်ပစူးရဲတဲ့ အငွေ့အသက်တွေ၊ နေရောင်နဲ့ အပူရှိန်ချင်း ပြိုင်နေကြတဲ့လူတွေ၊ လောဘ၊ ဒေါသနဲ့ ရှင်သန်မှုတို့ဝေးရာ ညဟာ အင်မတန်မှ ငြိမ်းချမ်းပါတယ်။

ညခင်းအချိန်နာရီထဲမှာ လမ်းတကာ လျှောက်သွားရတာဟာ ကျွန်တော့်အတွက်တော့ စိတ်အပန်းဖြေ

နည်းတစ်မျိုးပါပဲ။ ကျွန်တော်နဲ့ သိပ်အစေးမကပ်လှတဲ့ လူ့အဖွဲ့အစည်းကြီးထဲက ပြေးထွက်ခြင်းတစ်မျိုးလည်း ဖြစ်ပါတယ်။

အဲဒါကြောင့်ပဲ ညစဉ်မှန်မှန်လိုလို ကျွန်တော် လမ်းလျှောက်လေ့ရှိတယ်။ များသောအားဖြင့်တော့ သန်းခေါင်အကျော်နဲ့ အရုဏ်ရဲ့ကြား အချိန်ပိုင်းတွေမှာပါ။

ညဦးပိုင်းမှာ တောက်လျှောက် စာရေးပြီးလို့ တစ်ထောက် နားချိန်မှာ ကျွန်တော် လမ်းထွက်လျှောက်ပါတယ်။ ပြီးတော့ စာပြန်ရေးပေါ့။

တစ်ခါတလေတော့လည်း လမ်းလျှောက်ရင်းနဲ့ပဲ မိုးလင်းသွားရတဲ့ ညတွေလည်းရှိပါတယ်။ ညဉ့်ယံရဲ့ ရှုခင်း တစ်ခုခုမှာဖြစ်စေ၊ နေရာတစ်ခုခုမှာဖြစ်စေ ပျော်မွေ့နေမိတဲ့ အခါတွေမှာပေါ့။

သူနဲ့တွေ့ခဲ့ရတာဟာလည်း အဲဒီလို ညတစ်ည ပါပဲ။ လျှောက်သွားရင်းက ချောင်ကျကျ လမ်းကြားလေး တစ်ခုရဲ့ အုတ်ခုံထက်မှာ ထိုင်နေမိတဲ့ အချိန်မှာပေါ့ ...

သူ့ကိုကျွန်တော် အဝေးကြီးကထဲက လှမ်းမြင်ပါတယ်။ ညဟာမှောင်ပေမယ့် လရောင်ကလည်း ရှိနေသေးတာကြောင့်ပါ။

သူဟာ နောက်ကို လှည့်ကြည့်လှည့်ကြည့်နဲ့ လျှောက်လာပါတယ်။ သူ့အသွင်ဟာ တစ်စုံတစ်ရာကို

ထိတ်လန့်နေပုံပါပဲ။ သူ့မျက်လုံးတွေကလည်း ကျိုးကန်းတောင်းမှောက်နဲ့ပါ။

ကျွန်တော့်ကိုတော့ သူ မမြင်ပါဘူး။

ကျွန်တော်ထိုင်နေတဲ့နေရာက မှောင်ရိပ်ကျနေတာကြောင့်၊ ကျွန်တော်ကလည်း ငြိမ်သက်လွန်းနေတာကြောင့် ဖြစ်ပါတယ်။

တရွေ့ရွေ့နဲ့ပဲ သူ ကျွန်တော့်နား နီးလာခဲ့တယ်။

အဲဒီအချိန်မှာတော့ သူဟာ တော်တော်ပဲ တည်ငြိမ်လာခဲ့ပါပြီ။ နောက်ဘက်ဆီကို တစ်ကြိမ်လှမ်းကြည့်တယ်။ သက်ပြင်းတစ်ခုကိုချတယ်။ ပြီးတော့ စိတ်ချသွားဟန်နဲ့ လုံးလုံးလှည့်မကြည့်တော့ပါဘူး။

ကျွန်တော့်နား ရောက်တဲ့အခါမှာတော့ သူဟာ နွမ်းနယ်နေဟန်နဲ့ အုတ်ခုံပုလေးရဲ့ တစ်ဘက်စွန်းမှာ ထိုင်ချလိုက်ပါတယ်။ ကျွန်တော့်ကိုတော့ သူမမြင်သေးပါဘူး။ ကြားထဲမှာ ရေချမ်းစင်လေးတစ်ခုခြားနေတာကြောင့်ပါ။

ထိုင်ပြီးချင်းပဲ သူဟာ သူ့အိတ်ထဲက ပစ္စည်းပစ္စယတွေကို ထုတ်ကြည့်နေပါတယ်။ သူ့ပစ္စည်းတွေဆီက ချိုးချိုးချွတ်ချွတ်အသံကို ကျွန်တော်ကြားရတယ်။

အဲဒီအချိန်မှာပဲ ကောင်းကင်မှာ တိမ်တွေဟာ ရှင်းသွားတယ်။ လရောင်တွေ မြေပေါ်ကို ပိုပြီးလင်းလင်း

ပပ ဖြာကျလာပါတယ်။ သူဟာလည်း ကျွန်တော့်ကို မြင်သွားခဲ့ပါတော့တယ်။

ကျွန်တော်က သူ့ကိုလန့်သွားလိမ့်မယ်လို့ ထင်တာပါ။ ဒါပေမယ့် သူဟာ လုံးဝလန့်မသွားခဲ့ပါဘူး။

ပထမတော့ သူ့ကိုယ်ကို ယို့ပြီး ကျွန်တော့်ဆီ စူးစမ်းသလို ကြည့်တယ်။ ကျွန်တော်ကတော့ အဲဒီအချိန်မှာ ငေးချင်ရာဆီ လျှောက်ငေးနေပါတယ်။ နောက်တော့ သူ့မျက်နှာ ပြန်လည့်သွားတယ်။

သက်ပြင်းတစ်ခုကို ချလိုက်ပြီး ရှေ့ဆီကိုသာ (ကျွန်တော့်လို) လျှောက်ငေးနေတော့တယ်။

ကြည့်ရတာ ကျွန်တော့်ကို လမ်းတလေတစ်ယောက်၊ အခြေနေမဲ့တစ်ယောက်လို့ ထင်သွားပုံပါပဲ။

ကျွန်တော့်အနေနဲ့ကတော့ သူ့ကို သိပ်စိတ်မဝင်စားမိပါဘူး။ သူဟာ အမှောင်ရဲ့သမီးပျိုတစ်ယောက် ဖြစ်နိုင်ပါတယ်။ သူ့ရဲ့တစ္ဆေတစ်ကောင်လည်း ဖြစ်နေနိုင်ပါတယ်။ တခြားလည်း ဘယ်အရာမဆို ဖြစ်နိုင်ပါတယ်။

ဒါပေမယ့် အဲဒါတွေ အားလုံးဟာ ကျွန်တော့်အတွက် သိပ်အရေးမပါလှပါဘူး။

လောလောဆယ် ကျွန်တော်လုပ်နေမိတာကတော့ ကောင်းကင်ကိုမော့ကြည့်ရင်း ကြယ်တွေကို ငေးမျှော်နေတာပါပဲ။

ဟိုးအဝေး ကောင်းကင်မှာ ကြယ်တွေဟာ ပုံသဏ္ဍာန်အမျိုးမျိုးနဲ့ ရှိနေကြပါတယ်။ ကျွန်တော့်အတွက်တော့ ကြယ်တစ်ပွင့်စီဟာ ပုံပြင်လေးတစ်ပုဒ်စီပဲ။

ငယ်ငယ်ကဆို ကစားဖော်မရှိတဲ့ ကျွန်တော်ဟာ ညမှာ ကြယ်တွေနဲ့၊ နေ့မှာ တိမ်တွေကိုသာ စိတ်ကူးတွေအမျိုးမျိုးယဉ်လို့ ဇာတ်လမ်းတွေ အမျိုးမျိုးဆင်ပြီး ဆော့ခဲ့ရပါတယ်။

ကျွန်တော့်အာရုံထဲမှာတော့ ကြယ်တွေ၊ တိမ်တွေဟာ နန်းတော်ကြီးဗိမ္မာန်ကြီးတွေဖြစ်လိုက်၊ စစ်ခင်းနေကြတဲ့ သူရဲကောင်းတွေဖြစ်လိုက်ပေါ့။ အခုထက်ထိမှာလည်း အဖော်မဲ့နေဆဲ ကျွန်တော်ဟာ ကြယ်တွေကိုငေးတဲ့အကျင့်က မပျောက်သေးပါဘူး။

အဲဒီလို ကျွန်တော်ငေးနေမိစဉ်မှာ သူ့ဘက်ကလည်း အသံတွေ တိတ်ဆိတ်နေပါတယ်။ မသိမသာဖော့ကြည့်မိတော့ နည်းနည်းထူးဆန်းတဲ့ မြင်ကွင်းတစ်ခုကို မြင်ရတယ်။

သူလည်း ကြယ်တွေကို ငေးနေတာပါပဲ။

ဒီအတိုင်းဆိုရင် ကျွန်တော်က အရုဏ်ပျို့လာတဲ့အထိ တောင်တွေးမြောက်တွေးနဲ့ ဒီနေရာမှာ ဆက်ထိုင်နေဖြစ်ဦးမှာပါ။ သူကရော ကျွန်တော့်အနားမှာ ဒီအတိုင်းဆက်ရှိနေဦးမှာလား မသိပါဘူး။ ဘာပဲဖြစ်ဖြစ် ခံစားမှုချင်း

တူတဲ့သူတစ်ယောက်နဲ့ တစ်စုံတစ်ရာအပေါ်မှာ အတူတူ ကြည့်မွေ့နေရမှာကတော့ ကြည်နူးစရာပါ။

တဖြည်းဖြည်းနဲ့ အမှောင်ဟာ နည်းနည်းချင်း ပါးလျလာတယ်။ ညဥ့်ယံရဲ့ ဝိုးတဝါးအရိပ်တွေဟာ တစစ ကွယ်ပျောက်ကုန်ပါတယ်။ လောကဟာ ကောက်ကြောင်း ရေးရေး ပေါ်လာခဲ့တယ်။

အမှောင်ထဲကနေ အရုဏ်တဖျပ်ဖျပ်ဖူးပွင့်လာ ပုံဟာ သိပ်လှပါတယ်။

ဒီအချိန်မှာ လူသူတွေလည်း သိပ်မနိုးထကြသေး လို့ လောကဟာ ဆူဆူညံညံမရှိသေးပါဘူး။

ခုလိုအခိုက်ဟာ နေ့တစ်နေ့ရဲ့ အရိုးခံအကျဆုံး ကာလပါပဲ။ ကြည်ကြည်နူးနူး ကျွန်တော် စောင့်ကြည့် နေမိရင်းနဲ့ သူရော ကျွန်တော့်လို နှစ်ခြိုက်နေမှာလားလို့ သိချင်လာတယ်။ သူ့ဘက် အသာငဲ့ကြည့်ခဲ့မိပါတယ်။

ဒီအခါမှာတော့ ကျွန်တော်ဟာ တော်တော်လေးပဲ အံ့ဩသွားခဲ့ပေါ့။ သူ ကျွန်တော့်အနားမှာ ရှိမနေတော့ ပါဘူး၊ ဘယ်အချိန်က ထွက်သွားမှန်းလဲ ကျွန်တော် မသိ လိုက်ဘူး။

လွတ်နေတဲ့ သူ့နေရာလေးကိုသာ ကြောင်အမ်း အမ်း ငေးကြည့်ရင်း ကျွန်တော်ဟာ အဲဒီတစ်နေ့ရဲ့ အရုဏ် ပျို့လာပုံကို ရင်ထဲတစ်မျိုးတမည် လပ်ဟာရင်းနဲ့ပဲ ကြည့်ရှု ဖြတ်သန်းခဲ့ရပါတော့တယ်။

သူနဲ့ ကျွန်တော်ရဲ့ ဒုတိယအကြိမ်ဆုံတွေ့မှုဟာ ပထမအကြိမ်ဆုံတွေ့ချိန်ကနေ တော်တော်ပဲ ကွာခြားခဲ့ပါတယ်။

ဒီကြားထဲမှာတော့ ကျွန်တော် အဲဒီနေရာလေးကို မကြာမကြာ ရောက်ဖြစ်ပါသေးတယ်။ ရောက်တိုင်းလည်း သူ့ကို ဝိုးတဝါးနဲ့ သတိတရရှိခဲ့တယ်။

ဒါပေမယ့် ကျွန်တော်ကလည်း အဲဒီကို မှန်မှန် မရောက်၊ သူကလည်း ကျွန်တော်မသွားဖြစ်တဲ့ အချိန်တွေ

မှာမှ ရောက်ဖြစ်တယ်နဲ့ တူပါရဲ့။ ကျွန်တော်တို့ချင်း တော်တော်ကြာကြာပဲ မဆုံဖြစ်ခဲ့ကြဘူး။

ဒီတခါ ဆုံကြစဉ်မှာတော့ သူက အရင်ရောက်နှင့်နေပါတယ်။

ကျွန်တော် သူနားရောက်တဲ့အခါမှာ သူဟာ ကျွန်တော့်ဆီ တည့်တည့် လှမ်းကြည့်တယ်။ ပြီးတော့ ယောင်ယောင်ကလေး ပြုံးပါတယ်။

အုတ်ခုံတစ်ဘက်စွန်းမှာ သူ ဖြည်းဖြည်းညင်သာပဲ ဝင်ထိုင်လိုက်တယ်။

ဒီတစ်ခါ ကျွန်တော်တို့နှစ်ယောက်ရဲ့ ပုံစံကတော့ နည်းနည်းအသိအကျွမ်းတွေလိုမျိုးပါ။ ကြားထဲ မတွေ့ဖြစ်ခဲ့တဲ့ရက်တွေမှာ သူရော ကျွန်တော်ပါ တစ်ယောက်ကို တစ်ယောက် သတိတရရှိခဲ့ရင်း စိတ်ထဲက ရင်းနှီးနေကြပါပြီ။

ဒါပေမယ့် နှစ်ယောက်သားဟာ စကားတော့ တစ်ခွန်းမှမပြောဖြစ်ခဲ့ကြဘူး။ ဟိုတစ်ခါကလို တိတ်တိတ်ဆိတ်ဆိတ်ပဲ ကြယ်တွေကို ထိုင်ကြည့်နေခဲ့ကြတယ်။

တကယ်တမ်းတော့ စိတ်ဟာ ကြယ်တွေဆီမှာထက် အချင်းချင်းဆီမှာ ပိုဝေ့ဝဲနေခဲ့ပါတယ်။

မကြာမကြာပဲ ကျွန်တော်သူ့ကို လှမ်းကြည့်ချင်မိတယ်။ ဒါပေမယ့်လည်း ဘာရယ်မသိဘဲ ကြည့်ရမှာလည်း တစ်မျိုးဖြစ်နေခဲ့တယ်။

နောက်ဆုံးမှာတော့... မျက်နှာလေးကြည့်တာပဲ
ာဖြစ်လဲကွာဆိုတဲ့ စိတ်နဲ့ ဝုန်းကနဲ သူ့ဘက်လှည့်မိပါ
တော့တယ်။

တိုက်ဆိုင်လွန်းတယ်လို့ဆိုရမှာပါပဲ။

အဲဒီအချိန်မှာ သူကလည်း ကျွန်တော့်ဘက် လှည့်
ာတာနဲ့ ကြုံတယ်။ နှစ်ယောက်လုံးဟာ မျက်ခုံးတွေ
င့်မိကြပါတယ်။ ပြီးတော့ နှုတ်ခမ်းတွေ စုချွန်ပြီး ပြုံးမိကြ
တယ်။ ပြီးတော့ ရယ်မိကြပါတယ်။

အဲဒါဟာ သူနဲ့ ကျွန်တော်တို့ ရင်းနှီးခဲ့ခြင်းရဲ့
စပါပဲ။

အချိန်တွေ၊ အကြိမ်တွေများစွာပဲ ကျွန်တော်တို့
ာ ညရဲ့ ချောင်ကျကျ လမ်းငယ်လေးထက်မှာ ထိုင်ရင်း
သံမဲ့စွာနှောင်ဖွဲ့မိကြပေါ့။ တစ်ခါတလေ ပြုံးပြမိကြတာ။
စ်ယောက်ကို တစ်ယောက် မသိမသာလေး မျှော်မိကြ
ာကလွဲလို့ ဘာစကားမှ သိပ်မဆိုပြောမိကြပါဘူး။

တစ်ခု ထူးခြားတာကတော့ သန်းခေါင်ကျော်တဲ့
တိုင်ရင် ကျွန်တော်တို့ နှစ်ယောက်လုံးဟာ အဲ့ဒီနေရာ
ေးဆီရောက်ဖြစ်ကြတာပါပဲ။

သူဟာ တစ်ခါတလေတော့လည်း နွမ်းနယ်နေ
န်နဲ့၊ တစ်ခါတလေလည်း တက်ကြွဖြတ်လတ်ဟန်နဲ့
ရာက်လာတတ်ပါတယ်။

အမြဲပဲ ဒီကိုလာကာစမှာတော့ သူမျက်လုံးတွေဟာ ဂနာမငြိမ်ပါဘူး။

ဟိုကြည့်ဒီကြည့်နဲ့ နေရာက အုတ်ခုံလေးပေါ် ထိုင်မိပြီး သူ့ကိုယ်ကို မှောင်ရိပ်လေးထဲ နှစ်မြုပ်ပြီးတော့မှပဲ တည်တည်ငြိမ်ငြိမ် ဖြစ်လာတတ်ပါတယ်။

ညတိုင်းလိုလိုပဲ တိုင်ပင်ထားဖြစ်သလို၊ သူနဲ့ ကျွန်တော်တို့ဟာ အဲ့ဒီနေရာလေးမှာ ဆုံဖြစ်ကြတယ်။

ဒီအချိန်ထိပဲ သူ့အကြောင်းတွေတော့ ကျွန်တော် လုံးလုံး မသိခဲ့ပါဘူး။ သူဟာ ဘယ်သူ၊ သူဘာလုပ်တယ်၊ ဘယ်ကလာတယ်ဆိုတာတွေကို သိပ်တော့လည်း မသိချင်လှဘူး။

သေချာတာတစ်ခုတော့ ရှိပါတယ်။

သူ ဒီနေရာကို လာရတာဟာ ကျွန်တော့်လိုပဲ စိတ်အပန်းလာဖြေတာပါ။ သူဟာ ကျွန်တော့်လို လူတွေကို မုန်းနေတတ်သူလည်းဖြစ်နိုင်တယ်။ လူတွေက မုန်းတာကို ခံနေရသူလည်း ဖြစ်နိုင်ပါတယ်။ ညကို ချစ်တတ်ပုံချင်းမှာတော့ သူရောကျွန်တော်ပါ အတူတူပါပဲ။

တစ်ခါမှာတော့ သူ့အကြောင်းတွေကို ကျွန်တော် ပိုးတဝါးမေးကြည့်ခဲ့ဖူးပါသေးတယ်။ အဲဒီအခါမှာ သူ့အဖြေတွေဟာလည်း ပိုးတဝါးပါပဲ။

"နာမည် ဘယ်လိုခေါ်လဲဟင်"

"နာမည်! အင်း ... တို့မှာ နာမည်မရှိဘူးလို့ပဲ မှတ်လိုက်ပါတော့"

"ဟင် လူဆိုတာ နာမည်တော့ ရှိရမှာပေါ့"

"အင်းလေ ... တို့က လူမှ မဟုတ်တာ"

"ဟုတ်လား... ဒါဆို မင်းကဘာလဲ"

"ကျွန်မလား၊ ကျွန်မက ညမှာမှ ထွက်တာဆိုတော့ သရဲပေါ့။ ဘယ်လိုလဲ ရှင်ကြောက်သွားပြီလား"

"ဟင့်အင်း... မကြောက်ပါဘူး"

"တကယ်"

"အင်းလေ ဘာကြောက်စရာ ရှိလို့လဲ"

"တို့က ဂုတ်ချိုးရင်ကော"

"ဟင်း ... ဟင်း ဇက်ကြောတက်နေတာနဲ့ အတော်ပဲ"

ကျွန်တော့်စကားကြားတဲ့အခါ သူက လွင်လွင်စည်စည်ကလေး ရယ်ပါတယ်။ ရယ်ရင်းကပဲ...

"ရှင် ကျွန်မကို ဘယ်သူဆိုတာရော မသိချင်ဘူးလား"

"မင်းပဲ ပြောတယ်လေ.. မင်းက သရဲဆို"

"အင်း အင်း... ဟုတ်ပါတယ်လေ သရဲပေါ့၊ ဒါပေမယ့် ကျွန်မက နည်းနည်းတော့ပိုဆိုးတယ် ရှင့် သိလား"

ကျွန်တော် ဘာမှဆက်ပြီး မမေးမိတော့ပါဘူး။

အေးမြငြိမ်းချမ်းတဲ့ညကို အလဟဿ အထင် အမြင်တွေနဲ့ မကုန်လွန်စေချင်ဘူး။ သူ့အကြောင်း မသိ တော့လည်း မသိတဲ့အတိုင်းလေးပဲ ထားလိုက်ပါတယ်။

သူနဲ့ ကျွန်တော်ဟာ ခံစားချက်ခြင်းတူတယ်။ ကျွန်တော်တို့ အချင်းချင်းလည်း ခံစားလို့ရကြတယ်။ ဒီလောက်ပါပဲ။

လူတစ်ယောက်နဲ့ တစ်ယောက်မှာ ဒီလောက် လေး နှောင်ဖွဲ့မိကြရင်ပဲ ကျေနပ်စရာပါ။ တခြားအရာ တွေကိုတော့ ကျွန်တော်တို့ဟာ နေ့ကိုမုန်းသလိုပဲ မုန်းတီး စွန့်ပယ်ထားလိုက်ပါတယ်။

ဒါပေမယ့် သူနဲ့ ကျွန်တော့်မှာ ကွဲလွဲနေတာ တစ်ချက်တော့လည်းရှိတယ်။ သူဟာ အရုဏ်ပျိုးလာချိန် ကို ဘယ်တော့မှ စောင့်မကြည့်တတ်တာပါပဲ။

ဒါကို လုတယ်လို့လည်း သူလုံးလုံးမထင်ပါဘူး။

အဲဒီအချိန်ရောက်တာနဲ့ သူလစ်တာနဲ့ ထွက်သွား တော့တာပါပဲ။ အမြဲပဲ အဲဒီအချိန်တွေဆို ကျွန်တော့်မှာ တစ်ယောက်တည်း ကျန်ရစ်ခဲ့ရတတ်ပါတယ်။

တစ်ခါမှာတော့ ကျွန်တော် သူ့ကို ပြောခဲ့ဖူးပါသေးတယ်။

"မပြန်ပါနဲ့ဦးလား၊ အစောကြီးရှိသေးတာပဲ"

"ဟင် ရှင်မေ့သွားပြီးလား... ကျွန်မက သရဲလေ။ နေရောင်ကို မခံနိုင်ဘူးရှင့်"

ကြာလာတော့လည်း ကျွန်တော်မှာ သူနဲ့ခွဲရတဲ့အရက်ချိန်ကို သိပ်မနှစ်မြို့တော့သလိုတောင်ဖြစ်လာခဲ့တယ်။

---

တစ်ခါတလေ သူနဲ့ ကျွန်တော်တို့ စကားတွေပြောနေမိချိန်မျိုး၊ နှစ်ယောက်သား ကြည်နူးနေမိချိန်မျိုးဆိုအရုဏ်ကိုတောင် မလာစေချင်မိတော့ပါဘူး။

များသောအားဖြင့်တော့ ကျွန်တော်တို့ ပြောဖြစ်ကြတဲ့ စကားတွေက ဟိုရောက်ဒီရောက်ရယ်ပါ။ ဒါပေမယ့် ကျွန်တော်တို့အတွက်တော့ ဒါဟာ အင်မတန် လေးနက်ပါတယ်။

သူ့ကို ကျွန်တော်ဟာ ကျွန်တော့်ရဲ့ ငယ်အိပ်မက်တွေအကြောင်း ပြောပြဖူးတယ်။

ကျွန်တော်စိတ်ကူးယဉ်ခဲ့တဲ့ အဖြစ်အပျက်တွေ ... အခုထိ စိတ်ကူးယဉ်နေဆဲ အဖြစ်အပျက်တွေကိုပေါ့။ ကြယ်ပွင့်တွေကို ဓာတ်လမ်းဆင် ဆော့ခဲ့ဖူးတဲ့အကြောင်းတွေ ပြောပြတော့ သူက ရယ်ပါတယ်။

သူလည်း အဲဒီလို ဆော့ခဲ့ဖူးတယ်တဲ့။

သူ့ဘက်ကတော့ ကျွန်တော့်ကို ပြောပြတာတွေ သိပ်မရှိပါဘူး။ ကျွန်တော်ပြောတဲ့ အကြောင်းတွေကိုပဲ သူ ဝင်ငြင်းချင် ငြင်း၊ သဘောတူရင်လဲ သူနဲ့ စိတ်ဝင်တစား လည်း နားထောင်ပေးတတ်ပါတယ်။

အဲဒီလိုနဲ့ တဖြည်းဖြည်းနဲ့ပဲ ကျွန်တော်တို့ဟာ ပိုရင်းနှီးလာကြတယ်။

သူနဲ့တွေ့ရတဲ့ ကာလတိုလေးကို ပျော်တယ်။ စကားတွေပြောမိနေကြရင်း ညကို အတူတူခံစားမိနေကြ ရင်း အလင်းရောင်လာမှာကိုတောင် ကြောက်လာမိတယ်။

ဖွင့်မပြောဖြစ်ကြပေမယ့် သူနဲ့ ကျွန်တော်ဟာ တကယ့်တွယ်တာသူတွေလိုပဲ။ သူဟာ ဘယ်လိုဖြစ်ဖြစ်၊ ပဟေဠိဘာယ်လိုပဲ ဆန်ဆန်၊ ရင်ခုန်ပုံခြင်းတူတဲ့အတွက် ကျွန်တော်တို့ဟာ သံယောဇဉ်ချင်း နီးစပ်လာကြပါတော့ တယ်။

မလာပါနဲ့ဦး အလင်းရောင်ရယ်
တို့နှစ်ယောက်ရဲ့အမှောင်ကို မဖျက်ဆီးပါနဲ့ဦး
ညှိုးလျှနေတဲ့ ငါ့ချစ်သူဝိညာဉ်လေးကို
မလွှင့်ပါးပါစေနဲ့ဦး
တို့ရဲ့...
ဖြူလွင်သန့်စင်တဲ့ အကြင်နာလေးကို နားလည်ပါ
မခွဲနိုင်မခွာရက်တဲ့ တွယ်တာမှုလေးကို စာနာပါ
ဖြစ်နိုင်မယ်သာဆိုရင် အလင်းရောင်ရယ်
အချိန်ခဏလောက်လေးတော့ ဆိုင်းပေးပါ
တို့ဘဝ မီးလျှံငြိမ်းချိန်မှ
မင်းပြန်ထွန်းပလဲ
ဘယ်သူက မင်းကို အပြစ်ဆိုမှာမို့လဲကွယ်



တစ်နေ့မှာတော့ သူဟာ လာနေကျနေရာလေးဆီ မလာပါဘူး။

ပထမတော့ ကျွန်တော် စိတ်ညစ်သွားတယ်။ နောက်တော့မှ ပြန်စဉ်းစားမိပါတယ်။ သူနဲ့ ကျွန်တော်ဟာ နေထိုင်ပုံခြင်း မတူလှပါဘူး။

သူဟာ သူ့ကိုယ်သူသရဲလို့ ပြောထားဖူးသလိုပဲ အင်မတန် အငွေ့ဆန်ပါတယ်။ အဲဒီတော့ ဖမ်းယူဆုပ်ကိုင်ဖို့ ခက်တာကို ကျွန်တော်က သွားတမ်းတနေခဲ့ရင် ကျွန်တော့် အမှားပဲ ဖြစ်လိမ့်မှာပါ။

အဲဒီတစ်နေ့မှာတော့ ဟိုးအရင် သူနဲ့မတွေ့စဉ်က လိုပဲ သွေ့သွေ့ခြောက်ခြောက်သာညကို ဖြတ်သန်းခဲ့ရပါတယ်။

ညနဲ့ကြယ်တွေကတော့ အရင်အတိုင်း လှနေကြပါပဲ။

နောက်တစ်ညမှာတော့ အရင်အတိုင်း သူပြန်ရောက်လာပါတယ်။ ဒါပေမယ့် သူ့မျက်လုံးဟာ ပိုပြီးဂနာမငြိမ် ဖြစ်လာတယ်။ ကျွန်တော်နဲ့အတူ ထိုင်နေရင်း သက်ပြင်းတွေလည်း ခဏခဏချတယ်။

ပြီးတော့မှ တစ်ခုခုဆုံးဖြတ်ဟန်နဲ့ ကျွန်တော့်ဘက်လှည့်လို့ စကားတွေပြောလာပါတယ်။

"တကယ်လို့သာ ဒီနေရာကို တို့ဘယ်တော့မှ မလာခဲ့ရင် ရှင် ဘယ်လိုလုပ်မလဲ"

"ဘယ်လိုမှ မလုပ်ဘူး"

"ဟင်! ဘာဖြစ်လို့..."

"မင်းကို ကိုယ် ဒီနေရာလေးမှာပဲ တွေ့ခဲ့ရတာပဲ၊ တကယ်လို့ ဒီနေရာကို မင်းမလာတော့ရင်ရော ဘာလုပ်နိုင်မလဲ၊ မင်းလာတဲ့အထိ စောင့်ရုံပဲ ရှိတော့တာပေါ့"

"ကျွန်မ လာလိမ့်မယ်လို့ရော ရှင် ယုံသလား"

"အင်း... ယုံတယ်"

"တကယ်လို့ ကျွန်မက ရက်တွေအများကြီး နှစ်တွေ အများကြီး မလာဘဲ နေခဲ့ရင်ကော"

"ကိုယ် မသေမချင်းအထိတော့ စောင့်ဖြစ်နေဦးမှာပေါ့"

နောက်တော့ သူဟာ အကြာကြီး တိတ်ဆိတ်သွားပါယ်။ ပြီးမှ တိုးတိုးလေးပြောတယ်။

"အဲဒါ ကောင်းတယ်"တဲ့။

ကျွန်တော်ကတော့ ဘာမှန်း နားမလည်လိုက်ပါဘူး။ ဒါပေမယ့် နားမလည်တဲ့အတိုင်းလေးပဲ ထားလိုက်တယ်။

ဒီရက်ပိုင်းတွေမှာ သူဟာ ထူးခြားလာတာတော့ အမှန်ပါပဲ။ ကျွန်တော့်မျက်နှာကို ပိုပြီး ငေးငေးမောမောကြည့်လာတယ်။ တစ်ရက်မှာတော့ သူဟာ ကျွန်တော့်လက်မောင်းတွေကို လာကိုင်ပါတယ်။

ကျွန်တော့်ရင်ထဲနွေးကနဲ ဖြစ်သွားတယ်။ နူးညံ့တဲ့သူ့လက်တွေရဲ့အထိအတွေ့ဟာ မေ့မူးလောက်စရာပါပဲ။

ပြီးတော့ သူက ပြောလာပါတယ်။

"ကျွန်မ ရှင့်ကို နမ်းချင်တယ်"

"ဟင့်အင်း၊ မနမ်းနဲ့"

"ဘာလို့လဲ"

"ဘာလို့ဆိုတော့... ကိုယ်လည်း မင်းကို နမ်းချင်နေလို့ပဲ"

လိုက်ဖိုစွာ ကျွန်တော်တို့နမ်းဖြစ်ကြပါတယ်။

ပြီးတော့ တစ်ယောက်ကို တစ်ယောက် အကြာကြီး ကြည့်မိကြတယ်။ ကျွန်တော်တို့ရဲ့ အကြည့်တွေထဲမှာ တသီးတသန့်မပြောဖြစ်ကြတဲ့ စကားတွေအများကြီးပါသွားသလိုပါပဲ။

တော်တော်ကြာမှ သူက သက်ပြင်းတစ်ခုနဲ့အတူ မျက်နှာလွှဲသွားတယ်။ နောက်တော့ တိုးတိုးလေး တောင်းဆိုလာပါတယ်။

"ကျွန်မကို သီချင်းဆိုပြပါလား"

"ဟင်... သီချင်းဆိုရမယ်"

"ဟုတ်တယ်၊ ကျွန်မငယ်ငယ်ကဆို ခုလိုညဘက်တွေမှာ ဖေဖေက တယောထိုးပြီး သီချင်းတွေဆိုပြဖူးတယ်။ သိပ်နားထောင်လို့ကောင်းတာပဲ"

"ကိုယ်က မင်းအဖေမှ မဟုတ်တာ... ပြီးတော့ ကိုယ် တယောလည်း မထိုးတတ်ဘူး"

"ရပါတယ်၊ ဒီအတိုင်းပါးစပ်နဲ့ပဲ ဆိုပြပေါ့။ ရှင်က ဖေဖေမဟုတ်ပေမယ့် ကျွန်မကတော့ ဖေဖေ့လိုပဲ ရှင့်ကိုချစ်တယ်"

ဒါဟာ ကျွန်တော် ပထမဆုံးကြားရဖူးတဲ့ သူ့အကြောင်းနဲ့ သူ့ရင်ထဲက အကြောင်းတွေပါပဲ။ သူ့ကို ကြင်နာစွာပဲ ကျွန်တော် ဆိုပြဖြစ်ပါတယ်။

"မြန်မာသီချင်းတော့ မဆိုတတ်ဘူး

"ရပါတယ်၊ ရတဲ့သီချင်းဆို..."

သူ့ကို အင်္ဂလိပ်သီချင်း နှစ်ပုဒ်ဆိုပြခဲ့ပါတယ်။ .temal Flame နဲ့ If we hole on together သီချင်းရိုးရိုးကလေးတွေပါ။ သူဟာ တစ်ခုံတမင်ပဲ နားထောင်ပါတယ်။ ကျွန်တော့်ပခုံးပေါ် ခေါင်းမှီ မျက်လုံးကလေးမှိတ်လို့ပေါ့။

သီချင်းဆုံးသွားတော့ သူက ပြောတယ်။

"ကောင်းတယ်နော်၊ စာသားတွေကရော ဘယ်လို အဓိပ္ပါယ်လဲဟင်"

ကျွန်တော်ဟာ တစ်ခုတ်တရပဲ သူ့ကို ပြောပြဖြစ်ခဲ့ပါတယ်။

နင့်မျက်လုံးတွေကို မှိတ်လိုက်
ငါ့ကို လက်ကလေးတစ်ဘက် ကမ်းလိုက်ပါ
ချစ်သူ...၊
ငါ့ ရင်ခုန်သံကို ထိတွေ့ရရဲ့လား
မင်းနားလည်ရဲ့လား
ငါ့လိုပဲ အတူတူခံစားရရဲ့လား
ငါအိပ်မက်နေတာများလားကွယ်... ...

သူဟာ မျက်နှာလေး ငိုင်သွားပါတယ်။ ပြီးတော့ နောက်တစ်ပုဒ်ကို ကျွန်တော်ဆက်ပြောပြမိတယ်။

*တို့လက်တွေ အတူဆုပ်ကိုင်ထားကြရင်*
*အိပ်မက်တွေ သေဆုံးမသွားနိုင်ဘူးလို့ သိတယ်*
*နင့်နဲ့ငါ့အတွက်...*
*တိမ်တွေ လွင့်နေတဲ့ကြားက*
*အိပ်မက်တွေကို အမြဲ*
*မြင်နိုင် ဖြတ်သန်းနိုင်ကြပါလိမ့်မယ်...*

ကျွန်တော့်အသံ ဆုံးသွားတော့ သူဟာ ကျွန်တော့် လက်ကို လာကိုင်ပါတယ်။ သူ့မျက်လုံးတွေကိုလည်း မှိတ်ထားတယ်။ ဒါပေမယ့် မျက်ရည်တွေ တစ်စွန်းတစနဲ့ပါ။

အဲဒီလိုနဲ့ပဲ ကျွန်တော်ဟာ တစ်စုံတစ်ခုကို နည်းနည်းချင်း ရိပ်မိစပြုလာပါတယ်။ သူနဲ့ ကျွန်တော့်ရဲ ညတွေဟာလည်း ကြေကွဲရိပ်တွေသန်းလာခဲ့တယ်။

တကယ်တမ်း... ကျွန်တော်ကြောက်လန့်မိတဲ့ တစ်စုံတစ်ရာကို ထိတွေ့ခဲ့ရတာကတော့ အတော့်ကို အရုဏ်စောရောက်တဲ့ ညတစ်ညမှာပါ။

အဲဒီညမှာ သူနဲ့ကျွန်တော်ဟာ စကားသိပ်မပြောမိကြပါဘူး။ သူဟာ ကျွန်တော့်ပခုံးပေါ်လေးမှာပဲ အကြာကြီး

မှီထားခဲ့တယ်။ အဲ့ဒီအချိန်မှာပဲ ကျွန်တော်တို့ဆီ လျှောက်လာတဲ့ ခြေသံတွေကို ကြားရပါတယ်။

သူဟာ အနောက်ဘက် လှည့်ကြည့်ခဲ့ပါသေးတယ်။ ပြီးတော့ ပေါ့ပေါ့ပါးပါးပဲ ပြန်လှည့်လာတယ်။

ကျွန်တော်ကတော့ သူမှီထားတာလေး ပျက်မှာစိုးလို့ လှည့်ကြည့်မနေတော့ပါဘူး။

ခြေသံတွေ တဖြည်းဖြည်းနီးလာချိန်မှာ သူကတိုးတိုးသက်သာပဲ ကျွန်တော့်ကို ပြောလာပါတယ်။

"ရှင် ကျွန်မကို တစ်ခုကတိပေးမလားဟင်"

"ပြောလေ"

"ကျွန်မကို ဘယ်တော့မှ လိုက်မရှာပါနဲ့နော်၊ ကျွန်မရဲ့ နေ့ဘက်ဘဝထဲမှာ ရှင့်ကို မတွေ့ချင်ဘူး။ နောင် ဒီကို ကျွန်မ မလာနိုင်တော့တဲ့အခါလည်း ရှင်ဒီနေရာမှာပဲ စောင့်ပါနော်၊ တစ်ချိန်ချိန်မှာတော့ ကျွန်မ ရှင့်ဆီ အသေအချာကို ပြန်လာခဲ့မှာပါ"

ကျွန်တော် ဘာမှပြန်မပြောမိပါဘူး။

ခေါင်းလည်း ညိတ်မပြမိဘူး။ သူ့လက်ကလေးကိုသာအသာဆုပ်ကိုင်ထားလိုက်တယ်။ ဒါဟာ ကျွန်တော့်ရဲ့ အဖြေပါပဲ။

သူလည်း ကျေနပ်သွားဟန်နဲ့ သက်ပြင်းလေး တစ်ချက်ကို ချတယ်။

အဲ့ဒီအချိန်မှာပဲ ခြေသံတွေဟာလည်း ကျွန်တော်တို့နားကို ရောက်လာပါတယ်။ သူဟာ ကျွန်တော့်လက်ကို အသာရုန်းလို့ ထထွက်သွားလိုက်တယ်။

လာနေတဲ့ခြေသံနဲ့ သူသွားတဲ့ခြေသံတွေဟာ လမ်းခုလပ်မှာ ဆုံတယ်။ ပြီးတော့ ခဏရပ်နေကြတယ်။ နောက်ဆုံးမှာတော့ ခြေသံတွေအားလုံး တရွေ့ရွေ့ ဝေးသွားပါတော့တယ်။

သူဟာလည်း အဲ့ဒီခြေသံတွေနဲ့အတူ ပါသွားခဲ့ပါပြီ။

ကျွန်တော်ကတော့ နေရာမှာပဲ ဆက်ထိုင်နေဖြစ်ပါတယ်။ သူ့ကို မြင်ချင်ပေမယ့် လှည့်တော့ မကြည့်ခဲ့မိပါဘူး။ သူမသိစေချင်တဲ့ သူ့ဘဝကို ကျွန်တော်လည်း သိမသွားခဲ့ချင်လို့ပါ။

သူ့ကို လာခေါ်တဲ့ ခြေသံရှင်တွေဟာ အမျိုးမျိုးပဲ ဖြစ်နိုင်ပါတယ်။

သူသာ အမှောင်လူတစ်ယောက်ဆိုရင်တော့ လာခေါ်သွားတာဟာ ရဲတွေဖြစ်နိုင်ပါတယ်။

သူဟာ သရဲတစ်ကောင်ဆိုရင်တော့ လာခေါ်တာဟာ သရဲတစ္စေအုပ်စုလည်း ဖြစ်နိုင်တယ်။

ဒါပေမယ့် အဲ့ဒီထဲမှာတော့ ကျွန်တော်က သူ သရဲဖြစ်နေမှာကို ပိုသဘောကျပါတယ်။

ဘာပဲဖြစ်ဖြစ် သူထွက်သွားတာကြောင့် ကျွန်တော့်ရဲ့ညဟာတော့ ပိုမှောင်သွားရပါတော့တယ်။

ကျွန်တော်ကတော့ နောက်ထပ်ညပေါင်းများစွာပဲ ဒီနေရာလေးမှာ ဆက်စောင့်ရဦးမှာပါ။ ပြောထားဘူးတဲ့ သူ့စကားကို ကျွန်တော်ယုံပါတယ်။

တစ်ချိန်ချိန် အနာဂတ်ရဲ့ တစ်နေ့နေ့မှာတော့...

သူနဲ့...

ပြန်ဆုံကောင်းဆုံရလိမ့်မယ် ထင်ပါတယ်။



# ကျိုးပဲ့မယ်ဆိုဒီ

## ကျိုးပဲ့မယ်လိုဒီ

ကိစ္စအားလုံးအတွက် အဓိက မိုက်မဲခဲ့သူမှာ သူ ဖြစ်သည်ဆိုပါလျှင် ဒုတိယမိုက်မဲသူမှာတော့ ကျွန်တော် ကိုယ်တိုင်ပင် ဖြစ်ပါလိမ့်မည်။ ဆိုးရွားမှားယွင်းစွာပင် ကျွန်တော်က သူပြောသမျှယုံခဲ့မိ၏။

"တို့က သူ့တစ်ယောက်တည်းကို ချစ်တာ"

ဆိုလည်း ယုံခဲ့၏။

"တို့ ကွယ်ရာမှာ သူများတွေ ဘာပဲပြောပြော မယုံရဘူးနော်။ တို့က လှတယ် မဟုတ်လား၊ နောက်ပြီး မိဘအသိုင်းအဝိုင်းကလည်း ချမ်းသာတော့ တို့ကို မနာလိုတဲ့သူတွေများတယ်လေ။ အဲ့ဒီတော့ လူတော်တော်များများက တို့ အကြောင်းဆို အကောင်းသိပ်ပြောချင်ကြတာ မဟုတ်ဘူး ...

... တို့ဟာတို့တော့ သူတို့စကားတွေကို ဂရုမစိုက်ပါဘူးလေ။ ကိုယ်ကောင်းရင် ပြီးတာပဲ မဟုတ်လား၊ အခု သူ့အတွက်သာ ပြောရတာပါ။ သူ ဘေးစကားတွေကြားပြီး နောင် တို့ကို အထင်လွဲသွားမှာစိုးလို့ ကြိုပြောထားရတာ"

ဆိုလည်း ယုံခဲ့၏။

"တို့မှာ အရင်က ချစ်ဖူးဖို့ မပြောနဲ့၊ အချစ်ဆိုတာကိုတောင် ဘာမှန်းသိခဲ့တာ မဟုတ်ဘူး"

ဆိုလည်း ယုံခဲ့၏။

ထိုသို့ ယုံခဲ့ခြင်းကြောင့်ပင် ကိုနိုင်ကြီးစကားတို့ကို မယုံမိခဲ့ခြင်းဖြစ်သည်။ ယင်းမှာ ကျွန်တော်၏ ပြန်လည်ပြင်ဆင်၍ မရတော့သော အမှားတစ်ခုသာ ဖြစ်ကြောင်းကို ကာလအတန်ကြာမှပင် သိခွင့်ရခဲ့၏။ ထိုစဉ်ကတော့ ...

(၁)

စတွေ့သည်မှ ငါးလ နှစ်ပတ် နှင့် သုံးရက်တိတိ အကြာတွင် သူနှင့်ကျွန်တော် ချစ်သူတွေဖြစ်ခဲ့ကြ၏။ ချစ်သူ ဖြစ်ဖြစ်ခြင်းမှာပင် သူတောင်းသည့်ကတိမှာ ...

"သူ တို့ကို မချုပ်ချယ်ရဘူးနော်"

ဟူ၍ဖြစ်ကာ ယောကျ်ားတန်မဲ့နှင့် ကျွန်တော် ပြန်တောင်းခဲ့ သည်မှာတော့

"လတ်လတ် ကျွန်တော့်ကို ဘယ်တော့မှ သစ္စာ
ဖောက်မသွားရဘူးနော်"

ဟူ၍ ဖြစ်သည်။

ထိုစဉ်ကတော့ နှစ်ဦးစလုံးပင် သဘောတူ ခေါင်းညိတ်ခဲ့ကြ၏။ သို့သော် သူကတိမတည်ခဲ့။ ယင်းကိုလည်း ကျွန်တော့်မှာ ကာလအတော်နှောင်းမှပင် သိခဲ့ရ၏။ ကိုယ်တိုင် ရိုးသားသူတစ်ယောက်မို့ သူ့ကိုလည်း ရိုးသားလိမ့်မည်ထင်ခဲ့သည်။ ထို့ကြောင့်ပင် အစောပိုင်း ကိုနိုင်ကြီးပြောစဉ်က စကားများကို မယုံကြည်မိခဲ့ခြင်း ဖြစ်၏။

❄ ❄ ❄

ပထမတော့ ကိုနိုင်ကြီးကို နောက်နေသည်ဟု ထင်သည်။ နောက်မှပင် သူ၏ တည်ကြည်လေးနက်သော အမူအရာကြောင့် အတည်ပြောနေခြင်းဖြစ်မှန်း သိ၏။ သို့သော် မယုံကြည်။

ကျွန်တော့်မှာ ချစ်သူရှိနေပြီဖြစ်ကြောင်း ညီအစ်ကိုလိုတစ်မျိုး၊ သူငယ်ချင်းလိုတစ်သွယ် ခင်မင်ရသည့် ကိုနိုင်ကြီးကို စတင်အသိပေးဖြစ်တော့ သူက အားရဝမ်းသာပင် ပြောနေသေး၏။

"ဟာ တယ်ဟုတ်ပါလားကွ၊ မင်းတောင် ရှိုးတယ် ရှိုးတယ်နဲ့ ရည်းစားတွေဘာတွေ ရနေပါပေါ့လား၊ ဒါနဲ့ ကောင်မလေးကရော ဘယ်ကလဲကွ"

ကျွန်တော်ကလည်း ဂုဏ်ယူဝင့်ကြွားစွာပင် ပြန်ဖြေလိုက်မိသည်။

"ကျွန်တော်တို့ ကျောင်းထဲကပဲ အစ်ကိုရ။ ကျွန်တော်နဲ့ မေဂျာချင်းတော့မတူဘူး။ သူနေတာကတော့ ဟိုဘက်ရပ်ကွက်လေးမှာတင်ပဲ"

"ဟာ ... ဟုတ်လား၊ ဟိုဘက်ရပ်ကွက်ကဆို ငါသိတာများတာပဲကွ၊ ငါ့အသိထဲကများ ဖြစ်နေမလား မသိဘူး ... အင်း မင်းကောင်မလေး နာမည်က ဘယ်သူတဲ့လဲ"

"လတ်လတ်ဝေတဲ့ အစ်ကိုရ"

ထိုစကားအရောက်၌ ကိုနိုင်ကြီးမျက်နှာ ရုတ်တရက် တည်သွားခဲ့၏။ ကျွန်တော့်ကို စူးစူးစိုက်စိုက်ပင် ကြည့်၍ ထပ်မေးသည်။

"လတ်လတ်ဝေ ဟုတ်လား၊ ဟို ဆံပင်တိုတို၊ အသားဖြူဖြူ၊ မျက်နှာဝိုင်းဝိုင်းနဲ့ ဒေါက်မြင့်ဖိနပ် အမြဲစီးတတ်တဲ့ တစ်ယောက်လား"

"အင်း ... အင်း ... ဟုတ်တယ် ကိုနိုင်ကြီး၊ ဘာလဲ ကိုနိုင်ကြီးက သူ့ကိုသိလို့လား"

ကိုနိုင်ကြီးက သက်ပြင်းကို ဖွဖွရှိုက်ထုတ်၏။ ပြီးတော့...

"သိပ်သိတာပေါ့ကွာ" ဟု ပြောသည်။

ထို့နောက် ကျွန်တော်မသိခဲ့သော လတ်လတ်ဝေ၏ နောက်ကြောင်းများကို တစ်လုံးချင်း ရေရွတ်ပြောဆိုလေတော့၏။ သူပြောသမျှတို့မှာ လတ်လတ်နှင့်ပတ်သက်၍ ကျွန်တော် တင်ကြိုထင်မှတ်သမျှတို့နှင့် လုံးဝပင် ဆန့်ကျင်နေသော အကြောင်းအချက်များဖြစ်ကာ ကျွန်တော် လုံးဝပင် မယုံကြည် လက်မခံနိုင်သည့် အကြောင်းအချက်များလည်း ဖြစ်ပါသည်။

သူပြောပြသည့် လတ်လတ်ဝေ၏ အတိတ်တို့အရ ...

လတ်လတ်သည် အရွယ်ရောက်ပြီးသည့်အချိန်ကတည်းက လှပအပြစ်ကင်းသည့် မျက်နှာကလေးနှင့် မလိုက်အောင်ပင် မိန်းကလေးတန်မဲ့ ရှုပ်ပွေခဲ့သည်တဲ့။ ရည်းစားတွေ ထည်လဲတွဲကာ နည်းမျိုးစုံဖြင့် လှည့်စားအနိုင်ယူတတ်သည်တဲ့။ အဆိုးရွားဆုံးမှာတော့ သူကယောကျ်ားတွေကို အရှုးလုပ် ကစားတတ်ခြင်းပဲဖြစ်ကာ ကိုနိုင်ကြီးအတွက် ထိုကိစ္စကို မျက်ဝါးထင်ထင် သိမြင်ခဲ့ရသည်မှာတော့ ၄င်း၏ တစ်ဦးတည်းသော ညီငယ်ကြောင့်ပင် ဖြစ်ပါသည်တဲ့။

ယခုအခါ ဂျပန်၌ အပြီးအပိုင်ပင် သွားရောက်နေထိုင် အလုပ်လုပ်ကိုင်နေပြီဖြစ်သည့် ထိုညီငယ်မှာ လတ်လတ်ဝေ၏ အရှုံးလုပ် လှည့်စားခြင်းကို ခံခဲ့ရသူများထဲမှ တစ်ယောက်သော သားကောင်တစ်ကောင် ဖြစ်ခဲ့ကာ၊ ထိုမှ အကျိုးသက်ရောက်မှုတို့ကြောင့်ပင် ၄င်းမြန်မာပြည်ကို ဘယ်တော့မှ ပြန်မလာတော့ခြင်းပါတဲ့။

ပထမတော့ ကိုနိုင်ကြီးကို နောက်နေသည်ဟု ထင်သည်။ နောက်မှပင် သူ၏ တည်ကြည်လေးနက်သော အမူအရာကြောင့် အတည်ပြောနေခြင်းဖြစ်မှန်း သိ၏။ သို့သော် မယုံကြည်။

တောက်လျှောက်ပင် ပြောသွားသည့် ကိုနိုင်ကြီး၏ စကားသံတို့က ကျွန်တော့်နားဝတွင် ပဲ့တင်ထပ်၍နေသည်။ အာရုံတွင် သူ၏ ချစ်စဖွယ် ရိုးစင်းဟန် မျက်နှာလေးကိုသာ မြင်ယောင်လာ၏။ ထိုမျက်နှာကလေးနှင့် သူသည် ကိုနိုင်ကြီး ပြောသလို ဖြစ်နေလိမ့်မည်ဟု ဘယ်လိုမှပင် ထင်ရက်စရာမရှိ။ ထို့ကြောင့်ပင် ထိုစဉ်တုန်းကတော့ ကျွန်တော်လည်း လုံးဝပင် ထိုသို့မထင်မိခဲ့ပါ။

အားနာ၍သာ ကိုနိုင်ကြီးပြောသမျှကို နားထောင်နေရ၏။ သူ့အကြောင်း စကားတို့က ဘယ်ဘက်နားမှဝင်၍ ညာဘက်နားမှ ပြန်ထွက်ကာ လေထဲတွင် ခပ်လွှယ်လွှယ်ပင်

လွင့်ပျက် ပျောက်ကွယ်သွားကြသည်။ ကိုနိုင်ကြီးကလည်း တရစပ်ပင် ပြောပြီးမှ အားနာသည်ထင်၏။

"အင်း ... အဲဒါတွေအကုန်လုံးဟာ ဟိုတုန်း ကတော့ ... ဟိုတုန်းက ဖြစ်ခဲ့တာတွေချည်းပဲကွ၊ ခု မင်းနဲ့မှာ ကောင်းချင်လည်း ကောင်းနေမှာ ပေါ့ကွာ"

ဟု စကားတို့ကို ပြန်ဖော့၍ အဆုံးသတ်သည်။

ကျွန်တော်လည်း စေတနာဖြင့် သတင်းလာပေး သူမို့ မကောင်းတတ်သည်နှင့် ...

"အင်းလေ ... သူ ဟိုတုန်းက ဘာတွေဖြစ်ခဲ့ ဖြစ်ခဲ့ ... ခု ကျွန်တော့်လက်ထဲမှာ ကောင်းနေရင် ပြီးတာပါပဲ ကိုနိုင်ကြီးရာ"

ဟုပင် ပြန်ပြောလိုက်၏။

ပြောသာပြောလိုက်ရသည်။ တကယ်တမ်းမှာ တော့ သူ့ကို အရင်ကရော အခုပါ ဖြူစင်လိမ့်မည်ဟု ထင်၏။ သူကြိုပြောထားခဲ့သလိုပင် (သူ့အကြောင်း မကောင်းသတင်းတို့ကို) ချဲ့ကားထားသော ဘေးစကားများ မျှဟုသာ ထင်သည်။ ထို့ကြောင့်ပင် သူ့ထံ ကျွန်တော် ပိုမိုနက်ရှိုင်းစွာ ပျော်ဝင်ခဲ့မိခြင်းပဲဖြစ်၏။

❄ ❄ ❄

ကိုနိုင်ကြီး သူ့အကြောင်းပြောသမျှတို့က ရက်သိပ်မကြာခင်မှာပင် လုံးဝကို မေ့မေ့ပျောက်ပျောက် ဖြစ်သွား၏။ သူနှင့် ချစ်သူဘဝ အစပိုင်းရက်စွဲများကို သက်ာကင်းစွာဖြင့်ပင် ဆက်၍ ဖြတ်သန်းမိခဲ့သည်။

သူနှင့် ကျွန်တော်တို့ကြားတွင် ပြဿနာ တစ်စုံတစ်ရာဟူ၍ မရှိခဲ့။ အနည်းငယ်မျှလောက်သော သဘောထားကွဲလွဲမှုလေးသည်ပင် မရှိ ဖြစ်ခဲ့၏။

ထို့ကြောင့်ပင် သူ့ကို ပို၍ ယုံကြည်မြတ်နိုးရသည်။ သူ့အနားတွင် သံသယကင်းစွာနေရင်း တဖြည်းဖြည်းနှင့် အချစ်တို့က ပိုမိုလေးနက်ခိုင်မြဲခဲ့ရ၏။

ကြုံကြိုက်မိသည့် တစ်ကြိမ်သောအခါတွင် သူ့အကြောင်း ကိုနိုင်ကြီး၏ စကားတို့ကိုပင် ရယ်စရာ မောစရာအဖြစ် ပြန်ပြောမိခဲ့သေးသည်။

"လတ်လတ်အကြောင်းကို တို့အသိတစ်ယောက်ကတောင် အရင်က ပြောဖူးသေးတယ်" ဟု အစချီလျက် ပြောမိသည့်အခါ သူက မူဟန်မရှိ။ ပေါ့ပါးစွာပင်နားထောင်၏။ ကျွန်တော့် စကားအဆုံးတော့ ရယ်၍ပင်နေသေးသည်။

"သူ အဲ့ဒါတွေကို ယုံလား" ဟု ကျွန်တော့်ကို အရယ်မပျက်သည့် မျက်နှာနှင့်ပင် မေး၏။

ကျွန်တော် မြန်မြန်ဆန်ဆန်ပင် ခေါင်းခါမိခဲ့သည်။ သူ့တစ်မျက်နှာထဲကိုသာ ယုံမှတ်၍ သူ့အနားတွင် ကြောင့်

ကြမ့် ဆက်လက် ပျော်ရွှင်ခဲ့ရ၏။ ကြည်နူးဖွယ်ကာလတို့မှာ ပထမဦးဆုံး အဖြစ်အပျက်တို့ မဖြစ်ပွားခင်အထိပင် ဖြစ်သည်။

(၂)

ကြားကြားရခြင်းမှာကတော့ ကိုနိုင်ကြီး စကား
...နှုန်းကလိုပင် ကျွန်တော် မယုံကြည်မိ။ သို့သော် တဖြည်း
...ဖြည်း လူပြောသူပြောများလာသောအခါ ကျွန်တော် နည်း
...နည်းတွေဝေလာရ၏။

ဟုတ်နိုင်သည် မဟုတ်နိုင်သည်အပထား သတင်း
...ကားများကိုတော့ သေသေချာချာပင်မေးမြန်း နားထောင်

မိခဲ့သည်။ ကျွန်တော်တို့ကျောင်းကလေးက ကျဉ်းသည်မို့ သူ့ကိစ္စကို ပိုလို့လူပြောများရ၏။

"သူ့မှာ ကျွန်တော့်အပြင် နောက်ထပ် ချစ်သူရှိနေခဲ့သည်" တဲ့။

အရင်ဆုံး ကြားရသည်မှာ ထိုသတင်းစကားပင်ဖြစ်သည်။ တွေ့သူတိုင်းကပင် ကျွန်တော့်ကို ပြောကြ၏။ ခင်မင်သူများက တိုက်ရိုက်ပြောကြသော်လည်း ကျွန်တော်နှင့် မသိကျွမ်းသူများကတော့ တိုးတိုး မကြားတကြားနှင့် ပြောကြလေသည်။

ကနဦး ကြားရစဉ်ကတော့ စိတ်ပင်တိုမိ၏။ အလကား ကိုယ့်ထမင်းကိုယ်စားပြီး သူများအကြောင်း လျှောက်ပြောနေကြတယ်ဟု ဒေါသပင် ထွက်မိသေးတော့သည်။ နောက်ပိုင်းကျမှ သူတို့ဟာသူတို့ အလုပ်မရှိ အလုပ်ရှာပြောသည်ကတစ်ပိုင်း၊ ကျွန်တော်နှင့် တိုက်ရိုက်ပတ်သက်နေသဖြင့် စိတ်ဝင်တစားရှိရမည်က တစ်ပိုင်းဟု သဘောထားကာ လတ်လတ်အကြောင်း သတင်းစကားတို့ကို နားစွင့်ဖြစ်တော့၏။

သတင်းစကားတို့က ပို၍ပို၍ ခိုင်မာလာသည်။ သေသေချာချာပင် တိကျလာခဲ့၏။

"သူနှင့် ယခုတွဲနေသော ထိုတစ်ယောက်မှာ ကျွန်တော့်လို တက္ကသိုလ်ကျောင်းသားတစ်ဦး မဟုတ်ဘဲ အပြင်ပမှဖြစ်ပါသည်" တဲ့။

"အသားဖြူဖြူ အရပ်မြင့်မြင့်နှင့် နေကာမျက်မှန် အမြဲတပ်ကာ နှုတ်ခမ်းမွှေးစစ ရှိသည်" တဲ့။

သူနှင့် ထိုလူ လက်မောင်းချင်း ချိတ်တွဲသွားလာသည်ကို တွေ့သည် ဆိုသူတို့ကလည်း မရှား။ သူ့ကို တစ်ခါတစ်လေ ကျောင်းအကြိုအပို့ပင် လုပ်ပေးတတ်သည့် ထိုသူ၏ကားနံပါတ်ကို မှတ်မိသူတို့ကလည်းမရှား။ သတင်းစကားတစ်ခုကြားတိုင်းပင် ကျွန်တော့်မှာ ပြင်းစွာ တုန်လှုပ်ခဲ့ရ၏။

တဖြည်းဖြည်း နားနှင့်မဆန့်အောင် ကြားလာရတော့ ကျွန်တော့်မှာ ခံနိုင်ရည်မရှိအောင်ပင် ဖြစ်ရသည်။ သူ့အကြောင်း သတင်းစကားတို့ကို ကျွန်တော့်အား လက်ညှိုးထိုး ရှုံ့ချသံများပမာ ထင်မြင်လာ၏။ မကြားဝံ့ လျက်ကပင် ကြားနေရသည်။ သူ့ကြောင့် အများအမြင်တွင် ကျွန်တော့်မှာ သနားစရာ သတ္တဝါတစ်ကောင်သဖွယ် ဖြစ်နေပြီလားမသိ။ ကျွန်တော့်ကိုကြည့်၍ စုတ်သပ် အံ့ဩကြသောအကြည့်များကို ကြားလေလေ ရင်မဆိုင်ရဲအောင် ဖြစ်ရ၏။

ချစ်သူ၏ လှည့်စားခြင်းကို မသိဆိုးရွားစွာ ရင်နင့်ခံစားနေရသူအဖြစ် လူတို့၏သနားဂရုဏာများမှာ ကျွန်တော့် ကို အရှုံးတစ်ပိုင်း ဖြစ်စေတော့သည်။

ထိုသို့ ဖြစ်နေရသည့်အထဲမှာပင် ကျွန်တော် စိတ်အရှုပ်ထွေးရဆုံးကတော့ သူ၏ဆက်ဆံရေးများကြောင့်ပင် ဖြစ်သည်။ ကျွန်တော့်ကွယ်ရာတွင် နောက်တစ်ယောက် ထပ်တွဲနေသည်ဟု ကြီးကြီးမားမားပင်သတင်းပျံ့နှံ့နေသော်လည်း သူက လုံးဝပင်မကြားသိသည်လား၊ မကြားသိဟန်ဆောင်သည်လားမသိ။ မတုန်မလှုပ်ပင် ရှိနေ၏။ ယခင်ကထက် မပိုမလျော့သော ဆက်ဆံရေးတို့ဖြင့်ပင် သူ ကျွန်တော့်ကို ဆက်ဆံသည်။

ဆုံတွေ့လျှင် ကျွန်တော့်ပခုံးကို မှီ၍ အရင်လို ချွဲနွဲ့မြဲ ...

အလိုမကျလျှင် နှုတ်ခမ်းစူဆောင့်၍ **မူနွဲ့မြဲ** ...

အမြဲပင် လေလေးတချွန်ချွန်နှင့် ပီဘိ **ကလေးငယ်** လေးတစ်ယောက်ပမာ သစ္စာဖောက် ခြေရှုပ်သည်မှာ **သူ** မဟုတ်သလိုပင် ပုံသွင်က ကြည်လင် အပြစ်ကင်းနေမြဲပင် ဖြစ်တော့၏။

ဘယ်လိုမှပင် ဆက်စပ်၍ မရသော သူ့ဟန်ပန်နှင့် ကြားရသည့် သတင်းစကားဆိုးတို့ကြောင့် ကြားထဲမှ ဗျာများနေရသူမှာ ကျွန်တော်သာ ဖြစ်လေသည်။ သတင်း

စကားတို့ ဘယ်လိုပင်ကြားကြား သူ၏ မပျက်ယွင်းသော ဟန်ပန်တို့ကြောင့် ဘာကိုယုံရမှန်းမသိဖြစ်နေ၏။ ကိုယ်တိုင် မျက်ဝါးထင်ထင် တွေ့မြင်ရသည့် ကိစ္စမဟုတ်၍လည်း သူ ကျွန်တော့်ကွယ်ရာတွင် တကယ်ပင် သစ္စာဖောက်နေခြင်း ဟုတ်မဟုတ်ကို သေသေချာချာ စွပ်စွဲ၍မရ။ တတ်နိုင်သမျှ သူ့အပေါ် ဂရုစိုက်လေ့လာပါသော်လည်း ဘာမှပင် ထူးထူး ခြားခြား မတွေ့ရသည်ဖြစ်၏။ ထို့ကြောင့် ထိုကိစ္စအပေါ် ဘယ်လိုမှ မဆုံးဖြတ်တတ်တော့သည်နှင့် နောက်ဆုံးတွင် သူ့ကို ပွင့်ပွင့်လင်းလင်းပင်ဖွင့်မေးကြည့်ဖို့ဆုံးဖြတ်မိရသည်။

ထိုအခါ ကျွန်တော် အရင်ဆုံး ကြုံတွေ့ရသည့် ပြဿနာမှာ သူ့ကို ထိုကိစ္စအား ဘယ်လို သုံးနှုန်းမေးမြန်း ရမှန်း မသိခြင်းပင်ဖြစ်သည်။

❄ ❄ ❄

"လတ်လတ် တို့ကွယ်ရာမှာ အခြားတစ်ယောက်

နဲ့ တွဲနေသလား" သို့မဟုတ် ...

"လတ်လတ် တို့ကွယ်ရာမှာ အခြားတစ်ယောက်

ကို ချစ်နေခဲ့သလား" ဒါမှမဟုတ် ...

"လတ်လတ်မှာ "တို့" အပြင် နောက်ထပ် ချစ်သူ

အသစ်ရှိနေပြီလား"

စသည်ဖြင့် သူ ကျွန်တော့်ကွယ်ရာတွင် သစ္စာဖောက်နေသည့်ကိစ္စအား ဘယ်လိုမေးရမည်မှန်း ဝေခွဲ၍မရ။

ထိုသို့မဟုတ်ပါဘဲလျက် "လတ်လတ် မင်း ငါ့ကို သစ္စာဖောက်နေတယ်ဆိုတာ ဟုတ်လား"

ဟု ခပ်ပြတ်ပြတ်မေးချလိုက်ရမည်လား ဆိုသည်ကိုလည်း မဆုံးဖြတ်နိုင်ခဲ့ပါ။

သေချာသည်ကတော့ ဘယ်လိုပင်မေးမေး သူ့သိက္ခာကို ထိခိုက် ပေါ်ကားသွားမိမည်မှာ အမှန်ပင်ဖြစ်၏။ တိကျရေရာသည့်ကိစ္စဆိုလျှင် တော်ပါသေးသည်။ နို့မဟုတ်ပါက ဘာမဟုတ်သည့် ဘေးစကားတို့ကြောင့် သူနှင့်ကျွန်တော့်ကြားတွင် ကတောက်ကဆဖြစ်စရာများ ပေါ်ပေါက်လာနိုင်၏။

သည်ကြားထဲ သူနှင့်ပတ်သက်၍ အခြားလူတွေပြောစကားများအား မယုံကြည်ရဘူးဟု ဆိုထားသော သူ၏စကားအခံကလည်းရှိနေသေးသည်။ သို့ဖြစ်ရာ ကျွန်တော့်မှာ ဘေးဝန်းကျင်က စကားများကို ကြားလိုက် သူ့ကိုဖွင့်မေးဖို့ကျတော့ မဝံ့မရဲဖြစ်လိုက်နှင့် ကာလအတန်ပင်ကြာသွားတော့၏။

တဖြည်းဖြည်းနှင့် သူ၏အကြောင်းကို လူပြောသူပြောသိပ်မရှိတော့သောအခါမှပင် သူ့ကို ထိုကိစ္စ ဖွင့်မေး

ဖြစ်တော့သည်။ တကယ်တမ်းမှာ မေးဖြစ်သည်ဆိုသော်လည်း ထိုသို့မေးလိုက်ခြင်းဖြင့် သူမှန်းသွားမည်ကို ကြောက်ရွံ့နေသော စိတ်အခံကြောင့် မတော်တဆဖြင့် ထိုကိစ္စအား လွှတ်ကနဲပြောရင်း မေးလိုက်ဖြစ်သည့် ပုံစံမျိုးသာ ရှိတော့သည်။

ထိုအချိန်တွင် ကျွန်တော့်ပုံစံက သူ့ထံ သနားခံနေသူတစ်ယောက်လိုဖြစ်ကာ မေးလိုက်သည့်စကားသံမှာလည်း အားမာန်မပါလှစွာ ပျော့ပျောင်းနေတော့သည်။

ထိုစဉ်က စိတ်လှုပ်ရှားနေသဖြင့် ကျွန်တော်မေးလိုက်မိသည့် စကားအပြည့်အစုံကို မမှတ်မိတော့သော်လည်း ကျွန်တော့်အမေးကြောင့် သူ မျက်နှာတစ်ချက်ကလေးမှ ပျက်မသွားသည်ကတော့ သေချာ၏။ ကျွန်တော့်ကို ...

"အဲဒါတွေ သူ ဘယ်ကကြားလာတာလဲ" ဟုပင် ရယ်ရယ်မောမော မေးနေသေးတော့သည်။

"ဒီလိုပဲ ဟိုလူပြော ဒီလူပြောနဲ့ကြားရတာ" ဟု ပြန်ဖြေစဉ်မှာပင် သူ့ပုံသွင်ကြောင့် ကျွန်တော် မေးလိုက်မိသည်မှာ မှားသွားပြီလားဟု ထင်နေမိသေးတော့သည်။

**စိတ်အေးလက်အေးပင်ရှိနေသော သူ့ဟန်ပန်က** အပြစ်လုပ်ထားသူတစ်ဦး၏ **အရိပ်အယောင်မျိုး** လုံးဝ မမြင်ရ။ ဘေးစကားတွေကသာ **မှားယွင်းနေခြင်းဖြစ်**ကာ ကျွန်တော်သာ ၄င်းစကားများကို **မိုက်မဲစွာယုံကြည်မိခဲ့ခြင်း** ဖြစ်မည်ဟု ထင်မြင်လာမိ၏။ မေးမိသည့်အတွက် နောင်တ ပင် ရချင်လာသလိုလိုရှိသည်။ သူ ကျွန်တော့်ကို စိတ်ဆိုး သွားမည်လားဟုပင် စိုးရိမ်မိသေး၏။

သို့သော် ကံကောင်းလှစွာပင် သူစိတ်မဆိုးခဲ့ပါ။ ထိုကိစ္စမဟုတ်ကြောင်းကိုသာ ကျွန်တော့်ကို သေသေချာချာ ပြောပြနေတော့သည်။

"အလကားပါဟာ၊ လူတွေက တို့ကို မနာလိုတာနဲ့ အလကားလျှောက်ပြောနေကြတာ၊ တို့က သူ့ကွယ်ရာမှာ ဘာလို့ နောက်ထပ်တစ်ယောက် တွဲရမှာလဲ၊ တို့မှာ သူရှိနေသားပဲ၊ သူရှိရင် လုံလောက်ပြီပေါ့။ အဲဒါကို ဘေးလူတွေကသာ မသိဘဲ တို့ကိုမနာလိုတဲ့ တစ်ယောက် နှစ်ယောက်က မဟုတ်**တမ်းတရား** လျှောက်ပြောလိုက်တာနဲ့ အလကား **ဝိုင်းသံယောင်**လိုက်နေကြတာ၊ ဒီမှာ မှတ်ထား၊ တို့က သူတစ်ယောက်တည်းကို ချစ်တာ"

စကားဆုံးသည်နှင့်ပင် အပြုံးနှင့် သူ ကျွန်တော့် ပခုံးပေါ် မှီနွဲ့ကျဆင်းလာ၏။ ရင်မှာ ကျိတ်ခဲနေမိသော သံသယများသည်လည်း အရည်ပျော် ကျဆင်းသွားရသည်။ သူ့လက်ကိုဆုပ်ကိုင်ရင်း ကြုံတွေ့ခံစားရသမျှ အားလုံးတို့ မေ့သွား၏။

သူက "သူ တို့ကိုယုံတယ်မဟုတ်လား" ဟု မေးသည့်အခါ ဟိုတစ်ခါကလိုပင် မြန်မြန်ဆန်ဆန် ခေါင်းညိတ်မိခဲ့သည်။ ကျွန်တော် ခေါင်းညိတ်သည်ကိုမြင်သည့်အခါ သူက ကျေနပ်သွားဟန်ဖြင့် ပြုံး၏။

နှုတ်ခမ်းထောင့်လေး တွန့်ကွေး၍ သူ ပြုံးသည်ကို မြင်သည့်အခါ ကျွန်တော့်စိတ်ထဲမှာ မသိမသာကလေး တစ်မျိုးတော့ဖြစ်သွားသည်။ စိတ်ထဲနည်းနည်းလေးသွားပြီး သူပြုံးတာတစ်မျိုးပဲဟု ထင်မှတ်လိုက်မိသည်။ သို့သော် ကြာရှည်မခံ၊ ခပ်မြန်မြန်ပင် လွင့်ပျယ် ပျောက်သွားကြ၏။

(၃)

ဒီတစ်ခါတော့ ပက်ပင်းပါတိုးမိခြင်း ဖြစ်သည်။ မတော်တဆဆိုသည့်ကိစ္စက တော်တော်တော့ ဆန်းကြယ်၏။

အကယ်၍ မေမေသာ ကျွန်တော့်ကို စနေနေ့၌ ဗိုလ်ချုပ်ဈေးသို့ မခိုင်းခဲ့ဘူးဆိုပါလျှင် သူနှင့် ဆုံမိစရာမရှိ။ နို့မဟုတ်ပါကလည်း ကျွန်တော် ခါတိုင်းလိုပင် (ကျောင်း

ပိတ်ရက်ဖြစ်သဖြင့် သူနှင့်ဆုံရန်မရှိသည်မို့) စနေ၊ တနင်္ဂနွေ၌ အပြင်ထွက်ရန် ပျင်းရိပ္မွာ မေမေခိုင်းသည်ကို ငြင်းပယ်ခဲ့မည်ဆိုပါကလည်း သူနှင့် ဆုံနိုင်လိမ့်မည်မဟုတ်။

ယခုတော့ ကျွန်တော်ကလည်း မေမေခိုင်းသည့်အတိုင်း လိုက်နာခဲ့မိကာ သူကလည်း ကျွန်တော် မဟုတ်သည့် နောက်ထပ်အဖော်တစ်ယောက်နှင့် ထိုနေ့က ဈေးလာခဲ့မိခြင်းက ကျွန်တော်တို့နှစ်ယောက်လုံးကို ကံဆိုးစေခဲ့တော့၏။ တိုက်ဆိုင်စွာပင် သူ့ကို ကျွန်တော် ဗိုလ်ချုပ်ဈေးထဲ၌ မတော်တဆမြင်မိရသည်။

ပထမ အိမ်ကထွက်လာစဉ်က ပျင်းရိနေသော်လည်း ကျွန်တော့်ထုံးစံအတိုင်း ဈေးထဲ ရောက်ပြီးတော့လည်း မပြန်ချင်ဖြစ်ရသည်။ မေမေဝယ်ခိုင်းလိုက်သည်တို့ကို ဝယ်ခြမ်းပြီးသော်လည်းမပြန်ဖြစ်။

မရောက်တာကြာပြီမို့ စိတ်ထဲက ဆန်းပြား အမြင်ဆန်းနေသည့်ဈေးကို လူရှုပ်ရှုပ်ကြားမှပင် ဟိုမှသည်မှ ကွေ့ပတ်သွားလာရင်း ငေးမောနေမိတော့သည်။ ကမ္ဘာ့လူဦးရေ တိုးပွားနှုန်းနည်းတူ တိုးပွားလာသော ဈေးဆိုင်ခန်းများကိုလည်း ဟိုဟိုသည်သည် ဝင်ထွက်ကြည့်ရှုနေမိ၏။

ထိုသို့ ကြည့်ရှုနေစဉ်မှာပင် မထင်မှတ်ဘဲ သူ့ကို မြင်မိခဲ့ခြင်းဖြစ်သည်။ ယောက်ျားဝတ် အင်္ကျီအရောင်းဆိုင်

တစ်ခုမှအထွက်၌ ဘာရယ်မဟုတ်ပါဘဲ လျှောက်ယှက် ငေးမောမိစဉ်မှာ သူ့ကိုမြင်ရခြင်းဖြစ်၏။

တိတိကျကျပြောရတော့ **သူတို့နှစ်ယောက်** ဖြစ်သည်။

ဆိုင်ထဲမှ ထွက်ထွက်ခြင်း၌ **ကျွန်တော်** စတင် ငေးမောမိသည်က ဟိုဘက်ခြမ်း **ပို့စ်ကဒ်လှလှလေးများ** ရောင်းသည့်ဆိုင်ကိုဖြစ်သည်။ သူ့ဆီ ပို့စ်ကဒ်လက်ဆောင် ပေးရကောင်းမလားဟုပင် စဉ်းစားလိုက်မိသေး၏။

ထိုမှ အကြည့်နည်းနည်းရွှေ့လိုက်တော့ ဝိုနေသော ခပ်ဝဝကလေးငယ်ကို မနိုင်မနင်း ချီပိုး ချော့မြှူနေသည့် မိန်းမပိန်ပိန်လေးကို တွေ့ရလေသည်။

အတန်ကြာ ကြည့်နေရင်းမှ ကျွန်တော် ရယ်ချင်စွာပင် အကြည့်လွှဲလိုက်၏။ ထိုမှ ဈေးဝဘက် ခပ်လှမ်း လှမ်းသို့ အကြည့်ရောက်သွားသောအခါ ...

ခပ်သွက်သွက် လက်မောင်းခြင်းချိတ်လျက် လျှောက်သွားနေကြသော စုံတွဲတစ်တွဲကို မြင်၏။ ကောင်မလေး၏ ပြိုးပြက်တောက်ပသော **အဝတ်အစားများကြောင့်** သေသေချာချာပင် ကြည့်မိလိုက်**သည်။ အနီနှင့်အနက်ကို** တွဲဖက်ဝတ်ဆင်ထားပြီး ဘေးကလူ**၏လက်မောင်းကို မှီနွဲ့**ရင်း လျှောက်သွားနေသော မိန်းကလေးသည် ...

သူ ဖြစ်နေလေ၏။

သူဖြစ်မှန်း သိသိချင်းပင် ကျွန်တော့်မျက်လုံးတွေ ပြာဝေသွားသည်။ အိုးထိန်းစက်ကို မမြင်ဘူးသည်မို့ ကမ္ဘာကြီး အိုးထိန်းစက်လို လည်သွားမည် မလည်သွားမည် မသေချာသော်လည်း ကျွန်တော့်ခေါင်းထဲ ရုတ်ချည်းပင် မူးနောက်သွားရ၏။

သူ တကယ်ပင် ကျွန်တော့်ကို သစ္စာဖောက်မှန်း သိသောအခါ ရုတ်တရက် ဘာလုပ်ရမှန်းမသိ။ ထိုနေရာတွင်ပင် ငေးကြောင်၍ ဆက်ရပ်နေမိသည်။

သို့သော် ကြာရှည် ငေးကြောင်နေချိန်တော့ မရခဲ့ပါ။ တဖြည်းဖြည်း သူတို့က လူအုပ်ထဲ တိုးဝင်ရောနှောသွားကာ ထောင့်ချိုးတစ်ခုနားအရောက် ကွယ်ပျောက်သွားသည့်အခါ ကျွန်တော် ခပ်မြန်မြန်ပင် သူတို့နောက် လိုက်ခဲ့မိတော့သည်။

အတန်ကြာမှ နောက်ကလိုက်သည်မို့ ခဏတော့ မျက်ခြေပြတ်သွားသေး၏။ သို့သော် မကြာခင်မှာပင် သူ့ကို ကျွန်တော် ပြန်လည်မြင်လာရ၏။ ဘေးကလူ၏ လက်မောင်းကိုတွဲရင်း မကြာခဏပင် မျက်နှာချင်းထိလုမတတ် (လူရှေ့သူရှေ့မှာပင်) နှစ်ကိုယ်ကြားစကားများကို ရယ်မောပြောဆို၍နေသော သူ့ကိုကြည့်ကာ ကျွန်တော့်ရင်မှာ အရာရာတို့ ပြိုကျပျက်စီးရလေတော့သည်။

ယုံကြည်စွဲမှတ်ထားခဲ့လေသမျှတို့ ကြေမွခဲ့လေပြီ၊ ပေးထားသည့် ကတိကိုလည်း မတည်။ သိက္ခာလည်း မစောင့်၊ အလေးနက်ဆုံး သစ္စာတရားကိုမှ ချိုးဖောက် ဖျက်ဆီးရက်သော သူ့ကို ကျွန်တော် ဘယ်လိုပင် တုံ့ပြန် ရမည်မသိ။

အသိမဲ့စွာပင် သူတို့နောက်လျှောက်ကာသာ လိုက် မိသည်။ လက်ချင်းတွဲသွားသည့်ပုံစံ၊ တစ်ဦးကိုတစ်ဦး ရယ်မောပြောဆိုနေကြသည့်ပုံစံအရ ယင်းတို့နှစ်ယောက်မှာ သူငယ်ချင်းတွေပါဟု ဘယ်လိုမှ ပြောဆို၍မရ၊ မောင်နှမ ပါဟုလည်း ဘယ်လိုမှ ငြင်းဆို၍မရအောင် ပုံစံက သိသာ လွန်း၏။

ကျွန်တော့်အဖို့ တစ်ခုထူးဆန်းသည်မှာတော့ ကျောင်းမှာ သူနှင့်သတင်းထွက်သောလူ၏ ပုံပန်းတို့နှင့် ယခုလူ၏ ပုံပန်းတို့မှာ ကွာခြားနေခြင်းဖြစ်သည်။ အရင် ကြားရစဉ်က အသားဖြူဖြူ၊ အရပ်မြင့်မြင့်နှင့်ဟူ၍ဖြစ်သော် လည်း ယခုမြင်နေရသည်ကတော့ အသား အနည်းငယ် ညိုကာ အရပ်လည်း ပုပြတ်ပြတ်ဖြစ်နေလေ၏။

သို့သော် ဘာပဲဖြစ်ဖြစ် သူ သစ္စာမတည်သည် ကတော့ သေချာခဲ့လေပြီ။ ရှေ့ဆီတွင် အဖော်သစ်နှင့် ယှဉ်တွဲသွားလာနေသော သူ့ကိုလိုက်ကြည့်ရင်း မှတ်ဉာဏ် တွင် ပုံရိပ်ဟောင်းတို့ ထင်မြင်လာရသည်။

ကိုနိုင်ကြီး ပြောစဉ်က မယုံခဲ့သည်များ၊ ဦးဆုံး သတင်း စကားကြားစဉ်က မယုံခဲ့သည်များနှင့် သူပြောလေသမျှ မျက်စိမှိတ်ယုံကြည်ခဲ့သည်များမှာ ကျွန်တော့်အမှားချည်းသာဖြစ်နေမှန်း သိတော့၏။

အမှန်က ကျွန်တော် သူ့ကို ဒီလောက်ထိ ယုံကြည် လေးနက်ခဲ့ဖို့မကောင်းဘူး။ ဘေးလူတွေ အချိန်မီတားဆီးပါလျက်က သူ့ထံ ယခုလောက် နစ်မြုပ်ပျော်ဝင်ခဲ့ဖို့ မကောင်းဘူး၊ ယခုတော့ ကျွန်တော့်မှာ ဆိုးရွားလှစွာပင် မျက်ကန်းအချစ်ကြောင့် အဖတ်ဆည်မရအောင် ရှုံးနိမ့်ခဲ့ရပြီ။

❄ ❄ ❄

ကျွန်တော် ဘူတာ့နောက်က ဆက်လိုက်ခဲ့သည်မှာ ဈေးထဲမှ သူတို့ထွက်ကာ ကားပေါ်တက်သွားသည်အထိပင် ဖြစ်၏။

သူတို့ကား ဆောင် လိုမ့်ထွက်လာသည်နှင့် ကျွန်တော့်တွင် ရုတ်တရက်ပေါ်ပေါက်လာသော ဆန္ဒမှာ ကျွန်တော့်နောက်ကွယ်တွင် သူနောက်တစ်ယောက်တွဲနေသည့်ကိစ္စအား ကျွန်တော်သိကြောင်း ပြလိုခြင်းပင်ဖြစ်သည်။ ထို့ကြောင့်ပင် မမီလိုက်မည်စိုး၍ ကျွန်တော့်ကားနှင့်တောင် မလိုက်နိုင်တော့ဘဲ လမ်းတစ်ဘက်ကိုကူးကာ သူတို့ကား အလာကို စောင့်နေခဲ့တော့သည်။

ကြိုတင်မှန်းဆလာခဲ့သည့်အတိုင်းပင် သူတို့ကားက ဈေးမှထွက်ကာ ကျွန်တော်ရပ်နေရာဘက်သို့ ကွေ့ခေါက် မောင်းဖြတ်လာခဲ့၏။ ကျွန်တော့်မှာ လမ်းဘေးတွင် မတ်မတ်ရပ်ခါးထောက်၍ သူတို့ကားဆီကိုသာ မမိုတ်မသုန်ကြည့်နေခဲ့သည်။ လူသူရှင်းနေသော ပလက်ဖောင်းပေါ်တွင် ထီးထီးမားမားရပ်နေသည်မို့ သူကလည်း ကျွန်တော့်ကို သေသေချာချာပင်မြင်ပါလေသည်။

လမ်းပေါ်တွင် သူ့ကို မမိုတ်မသုန်ကြည့်နေသော ကျွန်တော့်ကို သူလည်း ထွက်သွားသောကားပေါ်မှ မမိုတ်မသုန်ပင် ပြန်ကြည့်သွား၏။

တစ်ခုထူးဆန်းသည်ကတော့ သူ့မျက်နှာထက်တွင် အုံ့ညှိရိပ်တို့ စွန်းထင်းနေသော်လည်း တစ်ချက်ကလေးမှ မျက်နှာပျက်မနေခဲ့ပါ။

ထိုအပြုအမူမှာ ထိုကိစ္စမျိုး၌ သူဘာယ်လောက် အရေထူနေပြီဖြစ်ကြောင်း ပြသနေခြင်းဖြစ်ကာ အလွန်ပင် ခံပြင်းစရာလည်းကောင်းလှပါ၏။

❄ ❄ ❄

"ဒေါ်သ" ဆိုသည်ကို ကျွန်တော် ဒီတစ်ခါမှပင် သေသေချာချာ ခံစားဖူးရတော့သည်။ စနေနှင့် တနင်္ဂနွေ

နှစ်ရက်လုံးပင် ကျွန်တော် သူ့ကို ဒေါသတွေထွက်နေခဲ့၏။ သူနှင့်တွေ့လျှင် ပြောပြပေါက်ကွဲပစ်လိုက်ချင်သော စကားတို့ကို သယ်ပိုးရင်း ကြာမြင့်လှသော စနေ၊ တနင်္ဂနွေကို အပန်းကြီးစွာ ဖြတ်ကျော်ရ၏။

ဒီကြားထဲ ကျွန်တော့်ဒေါသတို့ ပို၍ ဆူဝေလောင်မြိုက်စေသည့် ကိစ္စမှာတော့ သူ ကျွန်တော့်ဆီ ဖုန်းမဆက်ခြင်းပင်ဖြစ်သည်။ ဒါတိုင်းဆို စနေ၊ တနင်္ဂနွေကို သူအိမ်မှာပင်ရှိလျက်ဖြစ်စေ၊ တခြားတစ်နေရာရာမှာဖြစ်စေ ဖုန်းဆက်နေကျဖြစ်ပါလျက် သူ ကျွန်တော့်ဆီ ဖုန်းမဆက်ခဲ့။ တိုက်တိုက်ဆိုင်ဆိုင် သူတို့အိမ်တွင်လည်း ဖုန်းကပျက်နေသည်လားမသိ။ ဆက်သွယ်၍ မရသည်မို့ ကျွန်တော်က ဆက်၍လည်း ဆက်မရ ဖြစ်ရသည်။ ဝင်ထွက်လေ့မရှိသဖြင့် သူတို့အိမ်ကို သွားတွေ့၍လည်းမရဘဲ ထို စနေ၊ တနင်္ဂနွေ နှစ်ရက်လုံး ကျွန်တော့်မှာ ဒေါသတို့ ဆူဝေလောင်မြိုက်ကာ မြန်မြန် ကုန်ဆုံးလှစေချင်ကာဖြင့် ဖြတ်သန်းခဲ့ရသည်။

နှစ်ရက်ထဲမို့လို့သာ တော်တော့၏။ နို့မဟုတ်လျှင် ကျွန်တော့်လက်တွေ စုတ်ပြတ် ဖွာလန်ကျဲသွားမည်လားမသိ။ ယခု နှစ်ရက်ကလေးတွင်ပင် ကျွန်တော့်မှာ နံရံကို လက်သီးနှင့် အချက်ပေါင်းများစွာ ထိုးခဲ့မိသည်။

ယောင်ကိုင်းနေသော လက်၊ ဆူကြွနေသော ဒေါသတို့ဖြင့် သူနှင့်ကျွန်တော် စနေ၊ တနင်္ဂနွေအပြီး ပြန်တွေ့စဉ်မှာတော့ ...

(၄)

သူ့မျက်နှာလေး ညှိုးငယ်နေ၏။ မျက်ရည်တို့ ဝိုင်းကာ တတွေတွေ စီးကျနေလေသည်။

မျက်ဝန်းထဲတွင် တစစ စုဖွဲ့အိုင်ထွန်းလာသော မျက်ရည်ကြည်များ စိုလဲ့ရစ်ဝိုင်းရာမှ တလိမ့်လိမ့် စီးကျလာပုံမှာ ကြည့်၍ပင်ကောင်းလှသေးတော့သည်။

ပထမတော့ ကျွန်တော့်ရင်ထဲ ဘာမျှမထိခိုက်မိ။

သူ မူယာမာယာများနေသည်ပဲဟု သိလျက် မတုန်မလှုပ်ပင် လက်ပိုက်ကြည့်နေမိ၏။ နောက်တော့ ကြည့်နေရင်းမှ သူ့ကို တဖြည်းဖြည်း သနားလာသည်။

မျက်ရည်တွေ တွေတွေစီးကျနေရင်းမှ ရှိုက်ငိုစ ပြုလာသည့်အခါ ကျွန်တော့်မှာ မခံနိုင်တော့။ နေမထိ ထိုင်မသာဖြင့် သူ့ကို ချော့ရမလိုပင်ဖြစ်လာ၏။

တွေ့တွေ့ခြင်း၌ ဒေါသဖြင့် အပြင်းအထန် ရန် လုပ်ဖို့ ကျွန်တော်ကြံစည်ထားသော်လည်း တွေ့တွေ့ချင်း သူက ငိုပြနေသဖြင့် ကျွန်တော် ဘာလုပ်ရမှန်းမသိ။ ကြံစည် ထားခဲ့သမျှတို့နှင့် လွဲချော်ရတော့သည်။ နှစ်ဦးဆုံကြသည် နှင့် သူ့ကို သေသေချာချာစိုက်ကြည့်ကာ ...

"ကဲ မင်း ဘာပြောချင်သေးလဲ လတ်လတ်ဝေ" ဟုပင် ပြောရရုံရှိသေးသည်။ သူက စတင်၍ ငိုတော့သည်။

ငိုသည်ကလည်း တကယ်ပင် စိတ်ပါလက်ပါနှင့် ချုံးပွဲချငိုနေသဖြင့် ကျွန်တော့် ဒေါသတို့ပင် တဖြည်းဖြည်း ထုထည်တို့ ပွန်းပဲ့လာရသည်။ သူ့ကို ချိုးချိုးဖဲ့ဖဲ့ပင် ပြောပစ် လိုက်မည်ဟု ကြံစည်လာခဲ့သောစကားတို့က ...

"မင်းကွာ ..." ဟု မချိတင်ကဲ ရေရွတ်သံအဖြစ် သာ ထွက်ပေါ်လာနိုင်တော့သည်။

သူငိုကြွေးနေသည်မှာ အချိန်တော်တော်ကြာသည် အထိ အမျှင်မပြတ်သဖြင့် ကျွန်တော့်မှာ သူ့ဘေးနားထိုင် လျက် ဘာဆက်လုပ်ရမှန်းမသိ။ တဖြည်းဖြည်းနှင့် သူ့ကို တကယ်ပင် သနားလာမိတော့သည်။ နောက်ဆုံးကျတော့ ကျွန်တော်ခံနိုင်ရည်မရှိတော့။ သူ့ကို ကရုဏာသက်စွာပင် မေးမြန်းမိတော့၏။

"လတ်လတ်မှာ ဘာအခက်အခဲတွေရှိနေလဲဟင်၊ ဟိုနေ့က လတ်လတ်နဲ့ သွားတဲ့လူကကော ဘယ် သူလဲ၊ တို့ကို ပွင့်ပွင့်လင်းလင်းသာ ပြောပါ လတ်လတ်ရယ်၊ တို့ကူညီနိုင်တဲ့ကိစ္စဆိုလည်း ကူညီဖြေရှင်းပေးရတာပေါ့။ ဆက်ပြီးတော့ မငိုနေ ပါနဲ့တော့ လတ်လတ်ရယ်၊ ဘာဖြစ်လို့ အရမ်းငို နေရတာလဲဟင်"

နှစ်ရက်တိတိ အုံ့ဖွဲ့လာခဲ့သော ဒေါသတို့နှင့် ဆန့်ကျင်စွာပင် ကျွန်တော် ကြင်နာစွာမေးမိသည်။ မေးပြီးပြီး ခြင်းမှာပင် ထပ်မံ၍ သူ့ထံ ကျွန်တော် ရှုံးနိမ့်ခဲ့ပြီဖြစ်ကြောင်း သိလိုက်သည်။ သို့သော် ရှုံးလိုကလည်း ရှုံးပါစေတော့၊ သည်းထန်စွာ ငိုကြွေးနေ သူတစ်ယောက်အပေါ် အနိုင်မယူ ရက်ပါလေ။

သူက အတန်ကြာ ငိုကြွေးနေပြီးမှ ရှိုက်သံတို့နှင့် စကားစ၏။

"ဟင့် ... ဟင့် ... တို့ကိုက မိုက်တာပါ။ တို့ကိုကမှားတာ၊ တို့အပြစ်တွေဟာ လောကကြီးထဲမှာ ဆက်နေဖို့တောင် မသင့်တော့ပါဘူး။ သူတို့ကို သတ်ပစ်လိုက်ပါလားဟင်၊ အခု ချက်ချင်းပဲ သတ်လိုက်ပါတော့လား"

"အို ဘာလို့ သတ်ရမှာလဲ လတ်လတ်ရယ်၊ လတ်လတ်အပြစ်တွေ ဘယ်လောက်ပဲကြီးကြီး အသက်သေလောက်တဲ့အထိ ပြစ်ဒဏ်ခံရလောက်အောင်တော့ ကြီးကျယ်ဦးမှာ မဟုတ်ပါဘူး၊ ကဲ ပြောပါဦး လတ်လတ်က ဘာအပြစ်တွေများလုပ်ခဲ့မိလို့ တို့က လတ်လတ်ကို သတ်ပစ်ရမှာတုန်း"

ကရုဏာသက်စွာဖြင့်ပင် ကျွန်တော် မေးမိ၏။ မျက်ရည်စက်တို့ဖြင့် စိုလက်ပေလူးနေသော မျက်နှာလေးမှာ ရှင်းလင်းပြောင်ချောကာ မှုန်နံ့သာတို့ ပျက်ယွင်းခဲ့ပြီ။ ကြည့်လေ ပိုလို့သနားစဖွယ်ဖြစ်၏။ ကျွန်တော့်ရင်တွင်းမှ ဒေါသအစိုင်အခဲများ အရည်ပျော်ကုန်ကြတော့သည်။

"ဟို ... ဟိုလေ တို့ စနေနေ့တုန်းက ဟိုလူကြီးနဲ့တွဲသွားမိတာလေ။ အဲဒီဟာ လတ်လတ်အပြစ်ပေါ့။ သူက တို့နဲ့ လူကြီးချင်းသဘောတူထားတာ၊ အဲဒါ လတ်လတ်က လူကြီးတွေကို ကြောက်ရ

တော့ သူ့ကို ချစ်ဟန်ဆောင်ပြီး အလိုက်သင့် အလျားသင့် ပြန်တွဲနေမိတယ်။ သူ လူကြီး တွေကို ပြန်တိုင်မှာတွေစိုးတာကြောင့်လည်း ပါတာပေါ့ နော်"

"အဲဒါ အခု စနေနေ့ကတော့ သူက ဗိုလ်ချုပ်ဈေး သွားဖို့ခေါ်တာနဲ့ လတ်လတ် လိုက်သွားမိတယ်၊ ပထမတော့ တို့က ငြင်းပါသေးတယ်။ ဒါပေမယ့် သူက အတင်းခေါ်နေတာနဲ့ လိုက်ခဲ့မိတာ။ အဲဒါ တို့မှားတာပေါ့နော်။ ပြီးတော့ သူ့ကို ချစ်သူဟို ဟန်ပြဆက်ဆံနေမိတာလည်း တို့မှားတယ်။ အမှန်ဆို တို့ အဲလိုမနေသင့်ဘူးပေါ့။ အခု တော့ တို့ကိုက ဆိုးတာပါသူရယ်။ သူ တို့ကို သတ်ပစ် လိုက်ပါတော့လား။ ဘာလို့ ခွင့်လွှတ်နေရတာလဲ ဟင်"

လတ်လတ်က အဖျားခတ် တုန်ခါနေသော အသံဖြင့် ဆို၏။

အမှန်ဆိုရလျှင်တော့ ထိုအချိန်၌ ကျွန်တော် သူ ပြောသလို သူ့ကို ခွင့်လွှတ်နိုင်သည်အထိတော့ စိတ်မကျေခဲ့ သေးပါ။ သို့သော် တုန်ခါနေသောအသံလေးဖြင့် ပြော နေရင်းက တဖြည်းဖြည်း ကျွန်တော့်ဆီ မှီနွဲ့ကျလာကာ ကျွန်တော့်လက်မောင်းကို အသာဆုပ်ကာ ကိုင်ထားရင်း

နောက်ဆုံး ...

"သူ တို့ကို သတ်ပစ်လိုက်ပါတော့လား၊ ဘာလို့ ခွင့်လွှတ်နေရတာလဲဟင်"

ဟု ဆိုလျက် ကျွန်တော့် မျက်နှာကို မော့ကြည့်ရေရွတ်လိုက်သည့် စကားအဆုံးမှာတော့ သူနှင့် ပတ်သက်သမျှ အရာရာကို တကယ်ပင် ခွင့်လွှတ်လိုက်မိပါတော့၏။

အစွမ်းကုန် တောင်းပန်ဝန်ချလျက် ကိုယ့်အမှားကိုယ် အကုန်အစင် ဖွင့်ဟပြောဆိုနေသူအပေါ် ကျွန်တော် ဘယ်လိုများ ဆူပူမာန်မဲနိုင်ရပါဦးမည်လဲ။

သက်ပြင်းကို အသာချရင်း "လတ်လတ်ရယ်" ဟုသာ ညင်သာဖွဖွ ဆိုမိတော့၏။ ထို့နောက် တိုးတိတ်ညင်သာစွာပင် သူ့ကို ဆက်ပြောလိုက်မိသည်။

"နောက်ကိုတော့ အဲဒီလို မဖြစ်စေနဲ့တော့ပေါ့၊ လတ်လတ်ရယ် ... နော်"

"အဲဒါတော့ သူ စိတ်သာချ၊ တို့ အဲဒီလူကြီးနဲ့ ဘယ်တော့မှ မဆက်ဆံတော့ဘူး၊ အို မဆက်ဆံရုံတင်မကဘူး နောက်ကို ဘယ်တော့မှ မျက်နှာချင်းတောင် မဆိုင်မိစေရဘူး သိလား"

သူက ကျွန်တော့်ကို မှီနွဲ့နေရာမှ မျက်ရည်မခြောက်သေးသော မျက်ဝန်းများဖြင့် မော့ကြည့်ရင်း ပြတ်သားစွာပြော၏။

ကျွန်တော့်ရင်ထဲမှာ သူ့အပေါ် ဒေါသ၊ အာဃာတ တို့ဟူ၍ တစ်ရံတစ်ဆစ်မျှပင် မကျန်ရစ်တော့ ... နီးကပ်နေသည့် ဆံစအဖျားတို့ကိုသာ ခပ်ဖွဖွလေးငုံ့နမ်းလိုက်မိသည်။ ထိုအခါ သူကယဲ့ယဲ့ကလေးပြုံး၏။ ထို့နောက် တိုးတိုးလေး ပြောသည်။

"သူ့ကို တို့ သိပ်ချစ်တာပဲကွယ်" တဲ့။

(၅)

ဘယ်လိုမှပင် မယုံနိုင်စရာကောင်းလှတော့သည်။ အံ့သြခံပြင်းစရာလည်းကောင်းလှ၏။ သူငယ်ချင်း ကေသွယ်က ကျွန်တော့်ကို သူ့အကြောင်းများ လာပြောသောအခါ ကျွန်တော် ထိုသို့ပင်ခံစားမိရသည်။

ဆယ်တန်းနှစ်ကတည်းကပင် ခင်မင်ခဲ့ကြသော်လည်း ကျွန်တော်က မိန်းကလေးသူငယ်ချင်းများနှင့် သိပ်အရောတဝင် မရှိတတ်သည်မို့ ကေသွယ်နှင့် သိပ်ဆက်ဆံ

ဖြစ်။ တစ်ကျောင်းတည်းတက်နေတာမို့ မကြာခဏ ဆုံမိကြစဉ်တွင် မေးပြောခေါ်ထူးလောက်သာရှိခဲ့သည်။

ဒီနေ့မှာတော့ ကေသွယ်က ကျွန်တော့်ကိုတွေ့သည်နှင့် အတင်းပင်ဆွဲခေါ်ကာ သူပြောချင်သည်များကို တရစပ်ပင် ပြော၏။

"နင်ဟာ ... လတ်လတ်ဝေနဲ့မှ သွားကြိုက်ရတယ်လို့" ဟု သူ့စကားကို စလိုက်စဉ် ကျွန်တော်က နည်းနည်း စိတ်ထဲမျက်သွားကာ "ငါ့ဟာငါ ကြိုက်တာဘာဖြစ်လဲဟ" ဟု ကြားဖြတ် ပြောလိုက်မိတော့သည်။ သို့သော် သူ ဆက်လက်ပြောဆိုသော စကားများကြောင့် ကျွန်တော့်မှာ ခေါင်းတောင်မဖော်နိုင်။ ဘယ်လိုမှ မယုံနိုင်စရာပင်ဖြစ်၏။ အံ့ဩခံပြင်းစရာလည်းကောင်းလှပေသည်။

ကျွန်တော့် ဘုဆတ်ဆတ်စကားကို ကေသွယ်က ချက်ချင်းပင် ပြန်ပြော၏။

"အေး ... ဘာဖြစ်လဲဆိုတာကို ငါပြောမလို့၊ ဒီမှာ နင် လတ်လတ်ဝေအကြောင်း ဘယ်လောက်သိလို့လဲ ဟင် ..."

"ဟ ... သိတာပေါ့ဟ"

"ဘာသိတာလဲ၊ လတ်လတ်ဝေမှာ နင့်အပြင် တခြားရည်းစားတွေရှိသေးတယ်ဆိုတာ နင်သိလား"

ထိုစကားကြားသောအခါ အရင်က ပျံ့နှံ့ခဲ့သည့် သတင်းအဟောင်းကြီးပင်ဖြစ်မည်ဟု ထင်လိုက်မိသည်။

"ဩော် ... အဲ့ဒါလား အလကားပါဟာ၊ လူတွေ အလကားလျှောက်ပြောကြနေကြတာပါ၊ နင်ကသာ ခုမှလာပြောနေတယ် အဲဒီကိစ္စကပြီးတာကြာလှပြီ"

"မဟုတ်ပါဘူး၊ ငါပြောနေတာ အရင်က ထွက်ခဲ့တဲ့ သတင်းကိုပြောနေတာ မဟုတ်ပါဘူး။ အခုလက်ရှိကို လတ်လတ်ဝေမှာ တွဲနေတဲ့ တစ်ယောက်ရှိသေးတယ်။ အဲဒါ နင်သိလား"

"ဟာ ... အဲဒါလည်း ငါသိသားပဲ။ တွဲသာတွဲနေတာပါဟာ သူတို့ချင်း ဘာမှမဟုတ်ပါဘူး၊ သူ့အိမ်က သဘောတူထားတဲ့ လူမို့လို့သာ လတ်လတ်က အိမ်ကို ကြောက်တာနဲ့ တွဲနေရတာ"

"ဟင် ... အိမ်ကိုကြောက်တာနဲ့ တွဲနေရတယ်၊ လတ်လတ်က သူ့အိမ်ကို ကြောက်ရတယ်ဟုတ်လား၊ ဟားဟား ... ငါ အော်ပြီးတော့ တောင် ရယ်လိုက်ချင်သေးတယ်။ နေစမ်းပါဦး လတ်လတ်ဝေက နင့်ကို အဲဒီအကြောင်း ဘယ်လိုများပြောထားလို့တုန်း"

"ဘယ်လိုပြောရမှာလဲဟ ... အားလုံး အမှန် အတိုင်းပဲ ဖွင့်ပြောထားတာပေါ့"

"အေးပါ ငါ့ပြောပြစမ်းပါဦး၊ အဲဒါ နင့်ကို အမှန် အတိုင်းပြောပြထားတယ်ဆိုတဲ့ ကိစ္စကြီးတွေကို"

"ဟာ နင်ကလည်း ငါ့ကို အတင်းကြီး တရားခံစစ် သလိုကို စစ်နေတော့တာပါပဲလားဟာ၊ ဘာလိုင်း ကြီးပါလား"

"မဟုတ်ပါဘူး .. ငါ နင့်ကို အကောင်းပြော မလို့ပါ။ နင့်ကို ငါ ပြောစရာတွေ အများကြီးရှိ သေးတယ်။ လတ်လတ်ဝေနဲ့ ပတ်သက်ပြီး နင် မသိတာတွေလည်း အများကြီးကိုရှိသေးတယ်။ အဲဒါ နင်ပြောမှာသာပြောစမ်းပါ။ နင့်ကို သူ ဘာတွေပြောထားသလဲဆိုတာကိုပေါ့။ သေသေ ချာချာ ပြောပြစမ်းပါ"

ကျွန်တော့်စိတ်ထဲ နည်းနည်း ထင့်မိလာသည်။ ကေသွယ့်ဆီတွင် လတ်လတ်နှင့်ပတ်သက်၍ ပြောစရာ ကြီး ကြီးမားမားရှိနေမှန်းသိ၏။ တွေးရင်း တဖြည်းဖြည်းတုန်လှုပ် မိသည်။

"ဟို ... ငါ ခုနပြောသလိုပါပဲဟာ ... အဲဒီလူက သူနဲ့မိဘချင်း သဘောတူထားတဲ့ လူတဲ့။ သူ့ မိဘတွေကို ကြောက်တာနဲ့ ချစ်ဟန်ဆောင်ပြီး

တွဲနေရတာတဲ့။ တွဲသွားတယ်ဆိုတာကလည်း အဲဒီလူ အတင်းခေါ်တဲ့ တစ်ခေါက် နှစ်ခေါက် သာပါတဲ့။ အဲဒါလည်း မလွှဲသာလွန်းလို့ပါတဲ့”

ကျွန်တော့် စကားတလျှောက် ကေသွယ်က နှုတ်ခမ်းတွန့်ကွေး မျက်မှောင်ကြုတ်၍ နားထောင်နေ၏။ ကျွန်တော့်မှာ စကားဆုံးသွားပြီးသည်နှင့် သူ့စကားများကို ထိတ်လန့်စွာ စောင့်မျှော်နေခဲ့လေသည်။

“အင်း ငါ နင့်ကို ဘယ်ကနေ ဘယ်လိုပြောရမှန်း တောင်မသိတော့ဘူး။ ဒီလိုဟာ ... လတ်လတ်ဝေက နင့်ကိုပြောပြထားသမျှတစ်ခုမှမဟုတ်ဘူး။ ဟိုးအရင်က သူ့ကျောင်းလာလာကြိုတတ်တယ်လို့ သတင်းထွက်တဲ့ လူနဲ့ကိစ္စကအလကားဆိုတာလည်း မဟုတ်ဘူး။ အဲဒီလူက အခုထိ သူနဲ့ ဆက်ဖြစ်နေတုန်းပဲ။ အခု ကိစ္စမှာလည်း သူနဲ့ တွဲနေတဲ့လူဟာ အိမ်က သဘောတူထားတဲ့လူ ဆိုတာလည်း မဟုတ်ဘူး။ နောက်ပြီး လတ်လတ်ဝေက အိမ်ကြောက်ရတယ်ဆိုတာ လည်း လုံးဝမဟုတ်ဘူး။ ဒီမှာ နင်သိလား လတ်လတ်ဝေဟာ ခပ်ငယ်ငယ်ကတည်းက စိတ်မထင်ရင် အိမ်ကတောင် ခဏခဏ ဆင်းနေကျဟာ ...”

"အမှန်တော့ ငါလည်း အရင်က ဒီကိစ္စတွေကို သေသေချာချာသိတာမဟုတ်ပါဘူး။ နင်ရည်းစား ရနေတာကိုမြင်တုန်းက ဩော်... ငါ့သူငယ်ချင်း ရည်းစားရနေပါပေါ့လားလို့ပဲသိခဲ့တယ်။ ပြီးတော့ နင့်ရည်းစားကို လတ်လတ်ဝေမှန်းသိတော့လည်း ဩော်... ငါနဲ့ တစ်မေဂျာတည်းက ကောင်မ လေးနဲ့ပါလား ဆိုတာလောက်ပဲ သတိထားမိ တယ်"

"နောက်ပိုင်းကျမှ ဖြစ်ချင်တော့ ငါတက်တဲ့ ကျူရှင်မှာ အဲဒီလတ်လတ်ဝေနဲ့ တော်တော်ခင်တဲ့ ကောင်မလေးတစ်ယောက်က လာတက်တယ်။ လတ်လတ်ဝေကို အတွင်းသိ အဆင်းသိ ဆိုပါတော့ဟာ။ အဲဒီမှာ လတ်လတ်အကြောင်း တွေကော နင့်အကြောင်းတွေရောဆိုတာ ငါတို့ ကျူရှင်တစ်ခုလုံး ပွနေတော့တာပဲ"

"လတ်လတ်ဝေဟာ ရည်းစားအရမ်းများတဲ့သူဟ၊ သူ့မှာ ခုလက်ရှိတွဲနေတာကိုက နင်အပါအဝင်ဆို ငါးယောက်လောက်တောင် ရှိမလားဘဲ။ အဲဒါ တစ်ယောက်ပြီးမှ တစ်ယောက်တွဲတာ မဟုတ်ဘူး နော်။ တစ်ပြိုင်တည်း တွဲနေတာ။ တစ်ပြိုင်တည်း"

"နောက်ပြီး သူ့မှာက အကျင့်တစ်ခုရှိတယ်တဲ့။ ဘယ်ရည်းစားကိုမှ သူက စပြီး မဖြတ်ဘူးတဲ့။ ဒါပေမယ့် အများကြီးနဲ့တော့ တစ်ပြိုင်တည်းတွဲတယ်။ အဲဒါ မခံနိုင်တဲ့ သူက စဖြတ်သွားမှ သူက ပြုံးပြုံးလေးကျန်နေရစ်တာ"

"အခုထက်ထိတော့ သူ့သမိုင်းကြောင်း တစ်လျှောက်မှာ သူနဲ့ သက်တမ်းအရှည်ကြာဆုံးက နင်ပဲတဲ့။ အဲဒါ ဘေးကပြောတာ မဟုတ်ဘူးနော်။ လတ်လတ်ဝေ ကိုယ်တိုင်ပြောတာကို ငါတို့က တစ်ဆင့်ပြန်ကြားတာ"

"နောက်ပြီး သူကိုယ်တိုင်ပဲ ပြောတယ်ဆိုတာတွေ ရှိသေးတယ်။ သူတွဲဖူးသမျှတွေထဲမှာ နင်က အ, အဆုံးပဲတဲ့။ ဘယ်လိုပဲဖြစ်ဖြစ် နင့်ကို တစ်ချက်လောက်ပတ်လိုက်ရင် ယုံသွားတာပဲတဲ့။ သူချော့လိုက်တာနဲ့ နင်ဖြစ်သွားတယ်ဆိုတဲ့ပုံစံကို နှိုင်းပြီး ပြောတဲ့ဟာများဟာ ကြားထဲက ကြားရတဲ့ ငါ တောင်မခံချင်ဘူး။ ပြီးတော့ သူက တစ်ချိန်ကျရင် လည်း နင့်ကိုပဲယူမှာတဲ့။ ဘာလို့လဲဆိုတော့ သူ ဘယ်လိုပဲဖြစ်ခဲ့ဖြစ်ခဲ့သိမယ့်သူမဟုတ်လို့တဲ့။ အဲဒါကြောင့် ငါတို့ ဂျူရှင်ကလူတွေကဆို နင့်နာမည်

ကိုတောင် မခေါ်ကြတော့ဘူး။ နင့်ကို ပိုက်ဘော
ဖမ်းမယ့် ဂိုးသမားကြီးတဲ့"

"အဲဒါပဲဟာ အစကတော့ ငါလည်း နင့်ပြောရရင်
ကောင်းပါ့မလားဆိုတာကို ချိန်နေသေးတယ်။
နောက်ကျတော့မှ ငါ နင့်အတွက် တဖြည်းဖြည်း
မခံချင်တာနဲ့ ဖွင့်ပြောရတာ၊ ရုတ်တရက်ဆိုတော့
နင် ငါပြောသမျှကို ယုံချင်မှလည်း ယုံမှာပေါ့။
ဒါပေမယ့် နင် အဲဒီကိစ္စကို ကြိုက်သလို လိုက်
စုံစမ်းလို့ရပါတယ်။ ကိုယ်တိုင်ဆိုတော့ နင် ပို
ရှင်းရှင်းလင်းလင်းသိတာပေါ့ဟာ၊ တကယ်လို့ နင်
အဲဒီကိစ္စ စုံစမ်းမယ်ဆို ငါလည်း တတ်နိုင်
သလောက်ကူညီပေးမယ်"

ကေသွယ်၏ စကားတို့က မကြားတစ်ချက် ကြား
တစ်ချက်ဖြင့် ကျွန်တော့်နားထဲကို ကန့်လန့်ပင် ပူလောင်
ပြင်းပြစွာ ဝင်ရောက်လာ၏။ သူပြောသည့် စကားအခွန်း
တိုင်းကပင် ကျွန်တော့်ခေါင်းထဲကို တစ်ချက်ချင်း ရိုက်နှက်
နေသည့် သံမှိုများပမာဖြစ်၏။ ကေသွယ့်စကားတို့ ဆုံးသွား
စဉ်မှာတော့ ဦးခေါင်းတစ်ခုလုံး အုံခဲမှုးနောက်၍ကျန်ခဲ့သည်။

လတ်လတ်အကြောင်းတို့က ဘယ်လိုမှပင် ထင်
ရက်စရာမရှိ။ သူနှင့် တွေ့ကြုံဖူးသမျှကို ဆက်စပ်စဉ်းစား

လိုက်တော့ ဟုတ်နိုင်မှန်းလည်း သိ၏။ သို့သော် ဘာပဲ ဖြစ်ဖြစ် သေချာမှပင် ယုံချင်သည်။ ထိုကိစ္စ ကိုယ်တိုင်ပင် စုံစမ်းဖို့ကိုဆုံးဖြတ်လိုက်မိတော့၏။

(၆)

တစ်ဖက်ခန်းမှ အသံများမှာ နံ့ရှံခြားသဖြင့် တိုးလျှော်လည်း ကောင်းစွာပင်ကြားရသည်။ လတ်လတ်ဝေ သူငယ်ချင်းမလေး၏စကားများမှာ ကေသွယ့်စကားများလိုပင် ကျွန်တော့်နားထဲ ပူလောင်ပြင်းပြစွာဝင်လာခဲ့၏။

ပြောရင်းမှ တစ်ချက်တစ်ချက် ရယ်လိုက်ကြသော အခါ ကျွန်တော့်မှာ အခံရခက်လှသည်။ သူတို့ လှောင်

ရယ်နေသူသည် ယခုပင် သူတို့ဘေး အထပ်သား နံရံပါးပါး လေးတစ်ချပ်သာခြားသောနေရာ၌ ရောက်ရှိနေကြောင်းကို ကေသွယ်မှလွဲ၍ သူတို့ သိကြလိမ့်မည်မဟုတ်ပါ။

ယခု အခြေအနေမှာ ကျွန်တော်နှင့် ကေသွယ် ပူးပေါင်းကာ ကြိုတင် စီစဉ်ထားခဲ့ခြင်းဖြစ်၏။

"နင် စုံစမ်းဖို့ကိစ္စကို ငါကူညီမယ်" ဆိုခဲ့သော်လည်း ကျွန်တော်က စားသောက်ဆိုင် တစ်ဖက်ခန်းတွင် ချောင်းနားထောင်၍ သူက လတ်လတ်ဝေ သူငယ်ချင်းမ လေးကို ထိုဆိုင်သို့ခေါ်လာကာ လတ်လတ်အကြောင်း စကားတွေအစ်ထုတ်ဖို့ အစီအစဉ်ကို ပြောပြသောအခါ သူနည်းနည်း အင်တင်တင်ဖြစ်နေသေးသည်။

"ဖြစ်ပါ့မလား၊ သိသွားရင်မကောင်းဘူးနော်" ဘာညာနှင့် ပြောနေသဖြင့် အတန်ငယ် ဖျောင်းဖျခဲ့ရ၏။ နောက်ဆုံး ကျွန်တော် အနူးအညွတ် တောင်းပန်မှပင် သူက ထိုကိစ္စကို စိတ်မပါလက်မပါသဘောတူတော့သည်။

မူလ မှန်းထားစဉ်က လတ်လတ်ဝေ သူငယ်ချင်းမ လေး တစ်ယောက်တည်းသာ ဖြစ်သော်လည်း တကယ် တမ်းမှာ နောက်တစ်ယောက်က ကန့်လန့်ကန့်လန့်ပါလာ သဖြင့် ကျွန်တော့်မှာ မျက်လုံးပြူးရသေးသည်။ နှစ်ယောက် ဖြစ်နေသဖြင့် ကေသွယ် မူလအတိုင်း အကောင်အထည်

ဖော်ဖို့စကားတွေ လွဲချော်ကုန်မလား၊ ဒါမှမဟုတ် သူ စိတ်ပျက်ကာ သေသေချာချာ စကားအစ်မပေးဘဲ ရှိမလား ဟု စိုးရိမ်ရသေး၏။

တကယ်တမ်း လက်တွေ့မှာကျတော့ ကေသွယ် က ပါးနပ်နေသဖြင့် တော်ပါသေးသည်။ သူ သရုပ်ဆောင် ကောင်းမှုကြောင့်ပင် လတ်လတ်ဝေအကြောင်း အစုံအလင် ကို ၄င်း၏အခင်ဆုံး သူငယ်ချင်းထံမှ ကျွန်တော် နားနှင့် ဆတ်ဆတ်ကြားခွင့်ရခဲ့၏။

အရမ်းပင် ဆိုးရွားလှသော အကြောင်းများပင် ဖြစ်သည်။ ခါတိုင်းအချိန်ဆိုလျှင် ကျွန်တော်မကြားချင်ဆုံး စကားများဖြစ်သော်လည်း ယခုတော့ အစုံအလင် ကြားသိရ သည့်အတွက် သူတို့ကို ကျေးဇူးပင်တင်ရသေး၏။

သို့သော် နည်းနည်းတော့ အခံရခက်လှသည်။ ကေသွယ်က တစ်ခွန်းစ နှစ်ခွန်းစ မသိမသာလေး ဖောက် ပေးလိုက်တိုင်း သူက လတ်လတ်ဝေအကြောင်းများပြော ကြ။ ထိုမှ ကျွန်တော့်အကြောင်းရောက်ကာ မကြာခဏပင် ပြောင်လှောင်ရယ်မောကြသဖြင့် ရင်ထဲ ရှက်ရွံ့နာကျင် ရသည်။

သြော် ... ငါဟာ လတ်လတ်ဝေကြောင့် ကွယ်ရာ မှာ အဟားခံသတ္တဝါတစ်ကောင် ဖြစ်နေပါပေါ့လား ဟူ၍ လည်း ခံပြင်းရ၏။

ထိုကောင်မလေးထံမှ တစ်ဆင့် ကြားရသည့် လတ်လတ်ဝေပြောသည်ဆိုသော ကျွန်တော့်အကြောင်း စကားတို့မှာ ကေသွယ်ပြောစဉ်ကထက်ပင် အဆများစွာ ရှိင်းပျလှသေးသည်။

နွားပြာကြီး အောက်သွားမရှိသလို ... ငါကြိုး ဆွဲရာ မရုန်းနိုင်ဘဲပါရတယ် ... စသည့် သူ ကျွန်တော့် နိုင်းနှိုင်းသည့် စကားများကို တစ်ဆင့် ပြန်လည်ကြားသိ ရ၏။

တစ်ခွန်းကိုတော့ ရင်ထဲ စွဲစွဲမြဲမြဲပင် မှတ်မိနေ သေးသည်။

"အဲဒီကောင်ဟာ ငါတွေ့ဖူးသမျှထဲမှာ အနုံဆုံး ပါတဲ့"

❄ ❄ ❄

ထို့နောက် ကျွန်တော် သူ့အကြောင်း နောက်ထပ် စုံစမ်းသည်မှာတော့ သူ၏ ယောက်ျားလေးမိတ်ဆွေများ ထံတွင်ဖြစ်၏။ ၎င်းတို့မှာ သူ၏ ရည်းစားဟောင်းများ၊ ရည်းစားမဟုတ်တဟုတ်များနှင့် ရိုးရိုးသူငယ်ချင်းများဟူ၍ အစုံအလင်ပါဝင်ပါသည်။ ကျွန်တော် စုံစမ်းသည့် သူတို့ အားလုံးတွင် တစ်ခုတူညီသည်ကတော့ ကျွန်တော့်ကို လူချင်း (ဘယ်သူမှန်း) မသိကြခြင်းပင်ဖြစ်ပါ၏။

သူတို့ကို ကျွန်တော်သည် လတ်လတ်ဝေ၏ သူငယ်ချင်းအသစ်အဖြစ်လည်းကောင်း၊ လတ်လတ်ဝေကို စတင် စိတ်ဝင်စားနေသော ကောင်ကလေးတစ်ယောက် အဖြစ်လည်းကောင်း အသွင်သဏ္ဌာန် အမျိုးမျိုးဖြင့် ချဉ်း ကပ်၍ စုံစမ်းခဲ့သည်။

အဆုံးတွင် ကျွန်တော် သိရှိလာရသမျှ လတ်လတ် ဝေအကြောင်းတို့မှာ အစောပိုင်း ကိုနိုင်ကြီးပြောခဲ့သည် များ၊ ကြိုတင်ကြားခဲ့ရသော သတင်းစကားများ၊ ကေသွယ် ပြောကြားသည်များ၊ သူ့သူငယ်ချင်းမလေးထံမှ ကိုယ်တိုင် ကြားရသည်များနှင့် ခြားနားခြင်းမရှိခဲ့ပါ။ သူဘယ်လောက် ရှုပ်ပွေကြောင်းတို့ကိုသာ ပုံစံအမျိုးမျိုးဖြင့်ကြားရ၏။

ထိုမျှလောက်ဆိုလျှင် ခိုင်လုံနေခဲ့ပြီဖြစ်သော်လည်း ကျွန်တော်က ,ရင်ထဲနာကျင်စွာ ထိုထက်ပို၍ သေချာချင် သေးခဲ့ပါသည်။

❄ ❄ ❄

နောက်ဆုံး သူ့အကြောင်း စုံစမ်းသည်ကတော့ သူ့ထံတွင်ပင်ဖြစ်၏။ အပင်ပန်းဆုံးနည်းဖြစ်သော်လည်း အတိကျဆုံးနည်းအဖြစ် သူ့နောက် ကျွန်တော်လိုက်ချောင်း ခဲ့သည်။ နဂိုရရှိထားသည့် သတင်းအစအနတို့အရ သူ

သွားတတ်ရာ သူနှင့်အတွဲများ ချိန်းတတ်သည့်နေရာများကို စေ့စေ့ပေါက်ပေါက်ပင်သွားခဲ့၏။

အပင်ပန်းခံရကျိုးနပ်ခဲ့ပါသည်။ သူ့ဖြစ်အင်ကို ကျွန်တော် မျက်ဝါးထင်ထင်မြင်ခဲ့ရ၏။ အရင်ဆုံး သူနှင့် သတင်းစကြားခဲ့သော အသားဖြူဖြူ၊ အရပ်ရှည်ရှည်၊ နှုတ်ခမ်းမွှေးစစနှင့် နေကာမျက်မှန် အမြဲတပ်သော တစ်ယောက်နှင့်၊ ဟိုတစ်ခါ ဗိုလ်ချုပ်ဈေး၌ သူနှင့် တွဲ၍ တွေ့လိုက်သော သူနှင့်သာမက အခြားသူတစ်ယောက် နှစ်ယောက်နှင့်ပါ လက်ပူးလက်ကြပ် တွေ့ခဲ့ရ၏။ ဘယ်လိုမှ ငြင်းလို့မရသော အခြေအနေတွင် ဖြစ်သည်။

သို့သော် ကျွန်တော် ဟိုတစ်ခါ ဗိုလ်ချုပ်ဈေး မှာတုန်းကလို ကိုယ်လုံးထွက်မပြခဲ့တော့ပါ။ အသာပင် မြင်ချင်သည်ကို မြင်တွေ့ပြီးသည်နှင့် ပေါက်ကွဲချင်သည့် စိတ်တို့ကို သိမ်းဆည်းကာ လှည့်ပြန်လာခဲ့၏။ ယခုကိစ္စများ အပြီးတွင်တော့ သူ့အကြောင်း ပြည့်စုံစွာပင် သိုင်လုံသွား ခဲ့တော့သည်။

(၇)

## စဉ်းစားခြင်း

တွေးလေလေ အဖြစ်အပျက် ထင်ရှားလေဖြစ်၏။ ကျွန်တော့်ကို ညာခဲ့သည်။ တောက်လျှောက်ပင်ညာခဲ့၏။ တွယ်တာစွာ ယုံကြည်ခဲ့သူမှ အညှာအတာမဲ့စွာ လှည့်စားခဲ့ရက်သည်။

နောက် ရက်စက်စွာ အရှုံးလုပ်ခဲ့၏။

ကွယ်ရာတွင် ချီးဖွဲ့စွာ ပြောခဲ့၏။

သူနှင့် အတိတ်တို့မှာ အာရုံတွင် ရုပ်ရှင်မြင်ကွင်း လိုပင် ပေါ်လာသည်။ ရယ်ချင်စရာလည်း ကောင်း၏။ နာကျည်းစရာလည်း ကောင်းလှတော့သည်။

ထို့ကြောင့်ပင် သူက ကြိုကြိုတင်တင် ဘေးလူ တွေပြောတာမယုံဖို့ ပိတ်ထားခဲ့တာ ဖြစ်မှာပေါ့။

ဘာပဲဖြစ်ဖြစ် ကျွန်တော်ကိုယ်တိုင်ကိုက ညံ့လွန်း ခဲ့ပါသည်။ သူ၏အခြေအနေက ဒီလောက်သိသာနေရက်နဲ့ ကြိုသိခဲ့ဖို့ကောင်း၏။ နဂိုကတည်းက သတိပေးသူတွေ ရှိနေလျက်နှင့်မှမသိခဲ့၊ ခုလို ဟိုးလေးတကျော်ကျော်ဖြစ်ပြီးမှ သိရသည်ဆိုတော့ ရှက်စရာလည်း ကောင်းလှစော့သည်။

ရစရာမရှိအောင် အဆုံးထိ ကျဆင်းသွားခဲ့သည့် သိက္ခာကို ဘယ်လိုမှပင် အဖတ်ဆယ်၍ ရနိုင်မည် မဟုတ် တော့။ သူနှင့် ချစ်မိသည့်အတွက် အဖြူထည်သန့်သန့် ဘဝမှ သေရာပါစွန်းထင်းခဲ့ရပြီ ဖြစ်၏။

ပြန်တွေးကြည့်မိတော့မှပင် သူ၏ လှည့်စားချက် များကို ပြတ်ပြတ်သားသားသိလာရ၏။ ကျွန်တော့် ညံ့ဖျင်း မှုများလည်းပါသည်။ ဘေးလူတွေ ဒီလောက် ပြောနေ လျက်နှင့် သူက ထိုကိစ္စမဟုတ်ပါဆိုရုံလေး တစ်ခွန်းနှင့် ကျွန်တော် ယုံခဲ့မိသည်ကတော့ မိုက်မဲလွန်းလှပါသည်။

နောက်တစ်ခါတွင်လည်း မျက်စိနှင့် တပ်အပ်ပင် မြင်နေလျက်က သူ၏ မပိရိလှသော ဆင်ခြေကို ယုံကြည်ခဲ့ခြင်းမှာ ကျွန်တော်ကပင် မျက်စိစုံလုံးကန်း၍နေပြီလားမသိ။

ထိုစဉ်ကသာ သံသယလေးနည်းနည်းဖြင့် အနည်းငယ် လှည့်တွေးခဲ့လျှင်ပင် သိသာနိုင်မည်ဖြစ်သော်လည်း ထိုအရိုးစင်းဆုံးလိမ်ညာမှုမှပင် ကျွန်တော် ရုန်းမထွက်နိုင်ခဲ့ပါ။ ကျွန်တော့်အချစ်တို့မှာ ကျွန်တော့်အတွက် တိမ်သလ္လာပင်ဖြစ်ခဲ့ရ၏။

သူ့ကိုလည်း နာကျည်းရင်း ရင်မှာ အံ့ဩရသည်။ ဒီလူနှင့်ဒီလူ ဒီပတ်ဝန်းကျင်နှင့် ဒီဝန်းကျင် တစ်ချိန်ချိန် လွယ်လွယ်ကူကူနှင့် သိသွားနိုင်သည့်ကိစ္စကို ခပ်တည်တည် လှည့်ဖျားရဲသည်မှာ အံ့လောက်စရာပင်ဖြစ်၏။ သူ လိမ်ညာကြောင်းသိသွားမှာကို အနည်းငယ်မျှပင် တွေးတောစိုးရိမ်ခဲ့ပုံမရ၊ ထိုသို့ လိမ်ညာခြင်းအပေါ် ရှက်ရွံ့ခြင်းလည်း လုံးဝရှိပုံမပေါ်ပါ။

အခုနေများ ကိုနိုင်ကြီးသာ ထိုကိစ္စအားလုံး သိခဲ့လျှင် သူပြောရက်နဲ့ဟု ဘယ်လောက် ယူကြုံးမရဖြစ်လေမည်မသိ။ ကျွန်တော့်ကိုယ်စား ဘယ်လောက် ခံပြင်းလိမ့်မည်မသိ။ သို့သော် ခုလိုအချိန်မှတော့ သူလည်း ကျွန်တော့်လိုပင် ဘာမှတတ်နိုင်တော့မည်မထင်ပါ။

အားလုံးကို သိလိုက်ရချိန်မှာ ကျွန်တော်ဟာ အချစ်ကို ဘဝတစ်ခြမ်းသာမက ရှုန်းမရအောင် နစ်ကျွံခဲ့ပြီ။

❄ ❄ ❄

အာရုံတွင် စွဲထင်နေသည်ကတော့ ...

"အဲဒီကောင်ဟာ ငါတွေ့သမျှထဲမှာ အနုံဆုံးပဲ" ဆိုသည့် စကားတစ်ခွန်းပင်ဖြစ်၏။ မကြာခဏပင် ပြန်ကြားမိသည်။ ကြားမိတိုင်းလည်း တဆစ်ဆစ် နာကျင်ရ၏။

ကျွန်တော် "အ" ခဲ့သည်မှာ မှန်ပါသည်။ သူပြောသလို နုံသည်အထိပင် ဖြစ်၏။ သို့သော် ဘာပဲဖြစ်ဖြစ် ကိုယ့်ချစ်သူကို ဒီလိုတော့ မပြောသင့်ဟု ထင်သည်။ ဘယ်လိုပင်ဖြစ်စေ သူ့အပေါ် ယုံစားမိခြင်းမှာလည်း သူ့ကို ချစ်လွန်း၍ပင်ဖြစ်ကြောင်းကို (ကျွန်တော်နှင့် ဆန့်ကျင်စွာ) လည်ဝယ်လွန်းသော သူသိနိုင်ပါလိမ့်မည်။

ဒါတောင်မှ ထိုသို့ပြောရက်နိုင်သည်ဟု ရင်ထဲတွင် တနုံ့နုံ့ပင်နာကျင်ရ၏။

ထိုစကား ကြားခဲ့ရသည့်နေ့ကဆိုလျှင် ကျွန်တော့်မှာ အိမ်အပြန် လမ်းတစ်လျှောက်လုံး၌ ထိုစကားကိုသာ အထပ်ထပ်ကြားနေမိတော့သည်။

ဘာကြောင့်များ သူ ကျွန်တော့်ကို ထိုသို့ ယိုးစွပ်ခဲ့ရသနည်းဟုလည်း အပြန်ပြန်အလှန်လှန်ပင် တွေးတော

ကြည့်နေမိ၏။ ချစ်လွန်း၍ သနားသဖြင့် အစစအရာရာ အလျှော့ပေး သည်းညည်းခံခဲ့သည့်မှာ သူနှင့် တခြားသူများ အမြင်တွင် တကယ်ပင် လူနုံ၊ လူအ၊ လူ့အန္တကြီးအသွင်ကို ရောက်စေခဲ့ပြီလား ...

စိတ်ရင်းအရဆိုလျှင် ကျွန်တော့်မှာ အရင်က တော်တော်လေးပင် ဆတ်ဆတ်ထိ မခံနိုင်ခဲ့သော လူတစ်ယောက်ဖြစ်၏။ ထိုဆတ်ဆတ်ထိမခံနိုင်မှုတို့ကြောင့်ပင် ငယ်ငယ်က ခဏခဏရန်ဖြစ်ခဲ့ဖူးသည်။ ဖြစ်တိုင်းလည်း ခြေမြန်လက်မြန်နှင့် လက်လွန်ခြေလွန် လုပ်တတ်သဖြင့် တစ်ဖက်လူမှာ အမြဲ ထိပ်ပေါက်ခေါင်းကွဲ ဖြစ်ရသည်ချည်းပင်ဖြစ်၏။

မှတ်မိပါသေးသည်။ တစ်ခါကဆိုလျှင် ကျွန်တော်နှင့် အရမ်းခင်နေသောသူငယ်ချင်းတစ်ယောက်က တစ်နေ့မှာ ကျွန်တော့်ကို မခံနိုင်အောင်လာစသဖြင့် အနားတွေ့ရာ ခဲတုံးကိုကောက်၍ သူ့ပေါင်ကိုဆတ်ကနဲ ထုံးသွင်းလိုက်မိ၏။ ဖြစ်ချင်တော့ ခဲဆံကကျိုးပြီး ၎င်းပေါင်ထဲတွင် ကျန်ရစ်သည်။ သူ့မှာ စူးစူးဝါးဝါးအော်ဟစ်ကာ ကျွန်တော့်အပါးမှ ထွက်ပြေးသွားခဲ့ရ၏။

ပို၍ဆိုးသည်မှာ ထိုအချိန်သည် စာမေးပွဲဖြေခါနီးကာလဖြစ်နေခြင်းပင်ဖြစ်၏။ ထိုစဉ်က ကျွန်တော့်ကြောင့်

အခင်ဆုံး သူငယ်ချင်းတစ်ယောက် စာမေးပွဲ တစ်နှစ်ကျခဲ့ ရသည်မှစ၍ ကျွန်တော့်မှာ နောက်နောင် ထိုသို့သော ကိစ္စမျိုးကို ဘယ်တော့မှမဖြစ်အောင် ဆင်ခြင်နေထိုင်ခဲ့ တော့သည်။

ကိုယ်တိုင်လည်း သတိထား၊ မိဘများကလည်း ပံ့ပြင်သဖြင့် နောက်ဆုံး ကျွန်တော်အရွယ်ရောက်ခဲ့သော အခါ ထိုစိတ်တို့ လုံးဝပင်ကင်းစင်ခဲ့ကာ အရာရာကို အတော်လေး သည်းခံနိုင်သူတစ်ယောက် ဖြစ်လာခဲ့၏။ ထိုမျှမက လူတိုင်းကို အကောင်းမြင်မျက်လုံးများဖြင့်သာ ကြည့်တတ်ကာ ဘာကိုမဆို ခွင့်လွှတ်အလျှော့ပေးတတ် လာတော့သည်။

ယခုတော့ ထိုအချက်ကပင် ကျွန်တော်၏ညံ့ဖျင်းမှု တစ်ခုဖြစ်ခဲ့ရကာ ယုံလွယ်သူ၊ ထုံအသူအဖြစ်မှ နုံနသူ အဖြစ်သို့ရောက်ခဲ့ရ၏။ ဖြူစင်ရိုးသားမှုအပေါ်အခွင့်ကောင်း ယူကာ သူလှည့်စားချင်တိုင်း လှည့်စားရုံမျှမက သရော် လှောင်ပြောင်သည်အထိပင် စော်ကားခဲ့၏။

နဂိုကတည်းက သူ့တွင် ထိုသို့သော သိမ်ဖျင်း သည့် အထင်အမြင်မျိုးရှိနေမှန်း ကြိုသိခဲ့ပါက ကျွန်တော် ဒီလောက်ထိ သတိကင်းမဲ့စွာ ဆက်ဆံခဲ့လိမ့်မည်မဟုတ်။ ဘာပဲပြောပြော မှန်တမ်းအနေအထား၌သာ ကိုယ့်ဘက်က

မကျွံအောင် နေထိုင်မိခဲ့မည်သာဖြစ်၏။ ယခုတော့ အသိနောက်ကျခဲ့ရသဖြင့် အားလုံးမှာ လွန်ကုန်ခဲ့လေပြီ။

တွေးရင်းနှင့်က ကျွန်တော့်မှာ မိမိ၏ရိုးသားမှုကို မိမိဘာသာ မချိတင်ကဲဖြစ်လာရသည်။ ထိုမှတစ်ဆင့် ငယ်ဘဝလွန်ကတည်းက တစ်ချိန်လုံး ငုံ့လျှိုးနေခဲ့သည့် မာန်စွယ်များ ပြန်လည်၍ ဦးမော့လာတော့၏။

❄ ❄ ❄

အရင်ဆုံး ကျွန်တော့်ကိုယ်ကျွန်တော် ပြန်မေးခဲ့သည့်ကိစ္စမှာ "ငါ ဘယ်လိုလုပ်ရမယ်" ဟူ၍ပင် ဖြစ်သည်။

သူ့အကြောင်း အလုံးစုံကို သိလိုက်ရပြီးသည့်နောက်၌ ရင်ထဲမှသံယောဇဉ်တို့ လုံးဝပြတ်တောက် ကင်းမဲ့သွားကာ သူ့ထံ ဘယ်လိုမှ တွယ်ငြိမနေတော့ခြင်းကတော့ ကျိန်းသေ၏။ သူနှင့် လမ်းခွဲဖို့မှာ သေချာသော်လည်း ဘယ်လိုပုံစံမျိုးဖြင့် လမ်းခွဲကြရမလဲ ဆိုသည့်ကိစ္စကိုတော့ အထပ်ထပ်အခါခါပင် စဉ်းစားမိရသည်။

ဒါမှမဟုတ် သူ့ကို သေသေချာချာပင်မျက်နှာချင်းဆိုင်၍ ...

"နင် ငါ့ကို သစ္စာဖောက်တယ်၊ နင် ငါ့ကို လိမ်တယ် ညာတယ်။ ပြီးတော့ ကွယ်ရာမှာလည်း ချိုးချိုးဖွဲ့ဖွဲ့ ပြောသေးတယ်"

"နင် ဂ့ါအချစ်တွေကို သိမ်သိမ်ဖျင်းဖျင်းနဲ့ စော်ကားရက်တယ်။ နင်ဟာ အရမ်းရက်စက်တဲ့မိန်းမ"

"နင်ဟာ အကြင်နာတစ်စက်ကလေးမှကို မရှိတဲ့ မိန်းမ"

"နင်ဟာ ကမ်းကုန်အောင်ကို ယုတ်မာ ကောက်ကျစ်တဲ့ မိန်းမ"

စသည့် စကားများဖြင့် လက်ညှိုးငေါက်ငေါက်ထိုးကာ ပစ်ပစ်ခါခါပင်ပြောခဲ့ပြီး လမ်းခွဲမည်လား ...

ထိုသို့မဟုတ်လျှင်လည်း သူ့အကြောင်းများကို လုံးဝမသိသောပုံစံဖြင့် သူ့နားချည်းကပ်ကာ အပြင်မှ သူ့အကြောင်းများ ထပ်မံနားစွန်နားဖျား ကြားသိလာသည့်ပမာ သူ့ကို ထိုကိစ္စ ဟုတ်မဟုတ် မေးရင်း တုန့်ပြန်ဖြေရှင်းလာမည့် သူ၏အလိမ်အညာစကားများကို အားရအောင် နားထောင်ပြီးမှ ကျွန်တော် သိသမျှကို ဖွင့်ချလျက် လက်ညှိုးထိုးရယ်မောရင်း လမ်းခွဲမည်လား။

စသည်ဖြင့် အမျိုးမျိုး စဉ်းစားကြည့်မိ၏။ သို့သော် တစ်ခုမှ သဘောမတွေ့။

ဘယ်လိုဖြစ်စေ ထိုသို့သော လမ်းခွဲနည်းတို့မှာ တခြား ရိုးရိုးချစ်သူများ သာမန်လမ်းခွဲကြပုံမျိုးပင် ဖြစ်ပါသည်။ ထိုသို့သာ လုပ်ခဲ့လျှင် ကျွန်တော်၏ အရေထူခဲ့ပြီးဖြစ်သော လတ်လတ်ဝေက လုံးဝပင် မှုလိမ့်မည်မထင်။

ကျွန်တော့်ကိုပင် "ရှူးလိုက်တာ၊ နှမ်းလိုက်တာ"၊ ဟိုကောင်တော့ ငါ့ကို တော်တော် ဒေါပွသွားတယ်" စသည်ဖြင့် ကွယ်ရာတွင် လှောင်ပြောင်ကဲ့ရဲ့ချင် ကဲ့ရဲ့နေပေလိမ့်ဦးမည်။

နောက်ပြီး ဤမျှအထိ ကျွန်တော့်မေတ္တာတို့ကို အနိုင်ယူစော်ကားခဲ့သူအား ထိုလောက်နှင့်သာ လမ်းခွဲလိုက်ရမည်ဆိုလျှင် မတန်၊ ကျွန်တော့် အညှဲခံခဲ့ရသော ကာလတစ်လျှောက်တို့အတွက် သူ့ကိုတစ်ခုခုတော့ ပြန်လည်မှတ်သားသွားစေချင်၏။ အကြောင်းလေး သိအောင်တော့ ပြလိုက်ချင်ပါသေးသည်။

ကျွန်တော့်လိုကောင်မှာ ချစ်၍သာ အနစ်နာခံမည်။ ယခုလိုတော့ သိက္ခာကို ချိုးဖဲ့၍ ခပ်လွယ်လွယ် အနိုင်ပိုင်းသွားလို့မရဟု ယောကျ်ားမာနကို ပြလိုက်ချင်သေး၏။

ကျွန်တော့်မှာ အစက မသိခဲ့သဖြင့် သူနှင့် ပတ်သက်၍ ညှဲခဲ့သူတစ်ယောက်တော့ ဖြစ်ခဲ့ရပြီ။ ယခု ဆက်လက်၍ပါ (လမ်းခွဲကြစဉ်၌) ပျော့ညံ့သူတစ်ယောက် ဆက်မဖြစ်လိုတော့။

မင်းလှည့်စားချင်တိုင်း လှည့်စား၊ စော်ကားချင်တိုင်း စော်ကားထားတာကို ငုံ့ခံနေတတ်မယ့် ယောကျ်ားမျိုးထဲမှာ ငါမပါဘူး လတ်လတ်ဝေ။

(၈)

## နေထိုင်ခြင်း

ဒီနေ့နှင့်ပါဆိုလျှင် ကျွန်တော် ကျောင်းမတက်သည်မှာ သုံးပတ်တိတိမျှပင်ရှိသွားပြီ။ ထို့ကြောင့် သူနှင့်မတွေ့သည်မှာလည်း သုံးပတ်ပင် ရှိသွားခဲ့ပြီဖြစ်၏။

နာကျည်းခံပြင်းဖို့ ကောင်းလှစွာပင် ကျွန်တော်က သူ့ဆီ အဆက်အသွယ်မလုပ်သည်နှင့် သူကလည်း ခပ်

အေးအေးပင် ပြန်၍ အဆက်အသွယ်မလုပ်ပါ။ အိမ်ထဲမှာ နေရင်းက အခုအချိန်ဆို သူတစ်ယောက် ၄င်း၏ များပြားလှစွာသော အဖော်များထဲမှ တစ်ယောက်ယောက်နှင့် အကြည်ဆိုက်နေရောပေါ့ဟု မကြာခဏပင်တွေးမိ၏။ သူ ကျွန်တော့်ကို မေ့၍နေမည်မှာတော့ ကျိန်းသေပါသည်။

ကျွန်တော်ဆိုသည့် သူ့ကို အရမ်းချစ်ခဲ့၊ ပြောခဲ့သမျှ ယုံခဲ့ဖူးသည့်လူတစ်ယောက်မှာ သူ၏ ကြုံကြိုက်ပါက ကစားလိုက်စရာ ခပ်မှုန်ဝါးဝါးသတ္တဝါတစ်ကောင်အဖြစ်သာ သူ၏သဏ္ဍာန်တွင် ရှိနေပါလိမ့်မည်။ ကျွန်တော်၏ ကြင်နာမှု၊ ယုယမှု၊ မြတ်နိုးစွာ အနစ်နာခံခဲ့မှု ဟူသမျှမှာလည်း သူ့အတွက် ဟာသပျက်လုံးတစ်ခုလောက်သာ ရှိနေခဲ့ပေလိမ့်မည်။

မည်သို့ဆိုစေ သူ့ကြောင့် အဖတ်ဆည်မရအောင်ပင် တန်ဖိုးမဲ့ခဲ့သော ကျွန်တော့်နှလုံးသားကို သူ မကြာခင်ပင် ထိုက်တန်စွာ ပြန်လည် ပေးဆပ်ရပါလိမ့်မည်။ ယခုလောလောဆယ်တော့ ကျွန်တော့်မှာ နောက်တစ်ပတ်ဆက်၍ ကျောင်းမတက်ဖို့သာ ဆုံးဖြတ်လိုက်ရ၏။

၄င်းမှာ သူနှင့်တိုက်ရိုက်ပင် သက်ဆိုင်သော်လည်း သူ့ကြောင့်တော့ (လုံး၀)မဟုတ်ပါ။ ကျွန်တော်သာ ကျောင်းတက်ခဲ့လျှင် ကျွန်တော့်ကို ကြည့်၍ သူနှင့် ကျွန်တော့်

အကြောင်းကို စကားတင်းဆိုကြမည့် ဘေးလူတို့၏ တီးတိုး သံများကို နားမခံနိုင်သောကြောင့်သာဖြစ်သည်။

ကျွန်တော့်ကိုမြင်၍ သနားဟန် သို့မဟုတ် လှောင် ပြောင်ချင်ဟန်တို့ဖြင့် စိုက်ကြည့်ကြမည့် မျက်လုံးပေါင်းများ စွာ၏ဒဏ်ကို ကျွန်တော်မခံနိုင်ပါ။ ထို့ပြင် ကျွန်တော်နှင့် သူ၏ပြောင်းလဲသွားမည့် ဆက်ဆံရေးများကို မြင်သိပါက အနည်းနည်းအဖုံဖုံ စူးစမ်းလာကြမည့် မေးခွန်းများကိုလည်း ကျွန်တော်ခံနိုင်မည်မဟုတ်။

ထို့ကြောင့်ပင် ကျောင်းလည်းမတက်၊ ဘယ်ကို မှလဲမသွားဘဲ ကျွန်တော်တစ်ယောက်တည်း အခန်းအောင်း ကာ သူ့ကိုရက်ပေါင်းများစွာ နာကျည်းနေတော့၏။

သူစော်ကားခဲ့သည်များကို တစ်ခုချင်းပြန်တွေးရင်း ရင်ထဲ တနုံ့နုံ့ပင် နာကျင်နေတော့သည်။ ထို့နောက် တဖြည်းဖြည်း ရင်ထဲမှ ပြင်းပြလာခဲ့ရသော ဆန္ဒမှာကား သူ့ကို တန်ရာတန်ကြေး ပြန်ပေးလိုက်ချင်ခြင်းပင်ဖြစ်၏။

(၉)

## ဆုံးဖြတ်ခြင်း

"ကလဲ့စားချေခြင်း" ဆိုသည်မှာ စကားလုံးငါးလုံးသာရှိသော်လည်း တော်တော်ကို ကျယ်ကျယ်ဝန်းဝန်းစဉ်းစားရသော ကိစ္စဖြစ်သည်။ အခက်အခဲများ၊ အန္တရာယ်များ များလှသလို သေသေချာချာ ထိရောက်နိုင်ဖို့ကိုလည်း ခဲယဉ်းသည်။

ကျွန်တော် သူ့ကိုဖြစ်စေချင်သည်မှာ ကျွန်တော့် အပေါ် သူပြုဖူးခဲ့သမျှတို့နှင့် ကျေလည်စွာ သူ ပြန်လည် ရှုံးနိမ့်စေချင်ခြင်းပင်ဖြစ်၏။

ထိုသို့လုပ်ဖို့အတွက် ကျွန်တော့်တွင် နည်းလမ်း များစွာမရှိ။ အချိန်လည်း များများစားစားမရှိ။

ယခုအချိန်၌ ကျွန်တော့်နေရာတွင်သာ ယုတ်မာ တတ်သော ယောကျ်ားတစ်ယောက်ဆိုပါက လွယ်လွယ် လေးပင်ဖြစ်သည်။ သူ့ကို လိမ်ညာလှည့်ပတ်ကာ အပါခေါ် ၍ ဖျက်ဆီးလိုက်ရုံပင်ဖြစ်၏။ သို့သော် ကျွန်တော် ထိုသို့ မယုတ်မာချင်ပါ။

နောက်ပြီး ထိုသို့သာလုပ်လိုက်ပါက သူ့အပေါ် တွင် ကျွန်တော်သာ ထပ်မံရှုံးနိမ့်သွားပါလိမ့်ဦးမည်။ ပြစ်မှု အမည်းစက်တစ်ခု သူ့အပေါ်တင်ရှိဖူးသူအဖြစ် တစ်သက်လုံး သူ့ရှေ့ ခေါင်းငုံ့နေရတော့မည်သာဖြစ်၏။ ထို့ပြင် သူ့လို ခပ်ကဲကဲစရိုက်မျိုးရှိသူကလည်း ကျွန်တော် ထိုသို့ ပြုလုပ် လိုက်သည်ကို နာကျည်းရကောင်းမှန်းသိမည်မဟုတ်။ ပြီးပြီး ပျောက်ပျောက်ပင် မေ့လျော့သွားကာ ကျွန်တော်သာ ယုတ်မာကောက်ကျစ်သူတစ်ယောက်အဖြစ် ကျန်ခဲ့ရမည် ဖြစ်၏။

ထိုမှလွဲ၍ သူ့ကို အခြားနည်းလမ်းဖြင့် ကလဲ့စား ချေဖို့ဆိုသည်များကျတော့လည်း သိပ်တော့မလွယ်ကူပါ။

သူ့လို မူယာမာယာများလျက် ရင်ထဲ ဘယ်တော့မှ စွဲစွဲမြဲမြဲ မရှိသောသူအပေါ် မည်သည်ကမျှ ရိုက်ခတ်ထိရောက်စေလိမ့်မည်မထင်။

ကလဲ့စားချေခြင်းနှင့် လျော်ညီစွာ သူ့ကို သေသေချာချာပင် သိရှိခံစားသွားစေချင်သေး၏။ ဘာပဲဖြစ်ဖြစ် သူကျွန်တော့်ကို ပေးခဲ့သည့် ဒဏ်ရာများနှင့် အလားတူပင် သူ့ကို ပြင်းပြင်းထန်ထန် အပြစ်ပေးချင်နေ၏။

ဤသို့ဖြင့် သူ့ကို ကိုယ်ထိလက်ရောက်ရိုက်ခတ်နာကျင်စေဖို့ လူပုံအလယ်တွင် သိက္ခာချအရှက်ခွဲဖို့ စသည်ဖြင့်အမျိုးမျိုးစဉ်းစားသော်လည်း ဘယ်တစ်ခုကမှ ကျွန်တော်ပေးချင်သည့် အပြစ်ဒဏ်မျိုးကို မကျေလည်ခဲ့ပါ။

တခြားလျှောက်၍ စဉ်းစားနေမိသည်များမှာလည်း တရားဥပဒေ၊ လူ့ယဉ်ကျေးမှုတို့နှင့် ငြိစွန်း၍နေပြန်၏။ မည်သို့ဆိုစေ ထိုသို့ငြိစွန်းနေသော အပြစ်ပေးနည်းမျိုးထဲမှလည်း သူ့ကို တကယ်ထိခိုက်သွားစေမည့် နည်းလမ်းကို ကျွန်တော်မတွေ့ခဲ့မိပါ။

လူတစ်ယောက်အထူးသဖြင့် သူ့လိုလူတစ်ယောက်ကို တကယ် ရင်ထဲ ထိခိုက်သွားစေနိုင်စရာ အပြစ်ဒဏ်မျိုး ကရှားလှ၏။ ထို့ပြင် ရိုးရိုးအပြစ်ပေးချင်ရုံ အပြစ်ဒဏ်မျိုး မဟုတ်ဘဲ သူ့ကို ကိုယ်လုပ်ခဲ့သည့်ကိစ္စအား တကယ်ပင်

နောင်တကြီးစွာရစေချင်သော တစ်သက်လုံး မှတ်မှတ်သားသားဖြစ်နေစေချင်သော တစ်ခါထဲ၌ ဦးကျိုးရှုံးနိမ့်သွားစေချင်သော အပြစ်ဒဏ်မျိုးမှာတော့ ပို၍ပင် ရှားပါးပါလိမ့်မည်။ ကျွန်တော် ရှာဖွေစဉ်းစားကြည့်သမျှမှာတော့ သူ့ကို ကျွန်တော် တကယ်ပိုင်ပိုင်နိုင်နိုင် တုံ့ပြန်နိုင်စရာ ဘာမှမရှိ။

ကျွန်တော့်အပေါ် ကြင်နာတတ်သည့်နှလုံးသားမရှိသူမို့လည်း ထိရှကြေကွဲအောင် မတတ်နိုင်ရသည်ဖြစ်၏။ နောက်ဆုံးမှာတော့ ကျွန်တော့်မှာ တဖြည်းဖြည်း လက်လျှော့လိုက်ရတော့မလိုပင်ဖြစ်လာခဲ့သည်။ အခန်းအောင်းနေဖြစ်သော နေ့ရက်များသာ ဆထက်တိုး၍ ရှည်ကြာလာခဲ့၏။ ကျွန်တော့်အတွက် ဖြေရှင်းစရာကိုတော့ ဘယ်လိုမှပင် ရှာ မတွေ့မိ။

တရိရိဖြင့် ၄င်းဖြစ်ရပ်ကြောင့် ကျွန်တော့်အနာဂါတ်ပင် လမ်းပျောက်ရတော့မလို ဖြစ်လာခဲ့သည်။ ထို့ကြောင့်ပင် ဖြစ်လိုရာ ဖြစ်စေတော့ဟုသာ စိတ်ဒုန်းဒုန်းချမိ၏။ ဘာမှ ထပ်စဉ်းစား မနေချင်တော့။ နောက်တစ်နေ့၌ ကျွန်တော် ကျောင်းပြန်တက်မည်။ ထိုအခါ သူနှင့်ပြန်တွေ့ကြလျှင် စိတ်ထဲရှိသလောက် (ဒေါသအလျောက်သာ) လုပ်ပစ်လိုက်မည်ဟု တွေးလာမိတော့၏။

စိတ်ထဲ တွေးစရာကုန်သည်နှင့် အနည်းအကျဉ်း တော့ရင်ပေါ့သွားသလိုရှိသည်။ ထိုနေ့တစ်နေ့လုံးပင် သူ့ အကြောင်းကို မစဉ်းစားမိ။ နောက်တစ်နေ့ ကျောင်းပြန် တက်ဖို့ကိုသာပြင်ဆင်နေမိ၏။ ညရောက်သည်အထိလည်း ထိုကီစွကို ကျွန်တော်သိပ် မတွေးမိတော့ပါ။

သို့သော် ညဘက် အိပ်ရာဝင်၍ နဖူးပေါ် လက် တင်လိုက်သည်နှင့် ထိုကီစွက ကျွန်တော့်ခေါင်းထဲ ရစ်ဝဲ ပေါ်လာပြန်လေသည်။ ရင်ထဲတွင် မကျေမလည်ကြီး ဖြစ် မိ၏။ သူနှင့်ပတ်သက်သည့် ဆုံးဖြတ်မိသမျှကို ဘဝင်မကျ။

နောက်နေ့ သူနှင့်တွေ့သည့်အခါ ဘယ်လို တုန့် ပြန်မှာလည်းဟု ကြိုတွေးမိတော့ ပို၍ပင် ဆိုးသေး၏။ တကယ့်တကယ်တမ်း သူသည် ကျွန်တော်၏ချစ်ခြင်းမေတ္တာ နှင့် ဂုဏ်သိက္ခာကို ထိပါးခဲ့သူဖြစ်၏။ သာမန်လူတစ်ယောက် သာဖြစ်သည့် ကျွန်တော့်အတွက် ဂုဏ်သိက္ခာကိုတော့ ထား ပါဦး။ ချစ်ခြင်းမေတ္တာမှာတော့ ကျွန်တော့်အတွက် တန်ဖိုး မြင့်မြင့်ရှိသောအရာဖြစ်သည်။ ထို့ကြောင့် မည်သို့ပင်ဖြစ်စေ ချစ်ခြင်းမေတ္တာနှင့်ပတ်သက်သော ကီစွအပေါ် ကျွန်တော် ပြီးစလွယ်လုပ်မပစ်ချင်ပါ။

အကြီးမားဆုံး မေတ္တာတရားကိုမှ စော်ကားရက်သူ အပေါ် မေတ္တာတရားနှင့်ပတ်သက်၍ပင် တုန့်ပြန်မှ ညီမျှ ပေလိမ့်မည်ဟု တွေးတောမိ၏။ သို့သော် ထိုအခါ

ကျွန်တော့်အတွက် ခက်ခဲရပြန်သည်ကတော့ သူ့တွင် ကျွန်တော်နှင့်ပတ်သက်၍ အနည်းငယ်မျှပင် မေတ္တာတရားတို့ရှိမနေခြင်းဖြစ်သည်။ ကျွန်တော်နှင့်ပတ်သက်၍ ဘာမှ ခံစားချက်ရှိမနေသူအပေါ် ဘယ်လိုများ ကျွန်တော် တုန့်ပြန်ရပါမည်နည်း။

ထိုကိစ္စဖြင့် ထိုတစ်ညလုံးပင် ကျွန်တော် အိပ်မရ။ ကျွန်တော့်ကို ချစ်မနေသည့်အတွက် ဘယ်လောက်ပင် ကျွန်တော်က စိမ်းကားပြလည်း သူခံစားရလိမ့်မည်မထင်ပါ။ သူနှင့် ကျွန်တော့်ကြားတွင် ချစ်ခြင်းမေတ္တာဆိုသည်ကို လက်နက်ပြစွမ်းစရာ ဘယ်လိုမှပင် ကျွန်တော်တွင် နည်းလမ်းမတွေ့မိပါ။

ယင်းသို့ဖြင့်ပင် ကျွန်တော် ညတစ်ညလုံးကို တလူးလူးတလွန့်လွန့်ဖြင့် ကျော်လွှား လွန်မြောက်ခဲ့ရ၏။ အာရုံထဲတွင် မီးခိုးငွေ့တို့ ပြည့်လျှောင်ကျပ်ခဲနေသလို ရှိသည်။ ဦးနှောက်သည် တင်းကျပ်သည်ထက် တင်းကျပ်လာ၏။ ခံစားချက်တို့မှာ ရှုံးနိမ့်ကြေကွဲမှုအဖြစ် တစစ အသွင်ပြောင်းလာနေသည်။ နံနက်လင်းလုဆဲအချိန်မှသာ မေးကာနဲ အိပ်ပျော်သွားရ၏။ အိပ်မက်ထဲတွင်ပင် ကျွန်တော် ထိုကိစ္စကို ဆက်အဖြေရှာနေမိသည်။

နံနက်လင်းသော် အိပ်ရာမှရီဝေစွာဖြင့်ပင် နိုးလာခဲ့၏။ နှစ်နှစ်ခြိုက်ခြိုက် အိပ်မပျော်သဖြင့် ခေါင်းထဲ ရီဝေ

အုံခဲနေခဲ့သည်။ အိပ်ရေးမဝသေးသော်လည်း ဆက်အိပ်၍ မရတော့ဘဲ အိပ်ရာထဲသာ ဆက်လှဲနေမိ၏။ ဒီနေ့တော့ ကျောင်းသွားရတော့မည်ဟု သိသည်။ ဘာပဲဖြစ်ဖြစ် သူနှင့် တွေ့ရပေတော့မည်။ စိတ်ညစ်ညူးစွာ ပင်ပန်းစွာဖြင့်ပင် ဟိုဟိုဒီဒီလျှောက်စဉ်းစားနေမိသည်။

ထိုစဉ်မှာပင် ခေါင်းထဲ ဖျပ်ခနဲ အသိတစ်ခုကို ရလာမိ၏။ အစဦး၌ ၄င်းသည် မပီပိုးတဝါးနှင့်သာဖြစ်၏။ သို့သော် ခဏတွင်းချင်းမှာပင် ထင်ရှားလာခဲ့သည်။ ခေါင်းထဲတွင် စဉ်းစားလိုက်မိသောအသိမှာ သူ၏ မေတ္တာတရားနှင့်ပတ်သက်၍ပင်ဖြစ်၏။ လက်လတ်ဝေတွင် အချစ်ဆိုသည်မှာ လုံးဝမရှိတော့ဘူးလား။ ဒီလောကကြီးထဲတွင် သူချစ်မြတ်နိုးသူတစ်ယောက်မှ မရှိတော့ဘူးလား ဟူ၍ ဖြစ်၏။ နောက်ဆုံး သူချစ်မြတ်နိုးသောအရာ တစ်စုံတစ်ခု အပေါ်သာ ကျွန်တော် ခုတုံးပြုကာ သူမကို ပြန်လည်တုန့်ပြန်နိုင်ခဲ့လျှင်ဟုတွေးမိသောအခါတွင်တော့ ကျွန်တော် အိပ်ရာပေါ်မှ ဝုန်းကနဲ ခုန်ထမိခဲ့တော့၏။

## (၁၁)

## [illegible]

အချိန်တော်တော်ကြာကြာ ပုန်းရှောင်နေပြီးမှ လတ်လတ်ဝေနှင့် ကျွန်တော် ပြန်တွေ့ကြသောအဖြစ်သည် သူ့အတွက်တော့ မသိ။ ကျွန်တော်တော့ အနည်းငယ် ရယ်ချင်နေမိ၏။ ကျွန်တော်နှင့်ဝေးနေသော ကာလအတွင်း ဘယ်နှစ်ယောက်လောက် ပြောင်းပြီးလေပြီ မသိသော်လည်း

အရင်လို ချိုမြနေဆဲအပြုံးမှာတော့ နည်းနည်းမှ ပြောင်းလဲမသွားခဲ့ပါ။ သို့သော် ၄င်းမှာ ဟန်လုပ်နေခြင်းဖြစ်မှန်း ကျွန်တော်သိခဲ့နှင့်ပြီ။ ကျွန်တော်ကလည်း အရင်လိုပင် သူ့အပေါ် ချစ်မြတ်နိုးလှဟန်ဆောင်ထားခဲ့၏။

ရယ်စရာတော့ အတော်လေးကောင်းပါသည်။ ချစ်ဟန်ဆောင်ထားကြသူ လူနှစ်ယောက် ချစ်သူတွေထိုင်သော ခုံတန်းလျားပေါ်တွင်ထိုင်ကာ ရင်ထဲကမဟုတ်သော ချစ်စကားများကို တတွတ်တွတ်ပြောနေကြ၏။ ကျွန်တော်လည်း ခပ်ရယ်ချင်ချင် ဖြစ်နေသော်ငြား သူ့ဆီမှာ ဘယ်လိုစကားတွေများထွက်လာဦးမလဲဟု အလိုက်သင့်နေခဲ့သည်။

အတန်ကြာအောင်ထိ သူ့အရှိန်နှင့်သူ လျှောက်ပြောနေပြီးမှပင် ကျွန်တော်ဘက်က ထူးခြားချက်ကို သတိပြုမိသွားဟန်တူ၏။ သူ့မျက်နှာတွင် အံ့ဩထူးဆန်းဟန် အရိပ်တစ်ချို့ တဒင်္ဂပေါ်ပေါက်သွားသည်။ သို့သော် ခဏချင်းနှင့်ပင် ပြန်လည် ကွယ်ပျောက်သွား၏။ ဆက်၍ သူစကားတို့ဆိုနေသော်လည်း ထိုမှ နောက်ပိုင်းအချိန်များ၌ ကျွန်တော့်ကို မသိမသာ အကဲခတ်နေလေတော့သည်။

ကျွန်တော့်စိတ်ထဲတွင် ပို၍ပင် ရယ်ချင်လာ၏။ ယခုအချိန်တွင် သူနှင့် ကျွန်တော်မှာ ချစ်သူတွေလိုအဖြစ် ဟန်လုပ်၍ စကားပြောနေကြသောအခြေအနေတွင်ပင် မရှိ

တော့ပါ။ တစ်ယောက်ကိုတစ်ယောက် စောင့်ချောင်းနေကြသော ပြိုင်ဘက်နှစ်ဦးပမာ ဖြစ်နေ၏။

ဘယ်သူက ပိုပြီး ပိရိနိုင်သည်လဲ။ ဘယ်သူက ပိုပြီးသွေးအေးနိုင်သည်လဲ ဆိုသည်ကို ပြိုင်နေကြသော၊ ဘယ်သူကစပြီး ဒီအခြေအနေကြီးကို ဖောက်ခွဲပစ်လိုက်မည်လဲဆိုသည်ကို စောင့်နေကြသော လူနှစ်ယောက်သာ ဖြစ်နေတော့သည်။

ထိုသို့ဖြင့်ပင် အချိန်များ တမြည့်မြည့် ကုန်ဆုံးသွားကြ၏။ ညနေပိုင်းသို့ပင် ချဉ်းကပ်ခဲ့ပြီ ဖြစ်သည်။ ကျွန်တော်နာရီကို ကြည့်မိသည်။ အချိန်ကျလောက်ပြီဟု သိ၏။ ဒီလောက်ဆိုရင် မင်းနဲ့ငါ ချစ်သူတွေလုပ်တမ်း ပြဇာတ်ကနေတာ တော်လောက်ရောပေါ့ လတ်လတ်ဝေရယ်။

ဆုံးဖြတ်ပြီးသည်နှင့်ပင် ကျွန်တော့်မျက်နှာထားတို့ တင်းမာသွားကြ၏။ ဟန်ဆောင်ထားသော မျက်နှာဖုံးများ ကွာကျကုန်သည်။ စိတ်ထဲရှိသည့်အတိုင်းပင် သူ့ကို ခပ်တင်းတင်း ကြည့်လိုက်၏။ ကျွန်တော့်အကြည့်ကြောင့် သူ ရုတ်တရက် အမ်းသွားသည်။ ထို့နောက် သူနှင့် ကျွန်တော့်ကြားတွင် တဒင်္ဂ တိတ်ဆိတ်သွားသည်မှာ ကျွန်တော် စကားစပြောလိုက်ချိန်အထိပင် ဖြစ်၏။

"ငါ မင်းကို မချစ်တော့ဘူး" ထိုစကားကို ပြော လိုက်သောအခါ ထင်မှတ်ထားသည့်အတိုင်းပင် သူ အံ့ဩ သွား၏။ သို့သော် ထင်မှတ်ထားသလောက်တော့ အံ့ဩ မသွားပါ။ 'မင်း' နှင့် 'ငါ' ဟူသော အသုံးအနှုန်းကြောင့် လည်းကောင်း၊ မထင်မှတ်သော ကျွန်တော်၏ စကား ကြောင့်လည်းကောင်း၊ သူ ကျွန်တော့်စကားကို ဘာမှ မတုန့်ပြန်နိုင်ပဲတော့ဖြစ်သွားသည်။

"ငါ့မှာ အခု တခြား ချစ်ရမယ့်သူ ရှိနေပြီ" ဟု ဆက်ပြောလိုက်သည့်အခါတွင်တော့ သူ့မျက်နှာထက်မှ အံ့ဩနေဟန်တို့ပျောက်ကွယ်သွားကြ၏။ ထိုအစား မျက်နှာ ပေါ်တွင် မထေမဲ့မြင်အပြုံးတစ်ခုသာ ဖြစ်ပေါ်လာခဲ့၏။ ချက်ခြင်းပင် တစ်စုံတစ်ခု ပြန်ပြောဖို့ပြင်သည်။

သို့သော် သူ စကားမစနိုင်ခင်မှာပင် ကျွန်တော် ကိစ္စတစ်ခုကိုဆောင်ရွက်နိုင်ခဲ့၏။ သူနှင့်ဆက်ဆံဖူးသမျှတွင် ကျွန်တော် အားအရဆုံးသော လုပ်ဆောင်မှုပင်ဖြစ်သည်။ အိတ်ကပ်ထဲမှ ဓါတ်ပုံတစ်ပုံကို သူ့ထံ ထုတ်ပြလိုက်ခြင်း ဖြစ်၏။ တစ်ဆက်တည်းတွင် ...

"ဒါ ငါ့ချစ်သူပဲ" ဟူ၍လည်း ပြောပြလိုက်သေး သည်။ ထိုစကားအပြီးတွင်တော့ ကျွန်တော့်မှာ ပြောစရာ စကားမရှိတော့ပါ။ သူ့ထံမှ တုံ့ပြန်မှုကို စောင့်ရန်သာရှိပါ တော့သည်။

သူ၏ တုံ့ပြန်မှုမှာလည်း အတော်ပင် လျင်မြန်၏။ ဓါတ်ပုံကို မြင်လိုက်ခြင်းမှာပင် သူ့မျက်နှာ မည်းကနဲ ဖြစ်သွားပြီး အမြဲတစေ ဟန်ဆောင်ကောင်းခဲ့သူမှာ လုံးဝပင် အသိလွတ်သွားခဲ့သည်။

"ဒါ ... ဒါ" ဟုဆိုကာ ဘာဆက်ပြောရမှန်းမသိ ဖြစ်နေ၏။

"အေး ... ဟုတ်တယ်၊ အဲဒါ မင်းညီမပဲ" ဟု ကျွန်တော်ပြောလိုက်သောအခါတွင်တော့ သူသည် လုံးဝပင် ပါးစပ်အဟောင်းသား ဖြစ်သွားတော့၏။ နောက်ဆုံး ...

"ဒါပေမယ့် ခုတော့ အဲဒါ ငါ့ရဲ့ ဒုတိယမြောက် ချစ်သူပေါ့ကွာ"

ဟု စကားကို အဆုံးသတ်လိုက်သောအခါ တွင်တော့ သူ ကြောင်အမ်းကာ ငြိမ်သက်သွားတော့သည်။ အံ့သြခြင်း၊ မယုံနိုင်ခြင်း၊ စိတ်ဆိုးဒေါသထွက်ခြင်းတို့ ပေါင်းမှာ သူ့မျက်နှာထက်တွင် ရောပြွမ်းယှက်သန်းလာ၏။

ကျွန်တော့်ကို ဘယ်လို တုန့်ပြန်ပြောဆိုရမည် မသိဖြစ်နေပြီး တစ်ခုခုလည်း တုန့်ပြန်ချင်နေပုံရလေသည်။ သူနှင့်ဆက်ဆံရသော ကာလတစ်လျှောက်တွင် ယခုအချိန် သူ ကျွန်တော့်ကို ကြည့်သည့်အကြည့်ကိုတော့ ကျွန်တော်

သဘောအကျဆုံး ဖြစ်၏။ အရင်လို ကျွန်တော့်အပေါ် အထက်စီးရနေသည့်အသွင် လုံးဝမပါဝင်ဘဲ ယခုအကြည့်မှာ သူ့စိတ်ထဲရှိသမျှကို အတိအကျ ဖော်ထုတ်လှစ်ပြနေပေ၏။

ယခုအချိန်မှာ သူ အငိုက်မိသွားသောအချိန် ဖြစ်သည်။ ထို့ကြောင့်ပင် ယခုအချိန်သည် ကျွန်တော် အနိုင်နှင့်ပိုင်းဖို့ အကောင်းဆုံးအချိန် ဖြစ်လေသည်။ ကြောင်အမ်း မင်သက်နေသည့် သူ့မျက်နှာကို တစ်ချက် မချိမချဉ်ကြည့်ရင်း ကျွန်တော် တစ်ခါတည်း အနိုင်ပိုင်းခဲ့ဖို့ ဆုံးဖြတ်လိုက်၏။

သို့နှင့် တစ်ခုခုပြောရန်ရှိနေသော်လည်း ဘာပြော ရမှန်းမသိဖြစ်နေသော သူ့ကို နောက်ဆုံးစကားတစ်ခွန်းဖြင့် စွန့်ခွာထားခဲ့လိုက်တော့သည်။

"ဩော် ဒါနဲ့ မင်းကို ပြောရဦးမယ် သိလား၊ သူက ငါ့ကို သိပ်ချစ်တယ်ကွ၊ ငါကတော့ ..."

ဟု ဆိုကာ စကားကို တစ်ပိုင်းတစ်စနှင့် ရပ်တန့်ပြီး ရယ်မောရင်း ထရပ်ထွက်ခွာသွားသည့်အခါတွင် တော့ လပေါင်းများစွာ ကျွန်တော် ခံစားလာခဲ့ရသော အရှုံးသည် ယခုမှစ၍ ကျွန်တော့်ဘက်တွင် ရှိမနေတော့ ပြီဖြစ်ကြောင်း ကျန်ရစ်ခဲ့သောသူ့မျက်နှာထားဆီမှ တစ်ဆင့် သိလိုက်ရ၏။ ထို့အတူ ကျွန်တော့်ရယ်သံများမှ တစ်ဆင့် လည်း သူ ကျွန်တော့်သဘောထားကို သိသွားပါလိမ့်မည်။

ထိုနေ့က ကျွန်တော်၏ အပြန်လမ်းသည် ခါတိုင်းလို မဟုတ်တော့ဘဲ လင်းချင်းအရောင်တောက်နေတော့၏။

❋ ❋ ❋

အမှန်တကယ်ဆိုပါလျှင် ကျွန်တော် လတ်လတ်ဝေ၏ ညီမအား လူကိုယ်တိုင်အနေဖြင့် မြင်ပင် မမြင်ဖူးပါ။ လတ်လတ်ဝေကို ကလဲ့စားချေရန်သာ ထိုသို့ ချစ်သူသဖွယ် ပြောလိုက်ရခြင်းဖြစ်၏။ လတ်လတ်ဝေအား အထိနာစေနိုင်မည့်အချက်ကို စဉ်းစားရင်း ယင်းဆီ မြားဦး လှည့်လာရခြင်းဖြစ်၏။

ကျွန်တော်၏ မေတ္တာတရားကို စော်ကားသွားခဲ့သူအား မေတ္တာတရား၌သာ ပြန်လည်လက်တုံ့ပြန်ရန် စဉ်းစားမိရာမှ ယင်းအကြံကိုရရှိခဲ့ခြင်းဖြစ်သည်။ လတ်လတ်ဝေတွင် ကျွန်တော့်အပေါ် အချစ်တို့မရှိသော်လည်း တခြား ဘယ်သူ့အပေါ်မှာမှရော သူ မချစ်တတ်တော့ဘူးလားဟု တွေးမိခြင်းမှ စတင်ခဲ့ပါသည်။

သူကိုယ်တိုင်ဆီ တိုက်ရိုက် မဟုတ်သော်လည်း သူတကယ်ချစ်မြတ်နိုးသော တစ်စုံတစ်ယောက် (သို့မဟုတ်) တစ်စုံတစ်ရာအပေါ် ခုတုံးပြု တုံ့ပြန်ရန် ကြိုးစားရာမှ လတ်လတ်ဝေ၏ ဘဝတစ်ခုလုံးအပေါ် ကျွန်တော်

စုံစမ်းဖြစ်ခဲ့တော့၏။ သိပ်တော့ အပမ်းတကြီး မလေ့လာလိုက်ရပါ။ ခဏတွင်းချင်းမှာပင် လတ်လတ်ဝေတွင် သိပ်ချစ်သော ညီမတစ်ယောက်ရှိနေမှန်း သိလိုက်ရ၏။

ယင်း၏ နာမည်၊ ပုံပန်းသဏ္ဍာန်၊ ပညာအရည်အချင်းနှင့် အကျင့်စရိုက် စသည့်အချက်များအပြင် ကူညီတတ်သော သူငယ်ချင်းတစ်ယောက်၏ ကြိုးပမ်းပေးမှုကြောင့် ဓါတ်ပုံတစ်ပုံကိုပါ ရရှိနိုင်ခဲ့၏။

ထိုဓါတ်ပုံကြောင့်လည်း လတ်လတ်ဝေကို ဒီတစ်ပွဲ၌ ကျွန်တော် ပိပိရိရိ အသာစီးယူနိုင်လိုက်ခြင်း ဖြစ်ပါသည်။ သို့သော် သူ့ကို တကယ်တမ်းတော့ ကျွန်တော် ပြတ်ပြတ်သားသား အနိုင် မရသေးပါ။ ကျွန်တော့်ဘက်က ကြိုတင်ပြင်ဆင်လာသောပွဲ၌ သူမထင်မှတ်ဘဲ အငိုက်မိလိုက်ခြင်းသာ ဖြစ်၏။ အမှန်အားဖြင့် လတ်လတ်ဝေနှင့် ကျွန်တော်၏ တိုက်ပွဲက အခုမှ စရမည်ဖြစ်သည်။

တကယ်မဟုတ်သေးပါဘဲလျက် သူ့ညီမအား ကျွန်တော့်ချစ်သူဟု ပြောလိုက်ခြင်းသည် ကျွန်တော့်၏ ဗိန်ခေါ်သံပင်ဖြစ်၏။ နောက်ပိုင်း လတ်လတ်ဝေ အိမ်ပြန်ရောက်၍ သူ့ညီမနှင့်တွေ့လျှင် ကျွန်တော်ပြောခဲ့သည်မှာ တကယ်မဟုတ်ကြောင်း သူ သိသွားပေလိမ့်မည်။ ထိုအခါ လတ်လတ်ဝေမည်သို့ဖြစ်သွားမည်လဲ၊ မည်သို့ ဆက်လက်လုပ်ဆောင်မည်လဲဆိုသည်ကို ကျွန်တော် သိချင်လှ၏။

ဘာပဲဖြစ်ဖြစ် ကျွန်တော့်ဘက်မှာတော့ ထပ်ရှုံးရန် မရှိတော့ပြီ။ ထို့ကြောင့်ပင် ကျွန်တော် ထိုည၌ လများစွာ အတွင်း ပထမဆုံးအကြိမ်အဖြစ် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ခဲ့သည်။ လတ်လတ်ဝေမှာတော့ ကျွန်တော်နှင့် ခြားနားစွာ ထိုည အိပ်လို့သိပ်ရနိုင်မည်မထင်ပါ။ ဖြစ်ပျက်သမျှ အကြောင်းစုံလင်ကို တွေးပြီး မအိပ်ခင်၌ ကျွန်တော် ကြိမ်ဖန်များစွာပင် ဟားတိုက်ရယ်မောမိခဲ့သေး၏။

ထို့နောက် စိတ်ထဲ ပေါ်လာသော "သွယ်လေး" ဆိုသည့် လတ်လတ်ဝေ၏ ညီမနာမည်ကိုလည်း ပါးစပ်မှ ရွတ်ဆိုမိခဲ့သေးသည်။ မူလ ကျွန်တော် လတ်လတ်ဝေပုံထားဖြစ်သော နေရာတွင် ပြောင်းကပ်ထားလိုက်သည့် ပန်းပွင့်ပုံ ပိုစတာကိုလည်း နှစ်ခြိုက်စွာ ကြည့်ခဲ့မိ၏။ နောက်ဆုံးတွင်တော့ ကျွန်တော်သည် သွယ်လေးဆိုသော နာမည်အား တီးတိုးရွတ်ဆိုရင်း၊ ပိုစတာထဲက ပန်းပွင့်ကို စိတ်ထဲမှ ချေမွရင်းနှင့် နှစ်ခြိုက်စွာပင် အိပ်မောကျသွားနိုင်ခဲ့တော့၏။

(၁၁)

## အကောင်အထည်ဖော်ခြင်း

သွယ်လေးနှင့် ကျွန်တော် ပထမဦးဆုံး စတွေ့သောနေ့သည် လတ်လတ်ဝေကို ပြောအပြီး တစ်ပတ်တိတိအကြာတွင် ဖြစ်၏။ ထိုတစ်ပတ်အတွင်းတွင် ကိစ္စအဝဝကို ကျွန်တော် အတော်လေး ပြင်ဆင်နိုင်ခဲ့၏။ သွယ်လေးနှင့် ပတ်သက်သည်များကိုလည်း တော်တော် စုံစုံစေ့စေ့ သိခဲ့ရ

သည်။ မှတ်မှတ်ရရ ကျွန်တော် သွယ်လေးကို စတွေ့ဖူးသည်မှာ လှပသော တနင်္ဂနွေတစ်ရက်မှာ ဖြစ်၏။

❄ ❄ ❄

သွယ်လေးကို ကျွန်တော် တွေ့လိုက်ရခြင်းမှာ ရင်ထဲပေါ်လာသော အသိတစ်ခုသည် တော်တော်လှတာပဲ ဟူ၍ဖြစ်၏။ တစ်ဆက်တည်းပင် သိပ်တော့ လွယ်မှာ မဟုတ်ဘူးဟူ၍လည်း တွေးလိုက်မိသည်။ ပြတ်ပြတ်သားသား တည်တင်းနေသော နှုတ်ခမ်းများသည် မာနနှင့် မာကျောသော စိတ်ခံစားမှုကို အထင်းသားဖော်ပြနေကြ၏။

ဆံပင်တိုတို ဂုတ်ဝဲ၊ အရပ်မနိမ့်မမြင့်နှင့် သူ သွက်လက်စွာ ကျူရှင်မှ ဆင်းလာသည်ကို ကျွန်တော် မနီးမဝေးမှ ရပ်ကြည့်နေခဲ့၏။ ကျွန်တော့်ကို ဖြတ်ကျော်သွားပြီးသည်အထိ သူတစ်စက်မှ လှည့်ကြည့်၍ မသွားပါ။ ထို့ကြောင့် သူအဝေးသို့ ရောက်သွားချိန်အထိ ကျွန်တော့်မှာ ဘာလုပ်ရမှန်းမသိဘဲ ကျန်ရစ်ခဲ့ရသည်။ ဘေးဘီကို လုံးဝမကြည့်ဘဲ သူလှမ်းလျှောက်သွားပုံမှာ မာန်ဟုန်တစ်ခု ပါနေသည့်နှယ် ထင်မိ၏။

ကျွန်တော် နောက်မှ လိုက်ပြောရမည်လား၊ ဘာလုပ်ရမည်လဲ စဉ်းစားနေစဉ်မှာပင် သူ လူအုပ်ကြားထဲ

တိုးဝင်ရောက်ရှိသွားခဲ့သည်။ ခဏတွင်းချင်းမှာပင် မြင်ကွင်းထဲမှ ပျောက်ကွယ်သွား၏။ ကျွန်တော် နောက်မှလိုက်သော်လည်း မမီလိုက်တော့ပါ။ ရှုပ်ပွနေသော လူအုပ်ကြားထဲတွင် မအီမသာကြီးဖြင့်သာ ကျန်ရစ်ရတော့၏။ လုပ်စရာရှိသည်ကို လျှင်လျှင်မြန်မြန် မလုပ်နိုင်သည့်အတွက် ကိုယ့်ကိုယ်ကို မကျေနပ်။

မိန်းကလေးတွေနှင့်ပတ်သက်လျှင် မရဲရင့် မသွက်လက်တတ်သော အကျင့်မှာ မွေးရာပါပင် ဖြစ်နေသည် ထင်မိ၏။ ထို့ကြောင့်ပင် နောက်ထပ်နှစ်ကြိမ် တွေ့ပြီးသည် အထိလည်း သွယ်လေးနှင့်ပတ်သက်၍ ဘာမှ မယ်မယ်ရရ မလုပ်ဆောင်နိုင်ခဲ့ပါ။ သူ ကျူရှင်ဆင်းချိန်များတွင် စောင့်ကြည့်ပြီးလှည့်ပြန်ရုံသာရှိခဲ့၏။

သို့ဖြစ်၍ စတုတ္ထမြောက် သူ့ကို သွားစောင့်ဖြစ်သည့်အခါတွင်တော့ ကိုယ့်ကိုယ်ကို မဖြစ်မနေ ရဲဆေးတင်ထားရတော့သည်။ သူ့ရှေ့မရောက်သေးမီကပင် ပြောမည့် စကားများကို ကြိုတင်စဉ်းစားထားခဲ့၏။ သူလျှောက်လာနေသည်ကို အဝေးက မြင်ကတည်းကပင် ကိုယ့်ကိုယ်ကို အသင့်ပြင်ထားခဲ့သည်။

ခါတိုင်းနေ့များလိုပင် သူ ခပ်သွက်သွက် လျှောက်လာခဲ့၏။ ထို့ပြင် ခါတိုင်းနေ့များလိုပင် ဆံပင်ဂုတ်ဝဲလေးကို

ယမ်းခါနေအောင် လမ်းလျှောက်မြန်လှသည်။ သူ့မျက်နှာပေါ်တွင် ဘာမှလိမ်းခြယ်မထား။ ဝတ်ဆင်နေကျပုံစံဖြစ်ဟန်တူသော ရှပ်အင်္ကျီဖားလျားနှင့် ထမိန်ပြောင်ကို ဝတ်ဆင်ထားခဲ့၏။

လတ်လတ်ဝေနှင့် ခြားနားစွာပင် သွယ်လေးမှာ အိမ်ကကားကို နေရာတကာ စီးလေ့မရှိပါ။ ထို့ကြောင့်ပင် ကျွန်တော့်အတွက် ကျူရှင်အပြန်လိုက်ပြောဖို့ အခွင့်အရေးတစ်ခု ရနေခဲ့ခြင်းဖြစ်၏။ ထိုအခွင့်အရေးကို ယခုတော့ ကျွန်တော် တကယ်ပင် အသုံးချရပါတော့မည်။

သူ ကျွန်တော့်ရှေ့ ရောက်လာသည့်အခါ ကိုယ့်စိတ်ကို ကိုယ်တင်းယူ၍ အတင်းတိုးကပ်သွားရ၏။ သို့သော် သူက လမ်းလျှောက်မြန်သည့်အတွက် ကျွန်တော် နောက်ဘက်ကိုသာ ရောက်သွားခဲ့သည်။

ခပ်သွက်သွက်လျှောက်နေသည့် သူ့နောက်ကို ခပ်မြန်မြန်လိုက်နေရင်းမှ ပထမတော့ ကျွန်တော် ဘာပြောရမည်မှန်းမသိ။ အတင်းဖွတ်မိုတ်၍ ပြောပစ်လိုက်သည့်အခါတွင်တော့ ထွက်ပေါ်လာသော စကားတို့သည် နဂိုကျွန်တော် ကြံစည်ထားသမျှတို့နှင့် တခြားစီ ဖြစ်နေတော့၏။

"အခု အိမ်ပြန်မလို့လားဟင်၊ သွယ်လေး"

နှုတ်ဖျားမှ ထွက်ပေါ်လာသောစကားသံသည် ကျွန်တော် ပြန်မမှတ်မိအောင်ပင် တုန်ရီနေခဲ့၏။ စကားသံကြားလိုက်သောအခါ သူ ဆတ်ကနဲတော့ တစ်ချက်ဖြစ်သွားသည်။ သို့သော် လှည့်၍ပင်မကြည့်။ လမ်းကို ငုံ့ကြည့်လျှောက်နေသော မျက်လုံးအကြည့်အား ဘေးဘက်အနည်းငယ်သာ ခေတ္တမျှစွေကြည့်လိုက်၏။ သူနှင့် သိကျွမ်းသူ မဟုတ်ကြောင်းသိသွားသည်နှင့် မျက်လုံးကို ချက်ချင်းပင် ပြန်ရွှေ့သွား၏။ ထို့နောက် ပုံမှန်အတိုင်းပင် ခပ်သွက်သွက် ဆက်လျှောက်နေတော့၏။ ကျွန်တော့်မှာ လှုပ်ရှားနေသော ရင်ကိုအနိုင်နိုင်ကြိုးစားထိန်းရင်း ခဏအကြာမှာပင် ဒုတိယ တစ်ခွန်း ပြန်စနိုင်တော့၏။

"ဟို ... ကျွန်တော့်ကို စကားနည်းနည်းလောက် ပြောခွင့်ပြုပါနော်"

ဒီတစ်ခါတော့ သူ့ပုံစံမှာ နည်းနည်းမျှ ပြောင်းလဲမသွားခဲ့ပါ။ လမ်းကို လျှောက်မြဲနှုန်းအတိုင်းဖြင့်သာ ဆက်လျှောက်နေပြီး အကြည့်မှာလည်း ရှေ့တည့်တည့်၌သာပုံမှန်အတိုင်းရှိနေခဲ့၏။ ကျွန်တော် ကြောင်အမ်းအမ်းတော့ ဖြစ်လာသည်။ ရှက်ရွံ့သလို ခံစားချက်မှာ ရင်ထဲ ပြင်းထန်ပေါ်ပေါက်လာခဲ့၏။

"ဘာမှလဲ ပြန်မပြောပါလား။ ကျွန်တော်နဲ့ စကားမပြောချင်ဘူးလားဟင်"

ဒီတစ်ခွန်းကိုတော့ ကျွန်တော်အတော်လေးပင် အားယူ၍ မေးလိုက်ရခြင်းဖြစ်၏။ ယခုစကားကိုပါ ဘာမှ မတုန့်ပြန်သည့်အခါတွင်တော့ ကျွန်တော်တင်းထားခဲ့သော စိတ်တို့မှာ လုံးဝကျဆုံးသွားခဲ့ပြီဖြစ်သည်။ ယင်း၏ နောက် မှာတော့ ကျွန်တော် ဘာစကားကိုမှ ထပ်မပြောနိုင်တော့ ပါ။ ဘာပြောရမည်မှန်းလဲ မသိတော့ဘဲ သူ့နောက် မလှမ်းမကမ်းမှသာ ခဏတာ ကြောင်အမ်းအမ်းနှင့် လိုက် နေမိခဲ့သေး၏။ ထို့နောက်တော့ ပုံမှန်အတိုင်းပင် သွက်လက် နေခဲ့သော သူ့ခြေလှမ်းများမှာ တဖြည်းဖြည်း ရှေ့သို့ ရောက်သွားခဲ့ပြီး ကျွန်တော့်ခြေလှမ်းများမှာတော့ တဖြည်း ဖြည်းနှေးလာခဲ့ကာ နောက်ဆုံးမှာ လမ်းလယ်ခေါင် လူတွေ ကြားထဲ၌ ကျန်ခဲ့ရတော့၏။

ထိုမှ နောက်ပိုင်းနေ့ရက်များတွင်တော့ ကျွန်တော် သူ့ကို စကားထပ်မပြောနိုင်တော့ပါ။ ကျွန်တော်စောင့်နေ သည်ကို မြင်မည်ဖြစ်သော်လည်း လုံးဝ ငဲ့မကြည့်ဘဲ၊ ကျွန်တော် နောက်က လိုက်လာသည်ကို သိသော်လည်း လုံးဝပင် အမူအရာမပြောင်းလဲဘဲရှိနေသော သူ့ကို တစ်ခုခု လိုက်ပြောဖို့ရန်မှာ ဘာပြောရမှန်းမသိ၊ မဝံ့စားဘဲလည်း ဖြစ်နေခဲ့၏။ ထို့ကြောင့်ပင် နောက်ပိုင်းရက်များ၌ သူ ကျူရှင်ဆင်းလာသည်ကို စောင့်ကြည့်၊ တော်တော်လှမ်း

လှမ်းအထိ နောက်ကလိုက်၍ ဘာလုပ် ဘာပြောရမည်မှန်း မသိစွာ အိမ်ပြန်လာခဲ့ခြင်းတို့ဖြင့်သာအချိန်ကုန်နေတော့၏။

ထို့ကြောင့်ပင် ရက်အနည်းငယ်ကိုသာ လွန်မြောက်လာခဲ့သော်လည်း ကျွန်တော်တို့ နှစ်ဦးကြားရှိ ဆက်ဆံရေးမှာတော့ ဘာမှ ပြောင်းလဲ တိုးတက်မလာခဲ့ပါ။ အချိန်တွေ အလဟဿသာ ဖြစ်ရသည့်အတွက် ကျွန်တော် စိတ်ပင်နည်းနည်းပျက်လာရ၏။ ဒီလောက် ခက်ခဲနေရင် ဆက်မလိုက်တော့ရကောင်းမလား၊ လတ်လတ်ဝေကို တခြားနည်းဖြင့်သာ တုန့်ပြန်တော့ရကောင်းမလားဟု စဉ်းစားမိသည်။ သို့သော် ဘာကြောင့်ရယ်မသိ၊ ထိုသို့လည်း ကျွန်တော်မလုပ်ချင်ပြန်ပါ။ အချိန်တန်သောအခါ သွယ်လေး ကျူရှင်အောက် ရောက်သွားခဲ့သည်သာဖြစ်၏။

ထိုသို့ဖြင့်ပင် ကျွန်တော်ကလည်း ကျူရှင်ဆင်းချိန်တိုင်း လာစောင့်ရင်း သူကလည်း ပုံမှန်ဂရုမပြုရင်းဖြင့် နေလာခဲ့ကြ၏။ သို့သော် ကံကြမ္မာသည် ကျွန်တော်တို့အား တဖြောင့်တည်း ပုံသေနေထိုင်သွားခွင့် မပေးခဲ့ပါ။ မထင်မှတ်သောတစ်နေ့မှာ ထင်မှတ်မထားသော အလှည့်အပြောင်းတစ်ခုသည် ဘွားကနဲ ပေါ်ပေါက်လာခဲ့၏။ သွယ်လေး ကျူရှင်အဆင်းကို ကျွန်တော် သွားစောင့်ဖြစ်သော နေ့တစ်နေ့ သွယ်လေးတို့ ကျူရှင်နားမရောက်ခင် ခပ်လှမ်းလှမ်း တစ်နေရာမှာဖြစ်သည်။

(၁၂)

ဖျန်းကနဲ လက်တစ်ဖက်သည် ကျွန်တော့်ပါးပြင်သို့ ကျရောက်လာခဲ့၏။ အသံတစ်ခုကပါ ဆက်တိုက်နောက်မှ ကပ်ပါလာခဲ့လေသည်။

"ကဲ၊ မှတ်ထား ယုတ်မာချင်ဦး"

လွှဲရိုက်လိုက်သော အားအရှိန်ကြောင့် ကျွန်တော့်မျက်နှာ တစ်ဘက်စောင်းကျသွား၏။ အရှေ့ဘက်ဆီ ပြန်ကြည့်လိုက်တော့ ...

"ဟင် ... လတ်လတ်ဝေ"

အာမေဋ္ဌိတ်တစ်ခု နှုတ်ဖျားမှ ခုန်ထွက်သွား၏။ ရုတ်တရက် ပြေးရိုက်ခဲ့ခြင်းဖြစ်သဖြင့် ခုနတုန်းကတော့ ရိုက်လိုက်သူကို မမြင်။ ယခုမှပင် မြင်၏။ သို့သော် မထင်မှတ်ဘဲ ဖြစ်လာသည်မို့ မင်သက်မိနေသေးသည်။

"အေး ... ဟုတ်တယ် ငါ လတ်လတ်ဝေပဲ။ နင် ဟိုတစ်ခါ ငါ့ညီမခါတ်ပုံပြပြီး ပြောခဲ့တာကို နင်က အရူးအပေါမို့လို့ တကယ်တမ်းမှာ ငါ မယုံခဲ့ဘူး။ နင် တကယ်လုပ်မယ်လို့လည်း မထင်ခဲ့ဘူး။ အခုတော့ နင်က တကယ်ကို ယုတ်မာတာပဲ။ အေး၊ ခု ငါရိုက်လိုက်တာဟာ နင် ယုတ်မာခြင်းအတွက် အပြစ်ဒဏ်ပဲ။ နင်လိုငတုံးနဲ့ ငါ့ညီမလေးနဲ့ တူသလား၊ တန်သလားဟင်"

သူဆက်ပြောသော စကားများကို ကြားရပြီးသောအခါ၊ အံ့ညြရှိန်ပြေသွားပြီးသောအခါ၌ အသိစိတ်သည် ခေါင်းထောင်ထလာခဲ့၏။ သူ ကျွန်တော့်ကို ရိုက်လိုက်မှန်း၊ သူသည် လတ်လတ်ဝေဖြစ်မှန်း အသိဝင်လာသည်နှင့် ရင်ထဲ သွေးတွေ ဆူပွက်လာတော့သည်။

"ဟင် နင်ကများ ငါ့ပြန်ပြောရတယ်ရှိသေးတယ်။ ဒီမှာ လတ်လတ်ဝေ၊ နင်ကပဲ ယုတ်မာတဲ့လူလား၊

ငါကပဲ ယုတ်မာတဲ့လူလား၊ ငါ့ဘာများ ယုတ်မာခဲ့မိလို့လဲဟင်"

ပြောပြောဆိုဆို တင်းမာလွန်းလာသော စိတ်သည် ကျွန်တော့်လက်တစ်ဖက်ကို မြောက်တက်သွားစေ၏။ သူကလည်း တစ်ခုခုလှုပ်ရှားလိုက်သည်။ မီးဝင်းဝင်းတောက်နေသော မျက်လုံးများ ပေါက်ကွဲလုစဉ်မှာ ...

"မမ မလုပ်နဲ့ ... မလုပ်နဲ့"

နောက်ဘက်ဆီမှ အသံတစ်သံကိုကြားလိုက်ရ၏။ ကျူရှင်ဆင်းလာသော သွယ်လေး၏ အသံဖြစ်သည်။ သူ့အသံကို ကြားလိုက်ရစဉ်မှာပင် ကျွန်တော်တို့နှစ်ယောက်လုံး၏ လှုပ်ရှားမှုများရပ်တန့်သွား၏။

ယခုအကြိမ်သည် ကျွန်တော်နှင့်ပတ်သက်၍ သွယ်လေးဆီမှ ပထမဆုံးကြားရသော စကားသံပင်ဖြစ်သည်။ ကျွန်တော် သူ့ဘက်ဆီ လှည့်ကြည့်မိ၏။ အမောတကော ပြေးလာသည်ကို မြင်ရသည်။ အနီးအနားတွင် ကျွန်တော်တို့ဖြစ်ရပ်ကို မြင်တွေ့သွားပြီး ရပ်ကြည့် စူးစမ်းနေကြဟန်တူသော လူတချို့ကိုလည်းမြင်လိုက်ရ၏။

သူ ကျွန်တော်တို့နား ရောက်လာသည်နှင့် လတ်လတ်ဝေ၏ လက်ကို ဆွဲကိုင်လှုပ်ယမ်းကာ ...

"သူ့ကို ဘာဖြစ်လို့ရိုက်ရတာလဲ။ သူ သွယ်လေး ကို ဘာမှမလုပ်ခဲ့ပါဘူး။ နောက်က လိုက်ရုံတင် လိုက်တာပါ"

ဟူသော စကားများကို တတွတ်တွတ် ပြောနေတော့၏။ ထို့နောက် သူ့အစ်မကို ကားဆီ အတင်းဆွဲခေါ်သွားခဲ့သည်။ ပြန်သွားကာနီးတွင် လတ်လတ်ဝေက "ဒီကောင် သိပ်ယုတ်မာတယ်" ဟု ပြောသွားသေးသည်။

ကျွန်တော်ကတော့ လတ်လတ်ဝေကို ဒီတစ်ခါ ဘာမှတုန့်မပြန်မိပါ။ ထူးထူးဆန်းဆန်း ကျွန်တော့်ကိုနှစ်သိမ့်သလို ပြုံးပြသွားသော သွယ်လေးကိုသာ တုန့်ပြန်ပြုံးကာ နေမိခဲ့၏။

သူတို့နှစ်ယောက် မြင်ကွင်းမှ ပျောက်ကွယ်သွားသောအခါ သွယ်လေး ကျွန်တော့်ကို ပြုံးပြသွားပါလား ဟူသော အသိသည်သာ ရင်ထဲစွဲထင်ကျန်ရစ်ခဲ့သည်။ ထိုသို့ လျှင် ထိုစဉ်က သွယ်လေး၏အပြုံးအား ထူးဆန်းမှတ်ထင် မိခဲ့သော်လည်း နောက်တစ်နေ့တွင် ဒီထက်ထူးခြားသော တုန့်ပြန်မှုများ သွယ်လေးထံမှရရှိလာမည်ကိုတော့ လုံးဝပင် ကြိုတင်၍ ထင်မထားမိခဲ့ပါ။ သို့သော် ယင်းမှာ အမှန် တကယ်ပင် ဖြစ်ပွားလာခဲ့ပါ၏။

(၁၃)

"မမက သိပ်ရိုင်းတာပဲ"

ထိုစကားကို ကျွန်တော့်အပေါ် စာနာစိတ်ဖြင့် သွယ်လေး ပြောကြားသောအခါ ကျွန်တော့်မှာ ဝမ်းသာမှုဖြင့် အံ့ဩနေမိခဲ့ရ၏။

ကျွန်တော် ဘယ်လိုစကားလိုက်ပြောပြော ဘာမှ ပြန်မပြောခဲ့သော သွယ်လေးအား ယခုလို သူဟာသူ စတင်

၍ လာစကားပြောလိမ့်မည်ဟု ကျွန်တော် လုံးဝပင် မထင်မိပါ။ ထို့ကြောင့်ပင် ဒီနေ့ သူမ ကျူရှင်ဆင်းလာသောအခါ၌ ခပ်လှမ်းလှမ်းကသာ စောင့်ကြည့်ဖြစ်ခဲ့၏။

သို့သော် စိတ်ထဲ ထင်ထားသမျှနှင့် လွဲချော်နေခဲ့သည်။ ကျူရှင်မှအဆင်း ကျွန်တော့်ကို မြင်သောအခါ၌ တောက်ပစွာပြုံး၍ သွက်လက်စွာပင် သွယ်လေး ကျွန်တော့်ဘက်လျှောက်လာခဲ့၏။ ထိုအချိန်တွင် ကျွန်တော်မှာ ဘာကိစ္စကြောင့်များပါလိမ့်ဟု တွေးတောနေမိခဲ့ရသေးသည်။

သူ စကားစပြောသောအခါမှပင် မနေ့ကကိစ္စအတွက် ကျွန်တော့်ကို လာရောက်ဖြေသိမ့်နေမှန်းသိရ၏။

"မနေ့က ဖြစ်ရတာတွေအတွက် သွယ်လေးကပဲ တောင်းပန်ပါတယ်နော်"

ဟု ဆိုလာသောအခါ လတ်လတ်ဝေကို ကလဲ့စားချေရန်ကိစ္စတို့သည်ပင် အတန်ငယ် မေ့ပျောက်သွားရ၏။

"မမက တော်တော်လွန်တယ်နော်။ သွယ်လေးလည်း မနေ့တုန်းကတော့ ကြောင်နေပြီး မဖြစ်ခင်ဘာမှ ဝင်တားချိန်မရလိုက်ဘူး။ သူတို့နှစ်ယောက်ကို သွယ်လေး အဝေးကြီးကတည်းက လှမ်းမြင်တယ်။ ဒါပေမယ့် မမကိုပဲ တွေ့ရပြီး သူ့ကိုတော့ ကျောပေးထားလို့ ဘယ်သူမှန်းမသဲကွဲဘူး။ အနားမရောက်ခင်ကတည်းက တစ်ခုခုဖြစ်နေမှန်းတော့

ထင်တယ်။ အခုလောက် ကြီးကျယ်မယ်တော့
မထင်ဘူး။ တကယ်ဆို သူ့ကိုအဲဒီလိုမျိုးတော့
မမ မလုပ်သင့်ပါဘူးနော်"

ဟု ပြောလာသောအခါတွင်တော့ ...

"ရပါတယ်၊ ကိစ္စမရှိပါဘူးဗျာ" ဟူသော စကားကို နှုတ်ကအလိုအလျောက် တုန့်ပြန်မိတော့၏။ ထို့နောက် ထိုနေ့က ပထမဦးဆုံးအကြိမ်အဖြစ် သွယ်လေးကို အိမ်နားထိလိုက်ပို့ရင်း စကားအပြန်အလှန် ပြောခွင့်ကိုရခဲ့သည်။

မနေ့ကကိစ္စကို ပြော၍ပြီးသော် တခြားအကြောင်းအရာများဆီ စကားစပ်မိကြ၏။ ကိုယ့်အကြိုက် သူ့အကြိုက်၊ ကိုယ့်ဝါသနာ သူ့ဝါသနာ စသည်တို့ကိုလည်း ပြောမိကြသည်။ ထိုအခါ တိုက်ဆိုင်စွာပင် သွယ်လေးနှင့် ကျွန်တော်သည် နေရာတော်တော်များများ၌ ဆင်တူနေခဲ့၏။

စကားပြောကောင်းကောင်းနှင့် သွယ်လေးတို့အိမ်နားဘယ်လိုရောက်သွားမှန်းပင်မသိ။ သူက အိမ်ထဲဝင်ထိုင်ရန်ပင် ခေါ်နေသေး၏။ သို့သော် လတ်လတ်ဝေနှင့် မျက်နှာချင်းမဆိုင်ချင်သဖြင့် အိမ်ထဲတော့ ဝင်မလိုက်တော့ပါ။

လမ်းခွဲခါနီးမှာ

"ဒီလိုဆို နောက်ပိုင်း ကျွန်တော် စကားလိုက်ပြော ရင် ခပ်တည်တည်ကြီးနဲ့ မသိသလိုကြီး လုပ်မနေ တော့ဘူးပေါ့နော်"

ဆိုတော့ သူ တခစ်ခစ် ရယ်နေခဲ့၏။

သို့ဖြင့် ထိုနေ့မှစ၍ ကျွန်တော် သူနှင့် စကားပြော ခွင့်ကို ရရှိခဲ့ပါသည်။ ထိုနေ့မှစ၍ ကျွန်တော့်တွင် နဲနဲ ပိုထူးခြားလာသည်ကတော့ သွယ်လေးကို လတ်လတ်ဝေ၏ ညီမဆိုသော အမြင်မျိုးမှ ကင်းလာခဲ့ခြင်းဖြစ်၏။ သူ့ကို တဖြည်းဖြည်း သတ်သတ်ခွဲ၍ မြင်မြင်လာခဲ့ပါသည်။

(၁၄)

သွယ်လေးနှင့် ရင်းနှီးခဲ့ပြီး သိပ်မကြာမီမှာပင် ကျွန်တော် သိလာခဲ့ရသည်မှာ သူသည် လတ်လတ်ဝေနှင့် အသွင်သဏ္ဍာန်ချင်း ကွဲပြားလှကြောင်းကိုပင် ဖြစ်သည်။ သွယ်လေးမှာ အလွန်ပင် ခင်ဖို့ကောင်းလေသည်။ အတော်လေးဖြူစင်ပြီး ရိုးသားပွင့်လင်း၏။ သို့သော် စိတ်ကတော့ အတော်မာသည်။ သူမှန်သည်ထင်လျှင် ဘယ်လောက်ပင် ဒုက္ခတွေရှိရှိ တဖွတ်ထိုးလုပ်မယ့်သူမျိုးလည်းဖြစ်၏။

ယခုအချိန်တွင်တော့ သူမနှင့် ကျွန်တော်မှာ အရင်းနှီးဆုံးသူငယ်ချင်းများဘဝကိုပင် ရောက်ခဲ့ပြီဖြစ်သည်။ သူနှင့် တွေ့တွေ့နေရလျှင် ကျွန်တော်ပျော်သည်။ သူနှင့် ဆက်ဆံရသောအခါ၌ လတ်လတ်ဝေကို ကလဲ့စားချေဖို့ ဆိုသော မူလရည်ရွယ်ချက်သည်ပင် မကြာခဏ မေ့ပျောက်သွားခဲ့ရ၏။

ထို့နောက် မကြာခဏပင် ကျွန်တော်လုပ်နေတာ တွေ မှန်သေးရဲ့လားဟုစဉ်းစားလာမိ၏။ ဘာမှမဆိုင်သည့် သွယ်လေးအပေါ် ခုတုံးပြုဖို့အတွက် စိတ်မသန့်နိုင် ဖြစ်လာခဲ့သည်။ သူနှင့်တွေ့ဆုံဆက်ဆံရတိုင်းမှာပင် စိတ်မလုံသလို ဖြစ်လာခဲ့၏။ သူ့ဘက်က ဖြူစင်လေလေ ကျွန်တော့် ဘက်က အနေရခက်လေလေဖြစ်၏။ သို့နှင့်ပင် နေ့ တစ်နေ့မှာတော့ ကျွန်တော့် ရင်ထဲမှ တင်းခံနိုင်စွမ်းတို့ ကုန်ဆုံးခဲ့ရတော့သည်။

ထိုနေ့က စကားတွေပြောကြရင်းနှင့် ကျွန်တော် က ...

"သွယ်လေးက သိပ်ဖြူစင်တာပဲနော်" ဟု ပြော ၏။

သူက ဘာမှပြန်မပြောဘဲ ရယ်၍သာနေသည်။ ကျွန်တော်က ဆက်ပြီး ...

"အဲဒါ လူတိုင်းအပေါ်မှာ ဒီလိုဆက်ဆံတာလား"
ဆိုတော့ သူက ခေါင်းကိုညိတ်၍ပြ၏။

"အဲဒီလို လူတိုင်းကို ဖြူစင်နေတော့ ဘယ်ကောင်းမလဲ။ စိတ်ယုတ်မာတဲ့လူက ကိုယ့်ကို အလွယ်တကူ မကောင်းကြံနိုင်တာပေါ့။ လူတွေကို နည်းနည်းလည်း သတိလေးနဲ့ ဆက်ဆံမှပေါ့ သွယ်လေးရယ်"

ဟု ဆက်ကာ စေတနာနှင့် သတိပေးလိုက်မိသည်။ ထိုစကားကိုတော့ သူက လေးလေးနက်နက်ပင်တုန့်ပြန်၏။

"ဟင့်အင်း ... သွယ်လေးကတော့ ကိုယ့်အပေါ် မကောင်းကြံမယ့်လူကိုတောင် ဒီလိုပဲဆက်ဆံမှာပဲ။ သူက ကိုယ်နဲ့မပတ်သက်ရင်တော့ တစ်မျိုးပေါ့။ အဲဒါဆို ကိုယ်က လုံးလုံးလျစ်လျူရှုထားလို့ရတယ်လေ။ ဒါပေမယ့် သွယ်လေးနဲ့ ပတ်သက်နေတဲ့လူဆိုရင်တော့ သူကပဲ ကိုယ့်အပေါ် မကောင်းအကြံရှိနေဦး ကိုယ်ကပါ လိုက်ပြီး မဖြူမစင် ဖြစ်နေရင် ကိုယ်ပါမကောင်းတဲ့လူ ဖြစ်သွားမှာပေါ့။ သွယ်လေးက အမြဲတမ်း လူကောင်း တစ်ယောက်ပဲဖြစ်ချင်တာ"

ဆိုသော စကားကို ညင်သာစွာဆိုသည်။

သူ့ထံမှစကားတို့ဆုံးသွားသည့်အခါ ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်သွားသလို ကျွန်တော်ခံစားလိုက်ရ၏။ သူမ၏ စကားကို ခွန်းတုံ့မပြန်မိ။ မှန်သည်မှားသည်လည်း မဆိုမိဘဲ ရုတ်တရက် ငေးကြောင်ကာနေမိ၏။ ရင်ထဲတွင် ကျွန်တော်ကိုယ်တိုင်ပင်မသိသော အရာနှစ်ခုတို့ အပြင်းအထန်ပင် အားပြိုင်နေကြသလိုရှိပြီးနောက် ...

"ကိုယ် ... သွယ်လေးကို ပြောစရာတစ်ခု ရှိတယ်"

ဟု စကားကိုစကာ အားလုံးကို ဖွင့်ပြောပြလိုက်ဖို့ ဆုံးဖြတ်မိခဲ့တော့သည်။ သွယ်လေးက ကျွန်တော်၏စကားများကို ငြိမ်ငြိမ်သက်သက်ပင် နားထောင်လေသည်။ မှန်သည် မှားသည်မဆို။ တစ်ခွန်းတစ်ပါဒမှလည်း ဝင်မထောက်ဘဲ ပကတိတည်ငြိမ်သော မျက်နှာအတိုင်းသာ ရှိနေ၏။ ကျွန်ုပ်တော်ကလည်း လတ်လတ်ဝေနှင့် ချစ်သူတွေဖြစ်စမှ ၄င်းသစ္စာဖောက်သွားပုံအထိနှင့် ကျွန်တော် ဘာရည်ရွယ်ချက်ဖြင့် ဘယ်လို သွယ်လေးအား ချဉ်းကပ်ခဲ့သည်တို့ပါမကျန် အကုန်အစင်ပြောပြခဲ့၏။ ကျွန်တော့်စကားတို့ဆုံးသွားသည့်အခါ သွယ်လေးကို စိတ်ဆိုးရင်ဆိုး သို့မဟုတ် တစ်ခုခုတော့ဖြစ်သွားလိမ့်မည်ဟု ထင်မိ၏။

သို့သော် ထင်သည်တို့နှင့် တခြားစီဖြစ်၍နေသည်။ သွယ်လေးမှာ တည်တည်ငြိမ်ငြိမ်ပင်။

"အဲဒါတွေ သွယ်လေး သိပြီးပါပြီ" ဟု ဆို၏။

"ဟင် သွယ်လေး သိပြီးပြီ"

ထိုသို့ ထင်မထားသဖြင့် ကျွန်တော် အံ့ညသွား၏။

"အင်း ဟုတ်တယ်။ သွယ်လေးကို မမပြောပြလို့ အဲဒါတွေ တော်တော်များများ သိပြီးထားပြီ။ အကုန်တော့ မဟုတ်ဘူးပေါ့နော်။ မမပြောတုန်း ကတော့ သူ့ဘက်က သူအမှန်ပေါ့။ ဒါပေမယ့် သွယ်လေးနားလည်ပါတယ်။ အခုစကားကသာ အမှန်တွေဖြစ်မယ်ဆိုတာ သွယ်လေးမှန်းဆတတ် ပါတယ်"

"ဟင် ... ဒါဆို သွယ်လေး ကျွန်တော့်ကို စိတ် မဆိုးဘူးပေါ့နော်"

"ဟင့်အင်း၊ စိတ်မဆိုးပါဘူး ဘာကို စိတ်ဆိုး ရမှာလဲ"

"ဟို ... သွယ်လေးကို အကြံနဲ့ ချဉ်းကပ်တယ် ဆိုပြီးတော့လေ"

"အဲဒါကိုလည်း သွယ်လေး နားလည်ပါတယ်။ တကယ်တမ်း ကိုယ့်အစ်မကသာ မှားခဲ့တာပဲ။ အဲဒါကြောင့်နဲ့တော့ သွယ်လေး စိတ်မဆိုးပါဘူး"

ကျွန်တော် အတော်လေး ကျေနပ်သွားမိ၏။

"အဲဒါဆို သွယ်လေးကို ကျွန်တော် မကောင်းကြံပြီး ချဉ်းကပ်မှန်းသိနေလျက်နဲ့ ကျွန်တော့်ကို ဆက်ဆံနေခဲ့တာပေါ့ ဟုတ်လား"

ထိုစကားကိုတော့ သွယ်လေးက မဖြေ။ အပြုံးလေးတစ်ခုဖြင့်သာတုန့်ပြန်၏။ ကျွန်တော်ဆက်၍ ရှင်လန်းစွာ ပြောမိသည်။

"ဘာဖြစ်လို့ အဲဒီလို သိနေလျက်နဲ့ ကျွန်တော့်ကို ခင်ခင်မင်မင်ဆက်ဆံခဲ့တာလဲဟင်"

သွယ်လေးမျက်နှာလေး ရဲခနဲ ဖြစ်သွား၏။

"ဟင် သွယ်လေး" ဟု ကျွန်တော် ဆက်မေးမိသည့်အခါ ...

"မသိဘူး ... ခင်ချင်လာလို့၊ နောက်ပြီး သူ့ကို ယုံလို့"

"ဟင်၊ ယုံတယ်"

"ဟိုလေ၊ သွယ်လေးကို သူမကောင်းကြံလိမ့်မယ် မဟုတ်ဘူးဆိုတာကို ယုံလို့"

ယင်းစကားကို ကြားသည့်အခါတွင်တော့ ကျွန်တော့်ရင်ထဲ သိမ့်ကနဲဖြစ်သွား၏။ သွယ်လေးမျက်နှာကို စူးစူးစိုက်စိုက်ပင် ကြည့်မိသည်။ ကျွန်တော်၏ အကြည့်ကြောင့် သူမခေါင်းငုံ့သွား၏။ ထို့နောက် ကြိုတင်ကြံစည်

ထားခြင်း လုံးဝမရှိပါဘဲလျက်က ကျွန်တော့်တစ်သက်တာ အချိုမြိန်ဆုံးစကားတစ်ခွန်းကို လွှတ်ခနဲပြော့ခဲ့မိ၏။

"သွယ်လေးကို ကျွန်တော်ချစ်တယ်"

သွယ်လေးမျက်နှာမှာ ပို၍ပင် ငုံ့သွား၏။ သူ့ လက်ဖျားလေးများ တုန်ရီကာနေသည်ကို မြင်ရသည်။ ကျွန်တော့် နှုတ်ဖျားမှ စကားတချို့တို့ အလိုအလျောက် ပြောထွက်သွားခဲ့ကြ၏။

"ဒီစကားဟာတော့ ကျွန်တော် တကယ်ပြောတာပါ သွယ်လေးရယ်၊ ဘာမကောင်းတဲ့ အကြံအစည်မှ မပါပါဘူး။ ကျွန်တော်လေ ... ကျွန်တော် ..."

ထိုစကားနောက်မှာတော့ ကျွန်တော် ထစ်ငေါ့ပြီး ဆက်ပြော၍ မရတော့ပါ။ သွယ်လေးက ညင်ညင်သာသာပင် ကျွန်တော်ကို မော့ကြည့်လာ၏။ ဆက်မပြောတော့သော်လည်း ကျွန်တော် ပြောချင်သမျှကို သူ နားလည်သွားဟန်တူ၏။ အလားတူပင် သူ့ မျက်ဝန်းထဲမှ တစ်စုံတစ်ရာကိုလည်း ကျွန်တော် မြင်သိနားလည် လိုက်ရတော့သည်။

(၁၅)

သွယ်လေးနှင့် ချစ်သူဖြစ်သော နေ့သည် ကျွန်တော် လတ်လတ်ဝေကို အပြီးတိုင် မေ့ဖျောက်နိုင်ခဲ့သောနေ့ပင် ဖြစ်၏။ နာကျည်းစရာ အတိတ်ကိုလည်းကောင်း၊ ကလဲ့စားချေဖို့ ရည်ရွယ်ချက်တို့ကိုလည်းကောင်း၊ ကျွန်တော် လုံးဝနီးပါးပင် စွန့်လွှတ်မေ့ထားနိုင်ခဲ့ပြီ။

ချစ်သူဘဝ၏ **အရသာနှင့်** **ပျော်ရွှင်ခြင်း**၏ အရသာကိုလည်း သွယ်လေး**နှင့်ကျမှပင်** ကျွန်တော် တကယ်တမ်းခံစားနိုင်ခဲ့၏။ **တဖြည်းဖြည်းနှင့်** ကျွန်တော်မှာ လူအသစ်တစ်ယောက်ဖြစ်လာခဲ့**တော့သည်**။

ထိုအတောအတွင်း လတ်လတ်ဝေမှာတော့ ကျွန်တော်တို့ ဘဝထဲ၌ လုံးဝပင် ပေါ်မလာခဲ့ပါ။ အပျော် အပါးနှင့် လမ်းများသော လတ်လတ်ဝေသည် ဟိုတစ်ခါ ကျွန်တော့်ကို ပြဿနာလုပ်ပြီးသည်နှင့် ကျွန်တော်ကြောက် ပြီး နောက်ဆုတ်သွားပြီထင်လေသလားမသိ။ သွယ်လေး ရှိရာဘက်ကို ခြေဦးပင်မလှည့်တော့ပါ။

ထို့ကြောင့်ပင် ကျွန်တော်တို့ နှစ်ဦးကြား၌ လတ်လတ်ဝေအကြောင်းတို့မှာ တစ်ကြိမ်တစ်ခါမျှပင် စကားမစပ်မိကြတော့ပါ။ သွယ်လေးကလည်း ကျွန်တော် မကြိုက်မှန်းသိသဖြင့် မပြောမိအောင် တမင်ရှောင်ထား ဟန်တူ၏။ ထိုသို့ဖြင့် လတ်လတ်ဝေဆိုသည်မှာ ကမ္ဘာပေါ် တွင် ရှိမနေသည့်နှယ်ပင် ကျွန်တော် ထင်လာမိ၏။ လတ်လတ်ဝေသည် ထိုသို့လျှင် **ပျောက်ချက်သား** ကောင်း နေချိန်၌ လုံးဝပင် ပျောက်နေခဲ့**သည်။** **သို့သော်** ကျွန်တော် တို့ဘဝထဲကို ပြန်ပတ်သက်လာပြန်တော့လည်း ဖြုန်းစား ကြီးပင်ဖြစ်သည်။

အရင်ဆုံး သူ ကျွန်တော်တို့နှစ်ယောက်ကို တွေ့သွားချိန်မှ စခဲ့၏။ ထိုနေ့က ထုံးစံအတိုင်း ကျွန်တော့်တို့နှစ်ယောက် လက်ချင်းချိတ်လျက် သွားနေဖြစ်သောအချိန်မှာ ဖြစ်သည်။ ထိုစဉ် လတ်လတ်ဝေ၏ ကားသည် ကျွန်တော်တို့နားမှ ဖြတ်သန်းသွားခဲ့၏။ ကျွန်တော်တို့နှစ်ယောက်လုံး သတိမထားလိုက်မိ။ အတော်ဝေးဝေးသို့ ရောက်သွားမှပင် သွယ်လေးက

"ဟင် ... အဲဒါ အီမ်ကကား၊ အီမ်ကကား" ဟု လှမ်းတွေ့ကာ ဆို၏။

ကျွန်တော်တို့အသွင်အပြင် ကြည့်ခြင်းဖြင့် မည်သူမဆိုပင် ချစ်သူစုံတွဲဖြစ်မှန်း သိသွားနိုင်ပါလိမ့်မည်။ ထို့အတူပင် ကားပေါ်ပါလာသော လတ်လတ်ဝေကလည်း သိနိုင်မည်ထင်၏။ ကျွန်တော်တို့မှာ အဝေးသို့ရောက်သွားပြီဖြစ်သော်လည်း မြင်နေရဆဲဖြစ်သော လတ်လတ်ဝေကို လှမ်းကြည့်နေမိကြသော်လည်း လတ်လတ်ဝေကတော့ လုံးဝလှည့်ကြည့်၍ မသွားပါ။

ဟိုတစ်ခါ ကျွန်တော် သွယ်လေးကို လိုက်စဉ်ကသာ အရမ်းစိတ်ဆိုးခဲ့သော်လည်း အခုလို ချစ်သူတွေဖြစ်နေကြမှန်း သိသည့်အခါကျတော့ လုံးဝပင် မပေါက်ကွဲသည့်အတွက် ကျွန်တော် နည်းနည်းတော့အံ့သြနေမိ၏။ ဖြစ်နိုင်

သည်မှာတော့ သူ့ညီမကို ပြောမရမှန်း သိနေသဖြင့်လည်း ကောင်း၊ ဟိုတစ်ခါကတည်းက ကျွန်တော်ဟာ အလွယ် တကူငုံ့ခံတတ်သူမဟုတ်မှန်းသိသွားသဖြင့်လည်းကောင်း ဖြစ်ပေမည်။

သွယ်လေးပြောပြချက်အရ ဟိုတစ်ခါကိစ္စတုန်းက လတ်လတ်ဝေက သွယ်လေးကို ကျွန်တော်နှင့် ကင်းကင်း နေဖို့ တားမြစ်ခဲ့သေးသည်ဆို၏။ ထိုစဉ်ကတည်းက သွယ်လေးမှာ မနာခံခဲ့ပါ။ မှန်မှန်ကန်ကန်၊ တည်တည်ကြည် ကြည် နေထိုင်တတ်သော သွယ်လေးကို ၄င်းဘယ်လိုမှ နိုင်အောင် မပြောနိုင်ခဲ့ဟုဆို၏။ ယခုတစ်ခေါက် တွေ့သွား တာကော ဘယ်လိုလုပ်မလဲ" ဟု ကျွန်တော်မေးမိတော့ သွယ်လေးက ခပ်အေးအေးပင်ရှိနေ၏။ ပြဿနာဖြစ်ရ မည်ကိုလည်းကောင်း၊ အိမ်က သိသွားလိမ့်မည်ဟု လည်း ကောင်း သွယ်လေးမှာ လုံးဝပူပန်ပုံမရပါ။ ကျွန်တော်နဲ့ ချစ်မိတာဟာ အမှားတစ်ခုမဟုတ်တဲ့အတွက် သူ ဘာကိုမှ မကြောက်ခဲ့ဘူးဟုပင် ပြောဆိုခဲ့သေး၏။

(၁၆)

တကယ်တမ်းမှာ နောက်တစ်နေ့ ကျွန်တော်နှင့် တွေ့ကြသည့်အခါတွင်လည်း ယင်းစကား မှန်ကန်ကြောင်း ကျွန်တော် နားလည်ခဲ့သည်။ မနေ့က အိမ်ပြန်ရောက်တော့ လတ်လတ်ဝေနှင့်သူ စကားအကြီးအကျယ်များကြကြောင်း သူပြောပြ၏။

ထိုစကားကြားသဖြင့် ကျွန်တော်ပင် စိတ်ပူမိခဲ့သေးသည်။ သို့သော် သူကတော့ ခပ်အေးအေးပင်။ အိမ်မှာ

တုန်းကလည်း သူ ထိုသို့ပင် ခပ်အေးအေး ဖြေရှင်းခဲ့သည်တဲ့။ လတ်လတ်ဝေအား ကျွန်တော့်ကိုတော့ သွယ်လေးဘယ်တော့မှ ဖြတ်မသွားနိုင်ဘူးဟု တစ်ခွန်းတည်း အပြတ်ပြောခဲ့သည်။

"အိမ်က သိသွားတော့ကော ဘယ်လိုတွေဖြစ်သေးလဲ" ဟု ကျွန်တော်မေးသည့်အခါ အိမ်ကိုလည်း သူနှင့်ကျွန်တော် ချစ်သူတွေဖြစ်နေကြောင်း ပွင့်ပွင့်လင်းလင်းပင်ဝန်ခံခဲ့သည်တဲ့။ အိမ်ကလည်း လတ်လတ်ဝေထက် အနေမှန်သော သွယ်လေးကို ပိုစိတ်ချသည်တဲ့။

နောက်ပြီး ကျွန်တော်နဲ့ ချစ်မိတာဟာ အမှားတစ်ခုမဟုတ်သည့်အတွက် သူဘာကိုမှ မကြောက်ဘူးဆိုသော စကားကိုပင် ထပ်ပြော၏။ ထိုစကားကိုတော့ကျွန်တော် မကြာမီ လက်တွေ့ သိလိုက်ရတော့၏။ လတ်လတ်ဝေနှင့်ဆုံရပြန်သောအခါ၌ သိသည်။

အရင်ဆုံး လတ်လတ်ဝေမှာ ကားကို ကျွန်တော်တို့နံဘေး၌ ကျွီကနဲ ထိုးဆိုက်လိုက်၏။ ထို့နောက်ကျွန်တော်တို့နှစ်ယောက်ကို ခက်ထန်စွာ ကြည့်သည်။ ပြီးနောက် ကျွန်တော့်ကိုကြည့်သည်။ ကျွန်တော်ကလည်း သူ့ကို သူ့အကြည့်အတိုင်းပင်တုံ့ပြန်လိုက်သည်။ နောက်ဆုံး သူ့အကြည့်က သွယ်လေးဘက်သို့ လှည့်သွားလေသည်။

ထိုအခါ မျက်နှာအနည်းငယ်တော့ ပျော့ပြောင်းသွား၏။ သို့သော် အသံကတော့ မာကျောစွာဖြင့်ပင် သွယ်လေးကို ဆိုသည်။

"ဟဲ့ ... သွယ်လေး။ လာ အိမ်ပြန်လိုက်ခဲ့"

သွယ်လေးကလည်း ချက်ချင်းပင် တုံ့ပြန်၏။

"ဟင့်အင်း မလိုက်ဘူး၊ သွယ်လေး မောင့်ကိုပဲ အိမ်ပြန်ပို့ခိုင်းမယ်"

တစ်ခါမှ မခေါ်ဘူးသော "မောင်" ဟူသည့် အသုံးအနှုန်းကြောင့် ကျွန်တော် လှိုက်ခနဲ ရင်ထဲဖြစ်သွားရ၏။ လတ်လတ်ဝေကတော့ ထိုစကားကြောင့် မျက်နှာမဲကနဲ ဖြစ်သွားသည်။

"နင်လိုက်မလား မလိုက်ဘူးလား၊ မလိုက်ရင် ငါ အိမ်ပြန်တိုင်မှာနော်"

"တိုင်ချင်တိုင်လေ မလိုက်ဘူး၊ မမ သွယ်လေး အကြောင်းကို သိတယ်မဟုတ်လား၊ သွယ်လေးက မလိုက်ဘူးဆို မလိုက်ဘူးပဲ"

ထိုစကားကြောင့် လတ်လတ်ဝေ၏ မျက်နှာမှာ ပို၍ပင်ပျက်သွားခဲ့သည်။ "တောက်" တစ်ချက်ကို ပြင်းပြင်းထန်ထန်ခေါက်ရင်း ကားကို ဆောင့်ထွက်မောင်းနှင်သွားတော့သည်။

အပြန်လမ်းတစ်လျှောက်တွင်တော့ သွယ်လေးက ကျွန်တော်၏ လက်မောင်းကိုမှီနွဲ့ကာလိုက်လာခဲ့ပါ၏။ ကျွန်တော့်မှာလည်း ကိုယ့်ကို ယုံစားသော၊ အားကိုးလေသော၊ သူ့ကို ချစ်မြတ်နိုးစွာပင် တွဲဖက်လျှောက်လှမ်းဖြစ်ခဲ့သည်။

❄ ❄ ❄

ထိုမှ နောက်ပိုင်းများတွင်တော့ လတ်လတ်ဝေ၏ ကျွန်တော်တို့နှစ်ဦးကြား ဝင်ရောက်နှောင့်ယှက်မှုမှာ ပို၍ပင် ပြင်းထန်လာသည်။ ကျွန်တော်တို့ တွေ့စဉ်တိုင်းပင် သွယ်လေးကို လာရောက်ခေါ်ငင်တတ်၏။ သွယ်လေးကလည်း အမြဲပင် ငြင်းခဲ့သည်ချည်းဖြစ်လေသည်။

အိမ်ပြန်ရောက်သောအခါတွင်လည်း သွယ်လေးကို ကျွန်တော်နှင့် အဆက်ဖြတ်ဖို့ အမျိုးမျိုးပင်ပြောဆိုသည် ဆို၏။ သို့သော် ဘယ်လိုလုပ်၍မျှ သူ မအောင်မြင်ပါ။ မိဘတွေကို တိုင်သည့်အခါတွင်လည်း မိဘတွေက သူ့ထက် သွယ်လေးကို ပိုယုံကြည်၏။ သွယ်လေးကို နားချသည် မှန်သမျှလည်း သွယ်လေးက လုံးဝပင်မနာခံခဲ့ပါ။ ကျွန်တော် ဟာ သွယ်လေးကို ကလဲ့စားချေချင်လို့ ချဉ်းကပ်နေတာ ဆိုသည်ကိုလည်း သွယ်လေးက လုံးဝပင် မယုံကြည်

ကြောင်း၊ မဖြစ်နိုင်ကြောင်း ငြင်းဆိုခဲ့၏။

ထိုသို့လျှင် လတ်လတ်ဝေမှာ သွယ်လေးကို ကျွန်တော်နှင့်ပြတ်စဲရန် အကြိမ်ကြိမ်ပြောနေခဲ့သော်လည်း ကျွန်တော့်ဘက်ကိုတော့ လုံးဝပင် ဦးတည်၍မလာခဲ့ပါ။ ဟိုတစ်ခါ ကိစ္စပြီးကတည်းက ကျွန်တော့်ကို သူတစ်ခုခု လာပြောလျှင် ကျွန်တော်ကလည်း လက်တုံ့ပြန်မှာ သိနေသောကြောင့်ထင်၏။

သို့သော် ကျွန်တော့်ကို အဲဒီကိစ္စ ပြောမယ့်ပြော လာတော့လည်း အံ့သြစရာကောင်းလှသော အသွင်သဏ္ဌာန်နှင့် ဖြစ်သည်။

(၁၇)

ထိုသို့ဖြစ်လာလိမ့်မည်ဟု ကျွန်တော်လုံးဝပင် ထင်မထားမိပါ။ လတ်လတ်ဝေက ကျွန်တော့်ကို တောင်းပန်လာသည်မှာ ကျွန်တော် အိပ်မက်ပင် မမက်ဘူးခဲ့သော ကိစ္စဖြစ်၏။

ပထမလတ်လတ်ဝေ ကျွန်တော်ထံ လာတွေ့သည့် အခါ လာရန်တွေ့တာဟုပင် ထင်သည်။ ထို့ကြောင့်ပင် တုန့်ပြန်ရန် အသင့်ပြင်ထားခဲ့၏။

"ကျွန်မ လာပြီး မေတ္တာရပ်ခံတာပါ" ဟု ဆိုလာသောအခါမှာတော့ ကျွန်တော် အရမ်းပင် အံ့သြသွားခဲ့သည်။ ဆက်ပြောသော စကားများမှာတော့ ပို၍ပင် အံ့သြဘွယ်ရာများဖြစ်၏။

"ရှင်နဲ့ဖြစ်ခဲ့တဲ့ ကိစ္စတွေ အားလုံးမှာ ကျွန်မ မှားမှန်းသိပါတယ်။ ဟိုတစ်ခါ ကိုယ်ထိလက်ရောက် စော်ကားမိတဲ့အတွက်လည်း ကျွန်မ စိတ်မကောင်းပါဘူး။ အခုအားလုံးကို ကျွန်မ အနူးအညွတ်တောင်းပန်ပါတယ်။ ရှင် မကျေနပ်ဘူးဆိုရင် ကျွန်မကို ပြန်ရိုက်မယ်ဆိုရင်တောင် ရိုက်နိုင်ပါတယ်။ ဒါပေမမယ့် ကျွန်မ ညီမလေးကိုတော့ ..."

ထိုစကားအရောက်မှာတော့ ကျွန်တော် အလျင်အမြန်ပင် ဖြတ်ပြောခဲ့မိသည်။

"နေစမ်းပါဦး၊ မင်းညီမကို ငါက ဘာတွေများ လုပ်နေလို့လဲ"

"ဟုတ်ပါတယ်၊ ဘာမှ လုပ်နေတယ်လို့ မဆိုလိုပါဘူး။ ကျွန်မပြောချင်တာက ရှင့်အပေါ် ကျွန်မ အပြစ်ရှိတဲ့ကိစ္စမှာ ညီမလေးက ကြားခံမဖြစ်စေချင်ဘူး။ အဲဒါပါ။ ကျွန်မညီမလေးက ငယ်လည်း

ငယ်ပါသေးတယ်။ ကျွန်မတို့ ကိစ္စတွေနဲ့ သူ့ကို မပတ်သက်စေချင်ပါဘူး"

လတ်လတ်ဝေသည် စကားပြောရင်း ကျွန်တော့်ကို (ကျွန်တော်ဆီက အဖြေကို) မျှော်လင့်သော မျက်နှာနှင့် ကြည့်၏။ ကျွန်တော်က သူမနှင့် ကိစ္စကိုပဲ ရှင်းပြီး သွယ်လေးနှင့် မပတ်သက်လိုဟန် ရှိသည်။ ကျွန်တော် သူ့ကို တတ်နိုင်သလောက်ပင် ဒေါသကင်းစွာတုံ့ပြန်၏။

"နေစမ်းပါဦး၊ နေစမ်းပါဦး၊ မင်းညီမကို ကိုယ်တကယ်ချစ်နေတယ်လို့ရော မင်းနည်းနည်းလေးမှ ထင်မထားမိဘူးလား။ ကိုယ်တကယ်ပြောတာ လတ်လတ်ဝေ။ ကိုယ်သွယ်လေးကို တကယ်ချစ်တာ။ အဲ့ဒါဟာ မင်းကိစ္စတွေနဲ့ ဘာမှမဆိုင်ဘူး။ ပထမတော့ ကိုယ်မင်းကို ကလဲ့စားချေဖို့ သူ့ကို ချဉ်းကပ်ခဲ့တာမှန်ပေမယ့် နောက်ပိုင်း သူ့ကို ကိုယ်တကယ်ချစ်သွားတယ်။ အဲ့ဒါကို ကိုယ်ဘယ်လိုမှမတတ်နိုင်ဘူး လတ်လတ်ဝေ။ အဲ့ဒါကြောင့် သူနဲ့ကိုယ် မပတ်သက်တော့ဖို့ ဆိုတာလည်း မဖြစ်နိုင်တော့ဘူး။ အချစ်ဆိုတာ ဖန်တီးလို့မရသလို ဖျက်ဆီးလို့လည်း မရပါဘူး လတ်လတ်ဝေ"

လတ်လတ်ဝေထံမှ တုံ့ပြန်မှုမှာတော့ မယုံနိုင်စရာ ကောင်းလှ၏။ တည်ငြိမ်နေရာမှ ချက်ချင်းပင် ဆတ်ကနဲ ထ၍ ...

"ရှင်လိမ်နေတာ"ဟု ကျွန်တော့်ကို လက်ညှိုး ငေါက်ငေါက်ထိုးကာ ဆို၏။

"ရှင် သွယ်လေးကို တကယ်မချစ်ပါဘူး။ ရှင် သူ့ကို တကယ်ချစ်တယ်ဆိုတာ မဖြစ်နိုင်ဘူး။ ရှင် ကျွန်မကိုပဲ...၊ ရှင် ကျွန်မကိုပဲ ကလဲ့စားချေ ချင်နေတာ။ အဲ့ဒါကြောင့် ရှင်သွယ်လေးကို ချဉ်း ကပ်တာ"

ဟု ကျွန်တော့်ကို ဒေါသကြောင့် တဆတ်ဆတ် တုန်ကာ တင်းတင်းမာမာရပ်ကြည့်ပြီးဆို၏။

ကျွန်တော် ထပ်ရှင်းပြဖို့ ကြိုးစားသော်လည်း မရတော့။ လတ်လတ်ဝေက ဝုန်းဒိုင်းကြဲကာ ကျွန်တော့်ကို ပြောချင်တာပြောပြီး ထွက်ခွာသွားတော့၏။ ကျွန်တော် ကတော့ ထပ်မပြောလိုက်ရသည့်... "သွယ်လေးကို ကိုယ် တကယ်ချစ်တာပါ" ဆိုသော စကားကိုသာ တီးတိုးဆိုရင်း ကျန်ရစ်ခဲ့တော့၏။

(၁၈)

နောက်တစ်နေ့ လတ်လတ်ဝေကို ကျွန်တော် တွေ့ရစဉ်မှာတော့ အံ့ဩခြင်းတစ်ဝက်၊ မအံ့ဩခြင်း တစ်ဝက်နှင့် ဖြစ်သည်။ ထိုသို့ ဖြစ်လာမည်ကို ကျွန်တော် နည်းနည်းတော့ ကြိုတင်တွေးထားမိ၏။ သွယ်လေးနှင့် တွေ့သည်အခါ လတ်လတ်ဝေနှင့် မနေ့က ဖြစ်ပျက်ပုံ အကြောင်းတို့ကိုပင် ပြောမိသေးသည်။ သူကတော့ ခပ်

အေးအေးပင်ဖြစ်၏။ နောက်တော့ ကျွန်တော်လည်း ထိုကိစ္စကို အနည်းငယ် မေ့လျော့သွားသည်။ ခဏကြာသော် ကျွန်တော်တို့နှစ်ယောက် တခြားကိစ္စများဆီသာ အာရုံရောက်သွားကြသည်။ လတ်လတ်ဝေအား မေ့နေကြသည်မှာ လတ်လတ်ဝေ ရောက်မလာခင်အထိပင်ဖြစ်၏။

ရုတ်တရက် လတ်လတ်ဝေ ရောက်လာသောအချိန်မှာတော့ ကျွန်တော်တို့မှာ ဆုံနေကျနေရာလေးတွင် ထိုင်ကာ စကားတွေ ရောက်တတ်ရာရာပြောဆိုနေခိုက်ဖြစ်သည်။ လတ်လတ်ဝေ ကျွန်တော်တို့ရှေ့လာရပ်သည်ကို နှစ်ယောက်စလုံးပင် ပြိုင်တူ ကြည့်မိကြ၏။ ကျွန်တော်တို့ရှိတတ်သည့်နေရာကို လတ်လတ်ဝေ သိနေသည့်အတွက်တော့ မအံ့ဩမိတော့ပါ။ အခုတလော၌ ၄င်းမှာ ကျွန်တော်တို့အား သွားလေရာ၌ လိုက်နှောင့်ယှက်နေကျပင်ဖြစ်၏။

လတ်လတ်ဝေကို မြင်သည်နှင့် သွယ်လေးက အံ့အားသင့် စွာ...

"ဟင်...မမ ဘာလာလုပ်တာလဲ"ဟု ဆို၏။

လတ်လတ်ဝေက သွယ်လေးကို ခွန်းတုန့်မပြန်ဘဲ ကျွန်တော်ကိုသာ ခက်ခက်ထန်ထန်ကြည့်၍...

"ရှင်ကို ကျွန်မ ဘယ်လိုပြောပြော မရတော့ပါလား" ဟု ပြောလေသည်။

ကျွန်တော့်စိတ်ထဲ မျက်ကနဲ တစ်ချက်ဖြစ်သွားခဲ့၏။

"မင်းက ဘာကိုပြောလို့ ငါက ဘာကိုရရမှာလဲ"

"ရှင်ကို သွယ်လေးနဲ့ကင်းကင်းနေဖို့ ပြောထားတယ်လေ"

"အေး၊ ငါကလည်း သွယ်လေးနဲ့ ဘယ်တော့မှ ကင်းပြီးမနေနိုင်တော့ဘူးလို့ ပြောထားတယ်လေ"

သွယ်လေးမှာ ကျွန်တော်တို့နှစ်ယောက် ပြောနေသည်ကို စိတ်ရှုပ်စွာ အပြန်အလှန်ကြည့်နေခဲ့၏။ ကျွန်တော့်ကို ပြောမရသဖြင့် လတ်လတ်ဝေ စိတ်တိုလာဟန်တူသည်။

"ကဲ ... ရှင့်ကို နောက်ဆုံးပြောမယ်။ ဒီမှာ၊ ရှင် ကျွန်မကို ကလဲ့စားချေချင်တယ်ဆိုရင် ကျွန်မနဲ့ပဲ ရှင်း။ ဘာမှမဆိုင်တဲ့ ကျွန်မညီမကို ဆွဲမထည့်နဲ့"

သွယ်လေးက "မဟုတ်ဘူး မမ"ဟု ဆိုကာ တစ်ခုခုဝင်ပြောဖို့ပြင်၏။ လတ်လတ်ဝေက လက်ကာပြီး...

"သွယ်လေး၊ နင်ဝင်မပါနဲ့"

ဟု တင်းတင်းမာမာ ဆို၏။

"မင်းကို ငါပြောပြီးသားပဲ၊ ငါသွယ်လေးနဲ့ ပတ်သက်တာ မင်းနဲ့ဘာမှ မဆိုင်ပါဘူး။ ငါ သူ့ကို

တကယ်ချစ်လို့ပါဆိုတာ မင်းလူစကားနားမလည်ဘူးလား"

ကျွန်တော် စိတ်တိုတောင်းစွာ ပြောမိ၏။ လတ်လတ်ဝေကလည်း စိတ်တိုတောင်းစွာဖြင့်ပင်..

"အဲ့ဒါ ရှင်လိမ်တာ၊ ရှင် သွယ်လေးကို တကယ်ချစ်တာမဟုတ်ဘူး။ ကျွန်မ သိတယ်"

လတ်လတ်ဝေမှာ မျက်နှာတို့ နီလာပြီး ကျွန်တော့်ကို အော်ပြော၏။ ကျွန်တော်ကလည်း အော်၍ပင်ပြန်ပြောလိုက်သည်။

"မင်း ရူးနေလား လတ်လတ်ဝေ၊ ငါက ဘာလို့လိမ်ရမှာလဲ။ မင်းကို ငါကလှဲ့စားချေချင်ရင် ဟိုနေ့မင်း ငါ့ကို လာတောင်းပန်ကတည်းက ကလဲ့စားချေလို့ရတာပဲ။ မင်းမျက်ရည်ပေါက်ပေါက်ကျသွားအောင် ငါပြောလွှတ်လိုက်လို့ရသားပဲ။ ဘာကိစ္စငါက အချိန်ဆွဲနေရဦးမှာလဲကွ၊ ဟေ"

"မဟုတ်ဘူး၊ ရှင်လိမ်နေတာ"

ယခင်စကားကိုပင် လတ်လတ်ဝေ ထပ်ကာဆို၏။ ထိုစဉ် ...

"တော်ကြပါတော့... တော်ကြပါတော့။ ဟိုမှာလူတွေဝိုင်းကြည့်နေပြီ။ ရှက်စရာကြီး၊ တော်ကြပါတော့"

ဟု သွယ်လေးက ငိုမဲ့မဲ့ဖြင့် ဝင်ပြောလေသည်။ ဒီတစ်ခါတော့ လတ်လတ်ဝေက သွယ်လေးဘက် လှည့်ကာ တုန့်ပြန် သည်။

"နင် ဘာမှမသိဘူး သွယ်လေး။ သူက နင့်၊ တကယ်ချစ်တာ မဟုတ်ဘူး။ တမင်သက်သက် ယုတ်မာတဲ့အကြံအစည်နဲ့ ချဉ်းကပ်တာ"

ဟု ကျွန်တော့်ဘက် လက်ညှိုး ထိုးငေါက်ငေါက် ထိုး၍ ဆိုသည်။

သွယ်လေးမှာ ငိုမလို ဖြစ်နေရာမှ ရုတ်တရက် တည်ငြိမ်သွား၏။ ထို့နောက် တည်ငြိမ်သော စကားသံဖြင့် ...

"သူ သွယ်လေးကို ယုတ်မာတဲ့စိတ်နဲ့ ချဉ်းကပ်တာဆိုလည်း သွယ်လေးသူ့ကိုချစ်မှာပဲ။ သူ သွယ်လေးကို မကောင်းကြံလည်း ချစ်မှာပဲ။ ဒီမှာ မမ၊ သွယ်လေး ရှင်းရှင်းပဲပြောမယ်။ နောက်ဆုံး သူသွယ်လေးကို သတ်မယ်ဆိုဦးတော့ သွယ်လေး သူ့ကိုချစ်သွားမှာပဲ"

မထင်မှတ်သော သွယ်လေး၏ စကားကို ကြားလိုက်ရသောအခါ လတ်လတ်ဝေရော ကျွန်တော်ပါ တဒင်္ဂ မင်သက်သွားမိ၏။ ထို့နောက် ကျွန်တော်က သွယ်လေးအား

ကျေးဇူးတင်စွာ၊ လတ်လတ်ဝေကတော့ သွယ်လေးအား အံ့ဩဟန်တူစွာဖြင့်ပင် ကြည့်မိကြ၏။

ခဏကြာတော့ လတ်လတ်ဝေက ခေါင်းကို ယမ်းခါရင်း....

"နင် ရူးနေပြီလား သွယ်လေး။ မရဘူး။ နင် အဲ့ဒီလိုလုပ်လို့မရဘူး။ လာ ခုပဲ နင် ငါနဲ့လိုက်ခဲ့ ရမယ်။ နင့်ကို ကိုကြီးရှိတဲ့ ဩစတြေးလျကို ပို့ပစ်မယ်။ ဒီကောင်နဲ့ နင် အဆက်အသွယ် ပြတ်ကိုပြတ်ရစေ့မယ့်"

ဟု ပြော၏။ ပြောရင်းလည်း၊ သွယ်လေးအား အတင်းဆွဲခေါ်လေသည်။

ချက်ချင်းပင် ထိုနေရာ၌ ရုန်းရင်းဆန်ခတ် ဖြစ်သွား၏။ လတ်လတ်ဝေက သွယ်လေးကို အတင်းဆွဲ၊ သွယ်လေးကလည်း အတင်းရုန်း၊ ကျွန်တော်ကလည်း သွယ်လေးကို ပြန်ဆွဲလိုက်၊ လတ်လတ်ဝေကို တွန်းဖယ်လိုက်နှင့်ဖြစ်နေတော့၏။

ထိုစဉ် အတွင်းမှာပင် လတ်လတ်ဝေက ကျွန်တော့်ကို လှမ်းရိုက်ဖို့ပြင်သည်။ ကျွန်တော် ရှောင်လိုက်သဖြင့် ထိတော့မထိ။ ကျွန်တော်ကလည်း ဒေါသထွက်စွာဖြင့်ပင် လက်တုန့်ပြန်ဖို့ပြင်၏။ ထိုစဉ်အတွင်းမှာပင် သွယ်လေး လွတ်ထွက်သွားခဲ့လေသည်။

ဘေးမှာ လူတွေကလည်း ဝိုင်းကြည့်၊ စိတ်ထဲမှာ ဒေါသကလည်းထွက်နှင့်၊ ရှက်လည်း ရှက်ရွံ့သွားဟန်တူသော သွယ်လေးသည် အတင်းပင် လတ်လတ်ဝေ၏ လက်မှ ရုန်းကာပြေးထွက်သွား၏။ ထိုအခါ ကျွန်တော် သွယ်လေးနောက် ပြေးလိုက်မိသည်။ သွယ်လေး ထွက်သွားသည်မှာ ယာဉ်အသွားအလာများသော ကားလမ်းပေါ်ဖြစ်သည်။ စိတ်ပူစွာ နောက်ကလိုက်ခေါ်သော်လည်း သွယ်လေး မကြား။ ငိုရှိုက်ရင်းသာ ကားလမ်းကို ဖြတ်ကူးဖို့ပြင်သည်။

ထိုစဉ်မှာပင် ကားတစ်စီး အပြင်းမောင်းလာသည်ကို ကျွန်တော်ရိပ်ကနဲ မြင်လိုက်ရ၏။ လူတစ်ကိုယ်လုံး ထူပူ၍သွားသည်။ အတင်းပင် သွယ်လေးဆီပြေးလိုက်မိ၏။ သွယ်လေးနား ကျွန်တော်အရောက်မှာတော့ ကားကလည်း အနားရောက်လာခဲ့ပြီဖြစ်သည်။ မမှီမကမ်းဖြင့် သွယ်လေးကို အတင်းပင် တွန်းထုတ်လိုက်၏။

သွယ်လေးမှာ လွင့်ထွက်သွားကာ လဲကျသွားခဲ့သည်။ ကျွန်တော့်မှာလည်း ကားလမ်းမပေါ်သို့ ကျသွားခဲ့၏။ အရှိန်လွန်ပြီး လမ်းမပေါ်တွင် နှစ်ပတ်သုံးပတ် လိမ့်သွားခဲ့သေးသည်။ နားထဲတွင် ကျွီကနဲ ဘရိတ်အုပ်သံကို အနီးကပ်၍ ကြားလိုက်ရ၏။ သို့သော် ကားသည် အရှိန်ဖြင့် ဆက်ရွေ့လာနေ၏။ ယင်းသည် နောက်ဆုံး ကျွန်တော် ကြားရသော အသံပင်ဖြစ်လိမ့်မည်ထင်သည်။ မျက်စိကို

စုံမှိတ်ထားလိုက်မိ၏။ တစ်စက္ကန့်၊ နှစ်စက္ကန့်၊ သုံးစက္ကန့် စက္ကန့်များစွာကြာသည်အထိ နာကျင်မှုဝေဒနာကို ကျွန်တော် မခံစားရ။ မျက်စိကိုဖြည်းဖြည်း ဖွင့်ကြည့်သော အခါ လူရိပ်လိုလိုကိုမြင်ရ၏။

အစကတော့ အလင်းရောင်စူးသဖြင့် မသဲကွဲ။ နောက်မှ တကယ်ပင် လူရိပ်ဖြစ်မှန်း သိ၏။ ကျွန်တော့်ကို စိုးရိမ်ကြီးစွာ ကြည့်နေသော သွယ်လေး၏ပုံရိပ် ဖြစ်နေ လေသည်။

ထို့နောက် ကျွန်တော် ဘာမှမဖြစ်မှန်းသိသည်နှင့် ဝမ်းမြောက်စွာ ထရပ်မိ၏။ ကားပေါ်မှ လူများပါ ဆင်း လာပြီး ...

ဘာဖြစ်တာလဲ၊ ဘာညာ မေးကြ၏။ မေးလာ သမျှ လူအားလုံးကို ပြုံး၍သာ လက်ကာပြမိသည်။ သွယ်လေးအသက်ကို ကယ်လိုက်နိုင်ခဲ့သည့်အတွက် ဖော် မပြနိုင်အောင်ပင် ဝမ်းမြောက်နေမိ၏။

သူ့လက်ကို တင်းတင်းဆုတ်ကာ လမ်းတစ်ဖက် ပြန်ကူးလာခဲ့သည်။

လမ်းတစ်ဖက်တွင်တော့ ယခုထိ ကြောင်ရပ်နေဆဲ ဖြစ်သော လတ်လတ်ဝေကို တွေ့၏။ လျှပ်တစ်ပြက် ဖြစ် သွားခဲ့သောဖြစ်ရပ်များအတွက် သူ မင်သက်မိနေဟန်

တူ၏။ ထို့ပြင် တစ်စုံတစ်ခုကိုလည်း နားလည်သွားဟန် တူလေသည်။

"နင်တို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် တကယ်ချစ်ကြတယ်ဆိုတာ ငါယုံပါပြီ"

ဟု နောက်ဆုံးစကားကိုဆိုကာ လတ်လတ်ဝေ နှုတ်ဆက်ထွက်ခွာသည့်အခါတွင်တော့ ကျွန်တော်တို့ နှစ်ယောက်မှာ လက်တွေ တင်းတင်းဆုပ်ရင်း တစ်ယောက်ကိုတစ်ယောက် ပြုံးရင်းကြည့်ကာ ကျန်ရစ်ကြ၏။

သူ အထင်မှား နှောင့်ယှက်ခဲ့သမျှကို တောင်းပန်စဉ်တုန်းကတည်းကလည်း တကယ်ပင် ကျွန်တော်တို့ ကျေအေးလိုက်ကြပါသည်။

ထို့နောက်တွင် ကျွန်တော်တို့နှစ်ယောက်အား နှုတ်ဆက်ကာ တရွေ့ရွေ့ သူ ထွက်ခွာသွားခဲ့၏။ ကျွန်တော်တို့ နှစ်ယောက်စလုံးအနေနှင့် နောက်နောင်၌ ကျွန်တော်တို့ နှစ်ကိုယ်ကြား ဘာအနှောင့်အယှက်မှ မရှိတော့ပြီဖြစ်ကြောင်း သဘောပေါက်လိုက်ကြပါသည်။

ကျွန်တော်တစ်ယောက်တည်းအနေနှင့်တော့ ထို (လတ်လတ်ဝေ နှုတ်ဆက်ထွက်ခွာသွားသည့်) အချိန်၌ အလွန်ထူးဆန်းသော မြင်ကွင်းတစ်ခုကို အံသြအချာပင် မြင်တွေ့လိုက်ရပါသည်။

ယင်းမှာ ကျွန်တော် လုံးဝပင် မထင်မှတ်ထားသော အရာလည်းဖြစ်သည်။

ယင်းကြောင့်ပင် ကျွန်တော် တစ်စုံတစ်ရာကို နားလည်သဘောပေါက်သွားခဲ့၏။

ယင်းသည် ခုနက ကိစ္စများ မဖြစ်သွားခင်ထိ သွယ်လေးကို ကျွန်တော်ချစ်ကြောင်းအား လတ်လတ်ဝေ မယုံကြည်နိုင်ခဲ့သော အကြောင်းရင်းကိုလည်း နားလည်သွားစေခဲ့ပါသည်။

ထူးဆန်းအံ့ဩဖွယ်ရာပါပင်။

ထိုစဉ်က ... ကျွန်တော် မြင်တွေ့လိုက်ရသည်မှာ ... ထွက်ခွာခါနီး နှုတ်ဆက်ချိန်၌ ကျွန်တော့်ကို ပြုံးပြသော အကြည့်ထဲမှ လတ်လတ်ဝေ၏ (မယုံနိုင်စရာ) မျက်ရည်စများပင် ဖြစ်လေတော့သည်။

# အချစ်ပုံပြင်

## အချစ်ပုံပြင်

ဒါဟာ ဘယ်တုန်းကဖြစ်ခဲ့တာမှန်း မသိဘူး။

ဘယ်နေရာမှာ ဖြစ်ခဲ့တာလဲ၊ ဘာကြောင့် ဖြစ်ခဲ့တာလဲ၊ ဘယ်သူတွေက သိမြင်လိုက်ကြသလဲ ဆိုတာတွေလည်း မရေရာဘူး။

ဒါဟာ လူတစ်ယောက်ရဲ့ရင်ထဲမှာဖြစ်စေ၊ အပြင်လက်တွေ့လောကမှာ ဖြစ်စေ၊ ဖြစ်ပွားခဲ့တာ ဖြစ်နိုင်တယ်။

အကြောင်းအချက်တွေ မရေရာလို့သာ ဒီအဖြစ်ဟာ ပုံပြင်ဆန်သွားခဲ့ပေမယ့် အသေအချာကို တကယ်တမ်းဖြစ်ခဲ့တာပါ။ အဲဒါကြောင့် ဒါဟာ ပုံပြင်တစ်ပုဒ်ဆိုရင်လည်း လောကကို မျက်နှာပြုပြီး စာမျက်နှာတွေ အမြဲဖွင့်လှစ်ထားတဲ့ ပုံပြင်လှလှလေးတစ်ပုဒ်သာပေါ့။

◆ ◆ ◆

တစ်ခါက ... ဘယ်အချိန်မှန်းမသိတဲ့ တစ်ခါကပေါ့။

လှပတဲ့၊ ဆန်းပြားတဲ့၊ လျှို့လည်း လျှို့ဝှက်၊ လေးလည်း လေးနက်တဲ့ ခံစားမှု (Feeling) ဆိုတဲ့ ကျွန်းလေး တစ်ကျွန်းရှိသတဲ့။

အဲဒီကျွန်းကလေးပေါ်မှာ လှပတဲ့ ကောင်မလေး အချစ် (Love)ဟာ မြင့်စွင့်ခံ့ညားတဲ့ ရဲတိုက်ကြီးတစ်လုံးနဲ့ စံမြန်းနေထိုင်ပါသတဲ့။

အဲဒီ ခံစားမှု (Feeling) ကျွန်းပေါ်မှာပဲ သူနဲ့အတူ ဉာဏ်ပညာ (Knowledge) ရယ်၊ ပျော်ရွှင်ခြင်း (Happiness) ရယ်၊ ချမ်းသာခြင်း (Richness) ရယ်၊ ဝမ်းနည်းခြင်း (Sadness) ရယ်၊ အချိန်ကာလ (Time) ရယ်ဟာ ညီညွတ်စွာ (တစ်ခါတစ်ရံလည်း မညီညွတ်စွာ) အတူတကွ နေထိုင်ခဲ့ကြပါသတဲ့။

တစ်နေ့မှာတော့ သူတို့ရဲ့ ဘဝထဲကို ကံဆိုးမှု တစ်ခုဟာ မြန်ဆန်စွာ ဝင်ရောက်ခဲ့တယ်။

သူတို့ နေထိုင်ရာ ခံစားမှုကျွန်းကြီးကို ပင်လယ် ရေတွေ လွှမ်းမိုးလာတာပါပဲ။

တစ်စစ မြင့်တက်လာတဲ့ ပင်လယ်ရေပြင်ကို မြင်တဲ့ အခါ ကျန်သူအသီးသီးဟာ ဘေးကင်းရာဆီ တိမ်းရှောင်ဖို့ ပြင်ဆင်ကြပေမယ့် အချစ် (Love) ဆိုတဲ့ ကောင်မလေး ကတော့ အေးအေးဆေးဆေးပါပဲ။

သူတို့အားလုံးဟာ ဒီသတင်းကို အရင်ကတည်းက ရခဲ့ပြီးသားပါ။ ဒါဟာ ထိတ်လန့်စရာကိစ္စဖြစ်ပေမယ့်လည်း Love ကလေးကတော့ မတုန်လှုပ်ခဲ့ပါဘူး။

သူဟာ ခံစားမှု (Feeling) ဆိုတဲ့ ကျွန်းကြီး ရေ လွှမ်းလာတာကို သူနေထိုင်ရာ ရဲတိုက်ကြီးရဲ့ အပေါ်ကနေ တည်တည်ငြိမ်ငြိမ်ပဲ ကြည့်နေခဲ့တယ်။

ဒါပေမယ့် သူ ဆက်ပြီး တည်ငြိမ်မနေနိုင်အောင် အကြောင်းကိစ္စတွေက ဖြစ်လာခဲ့ပါတယ်။

ပင်လယ်ရေရဲ့ လွှမ်းမိုးမှုဟာ မယုံနိုင်စရာ ကြီး ထွားလာခဲ့တာပါ။ သူနေထိုင်ရာ ရဲတိုက်ကြီးရဲ့ အောက်ခြေ အထိ ရေတွေ ရောက်ရှိလာတဲ့အခါမှာတော့ သူဟာ ဆက်ပြီး တည်ငြိမ်နေလို့ မဖြစ်တော့ပါဘူး။

ပထမဦးဆုံးအကြိမ် သူ စိုးရိမ်လာမိတဲ့အခါမှာ Love ကလေးဟာ ကူညီကယ်မမယ့်လူကို ရှာဖွေလာခဲ့ရပါတယ်။

ဘေးဘီဝဲယာကို သူ လှမ်းမျှော်ကြည့်တဲ့အခါမှာ အရင်ဆုံး သူမြင်ရတာဟာ ချမ်းသာခြင်းဆိုတဲ့ Richness ပါပဲ။

Richness ဟာ မီးပုံးပျံကြီးကို စီးလို့ ရေလွှမ်းနေတဲ့ ခံစားမှုကျွန်းကြီးကနေ ထွက်ခွာဖို့ ပြင်ဆင်နေလေရဲ့။

အိပဲ့အိပဲ့နဲ့ သူ့ရဲ့ခရီးကိုစဖို့ပြင်နေတဲ့ Richness ကိုမြင်တဲ့အခါမှာ Love ကလေးဟာ အတော်ပဲ ဝမ်းမြောက်သွားခဲ့တယ်။

ကယ်သူတွေ့ပြီမို့လည်း လက်ကလေး တယမ်းယမ်းနဲ့ သူ့ရဲ့ ရဲတိုက်ကြီးကနေ Richness ဆီကို မျှော်လင့်စွာ လှမ်းအော်ခဲ့တယ်။

"Richness ရေ၊ ဟေ့ Richness ၊ ဒီမှာ ကျွန်မကို ကယ်ပါဦး"

သူ့ခေါ်သံကို ချက်ချင်းပဲ Richness က ကြားပါတယ်။ လေးပင်တဲ့ သူ့ရဲ့ဦးခေါင်းဟာ Love ဆီကို တရွေ့ရွေ့လှည့်လာခဲ့တယ်။

ပြီးတော့ Love ကလေးကို မှုန်သီဝေဝါးနေတဲ့ မျက်လုံးတွေနဲ့ ကြည့်လိုက်တယ်။

အဲဒီအချိန်မှာ Love ကလေးကတော့ မျှော်လင့်ချက်ကြီးစွာနဲ့ပေါ့။ အရောင်တောက်နေတဲ့ မျက်လုံးလေးတွေနဲ့ လှမ်းကြည့်နေလိုက်တာဟာ Richness က သူ့ခေါ်သွားလိမ့်မယ်လို့ အသေအချာထင်မှတ်နေပုံပါပဲ။

ဒါပေမယ့် သူ့မျှော်လင့်ချက်တွေနဲ့ ဆန့်ကျင်ဘက်အရာတစ်ခုဟာ ဖြစ်ပွားခဲ့တယ်။

အဲဒါကတော့ Richness ရဲ့ အပြုအမူပါပဲ။

စောင့်စားနေရှာတဲ့ Love ကလေးကို ရီဝေဝေမျက်လုံးတွေနဲ့ကြည့်ရင်း ခေါင်းကို တဖြည်းဖြည်း ယမ်းခါလိုက်တဲ့အခါ Love ဟာ အရမ်းအံ့ဩသွားမိရတယ်။

"ကျွန်မကို ကယ်ပါဦးရှင်"

လို့လည်း နောက်တစ်ကြိမ် ထပ်အော်မိပါသေးတယ်။ အဲဒီအခါမှာ Richness ဟာ သူ (Love) လုံးဝထင်မှတ်မထားတဲ့ စကားတစ်ခွန်းကို ပြောခဲ့တယ်။

"ငါ့ မီးပုံးပျံထဲမှာ ပိုက်ဆံတွေနဲ့ ပြည့်နေပြီ။ နင့်အတွက် နေရာမရှိတော့ဘူး"

အဲ့ဒီလိုပြောရင်းပဲ Richness ရဲ့ မီးပုံးပျံဟာ Love ကလေးနဲ့ တရွေ့ရွေ့ဝေးသွားခဲ့ပါပြီ။

လေထုထဲကို တရွေ့ရွေ့မြင့်တက်ရင်း ခံစားမှုကျွန်းကြီးနဲ့ တစ်စစ ဝေးကွာသွားခဲ့တဲ့ Richness နဲ့

သူ့ရဲ့ပိုက်ဆံတွေ ပြည့်နေတဲ့ မီးပုံးပျံကြီးကိုကြည့်ရင်း Love ကလေးဟာ သက်ပြင်းကိုသာ ချနိုင်ပါတော့တယ်။

ဝမ်းနည်းအားငယ်ဖို့၊ စိတ်ဆိုးဒေါသထွက်ဖို့တော့ သူ့ခမျာ အချိန်မရှိရှာပါဘူး။ ပင်လယ်ရေဟာလည်း တဖြည်းဖြည်း မြင့်တက်လာပြီမဟုတ်လား။

အလျင်အမြန်ပဲ နောက်ထပ် ကယ်မနိုင်သူကို ရှာပြန်တော့ ဝမ်းနည်းခြင်းဆိုတဲ့ Sadness ကို တွေ့ရပါတယ်။

Sadness ဟာ ခေါင်းက ငိုက်စိုက်၊ မျက်နှာက လည်း မှိုင်မှိုင်တွေတွေနဲ့ လှေတစ်စင်းကို တရွေ့ရွေ့ လှော်ခတ်လာနေတာပါ။

Sadness သူ့ရဲ့တိုက်ကြီးနားက ဖြတ်သွားတဲ့အခါ Love ကလေးဟာ ပထမတစ်ကြိမ်ကလိုပဲ ပြုမူပြန်ပါတယ်။

"Sadness ရေ ... ကျွန်မကို ကယ်ပါဦးရှင်"

ခေါင်းငိုက်စိုက်နဲ့ Sadness ဟာ ငေးငေးငိုင်ငိုင်နဲ့ပဲ Love ကလေးကို ကြည့်ပါတယ်။ သူ့မျက်ဝန်းထဲမှာလဲ ကြေကွဲရိပ်တွေနဲ့။ Love ကလေးကတော့ ရှေ့တစ်ကြိမ်တုန်းကလိုပဲ မျှော်လင့်မိပြန်တာပေါ့။

ဒါပေမယ့် ဒီတစ်ကြိမ်လည်းပဲ သူ ကံမကောင်းခဲ့ပါဘူး။

Sadness ဟာ ဆွေးမြေ့စွာနဲ့ပဲ လွမ်းဆွတ်ရိပ်တွေ သန်းနေတဲ့အသံနဲ့ ပြောသွားခဲ့ပါတယ်။

"ငါ စိတ်မကောင်းဖြစ်နေလို့ ငါ့ဟာ ငါပဲ တစ်ယောက်တည်း သွားပါရစေ" တဲ့။

ပြောရင်းနဲ့ သူ့လှေကို ဆက်လှော်ခတ်သွား ပြန် တဲ့အခါမှာတော့ Love ကလေးဟာ အငေးသားသာ ကျန်ရစ်ခဲ့ရပါတော့တယ်။

ပင်လယ်ရေဟာလည်း တဖြည်းဖြည်း မြင့်တက်လာနေပါပြီ။ ကျွန်းတစ်ခုလုံးမှာပဲ နိုနားစရာဆိုလို့ သူနေထိုင်တဲ့ ဒီရဲတိုက်ကြီးပဲ ကျန်ပါတော့တယ်။

တကယ်လို့သာ ဒီရဲတိုက်ကြီးကိုပါ ရေတွေ ဖုံးလွှမ်းသွားခဲ့ရင် Feeling ဆိုတဲ့ ခံစားမှုကျွန်းကြီးတစ်ခုလုံးဟာ ပင်လယ်ရေအောက် နစ်မြုပ်သွားတော့မှာပါ။

အနီးအနားမှာ Sadness ဟာတော့ Love ကလေးကို ကျောခိုင်းလို့ သူ့အလွမ်းတွေနဲ့သာ တရွေ့ရွေ့ ဝေးသွားနေပါတယ်။

Love ကလေးဟာ Sadness ကိုပဲ မရမက ခေါ်ရမလား၊ ဘာလုပ်ရမလဲ တွေဝေနေတုန်းမှာပဲ သူ့နားထဲမှာ အသံတွေကို ကျယ်ကျယ်လောင်လောင် ကြားလာရတယ်။

ဒါဟာ လေယာဉ်ပျံတစ်စင်းဆီကပါ။

Love ကလေး လှည့်ကြည့်လိုက်တဲ့အခါမှာတော့ လေယာဉ်ပျံတစ်စင်းနဲ့ ရေလွှမ်းနေတဲ့ ခံစားမှုကျွန်းကို စွန့်ခွာလာသူ ပျော်ရွှင်ခြင်း (Happiness) ကို မြင်ရတယ်။

Love ဟာ ချက်ချင်းပဲ အားတက်သွားခဲ့ပါတယ်။ သူ့ကိုယ်ကလေးက ခုန်ဆွခုန်ဆွတောင် ဖြစ်လာပြီး မျှော်လင့်တကြီးနဲ့ Happiness ကို ခေါ်ခဲ့တယ်။

လက်ကိုလည်းပြ၊ ပါးစပ်ကလည်းအော်၊ ဘယ်လိုပင် ခုန်ပေါက်ခေါ်ပေမယ့်လည်း Happiness ကတော့ မကြားပါဘူး။

သူ့ဟာသူ ပျော်ပြီး လေယာဉ်ကြီးကို မောင်းသွားလိုက်တာ Love ကလေးကို တစ်ချက်မှတောင် မမြင်အောင်ပါပဲ။

လေယာဉ်ပျံကြီး အဝေးဆီ ရောက်သွားခဲ့တောင်မှ Love ကလေးက စိတ်မပျက်မိသေးပါဘူး။

Happiness ကို အားတက်သရော ခေါ်နေခဲ့တာဟာ သူ့လေယာဉ်ကြီး တိမ်တွေကြားမှာ အစက်ကလေး တစ်စက်အဖြစ်နဲ့ တဖြည်းဖြည်း မှုန်ဝါးပျောက်ကွယ်သွားတဲ့အထိပါပဲ။

အဲ့ဒီနောက်မှာတော့ Love ရဲ့အနားမှာ တဖြည်းဖြည်း မြင့်တက်လာနေတဲ့ ပင်လယ်လှိုင်းလုံးတွေသာ ကျန်ရစ်တော့တယ်။

သိပ်မကြာခင် အချိန်အတွင်းမှာပဲ ခံစားမှုဆိုတဲ့ ကျွန်းကြီးဟာ ပင်လယ်ရေရဲ့ ဝါးမျိုခြင်းကို ခံရတော့မှာပါ။ ခုအချိန်အထိပဲ Love ကလေးခမျာ ကယ်မယ့်သူ ရှာမတွေ့သေးပါဘူး။

ဒါပေမယ့် ကျွန်းကြီး လုံးဝ နစ်မြုပ်သွားလုဆဲဆဲမှာပဲ Love အတွက် ကြည်နူးစရာ အနာဂတ်ဟာ ရောက်ရှိလာခဲ့တယ်။

လှေကလေးတစ်စင်း သူ့ရှေ့ရောက်လာတာပါပဲ။ လှေပေါ်ကလူဟာ သွက်သွက်လက်လက်ပဲ Love ကို လှမ်းခေါ်ခဲ့တယ်။

"Love ရေ၊ လှေပေါ် မြန်မြန်တက်၊ ငါ နင့်ကို ကယ်မယ်"

ပင်လယ်ရေဟာလည်း မြင့်သည်ထက် မြင့်တက်လာပြီမို့ Love ဟာ စဉ်းစားနေချိန်မရပါဘူး။ ဖျတ်ဖျတ်လတ်လတ်ပဲ လှေပေါ်ကိုသာတက်ခဲ့တယ်။

လှေကလေး ထွက်ခွာခဲ့တဲ့အခါမှာတော့ ခံစားမှုကျွန်းဟာ လုံးဝနီးပါး နစ်မြုပ်ခဲ့ပါပြီ။ လက်မတင်ကလေး

ကယ်သူ တွေ့လိုက်ရတဲ့အတွက် Love ဟာလည်း အန္တရာယ်တွေ ကင်းရှင်းသွားခဲ့ပါပြီ။

ခုမှပဲ သက်မကြီးချနိုင်တော့တဲ့ Love ဟာ တဖြည်းဖြည်း ပျော်လာခဲ့တော့တယ်။ သူဟာ ကယ်သူဝေး တဲ့ဘဝ မဟုတ်တော့ဘူးဆိုတဲ့ အသိကြောင့်လည်း ဂုဏ်ယူ အားတက်ခဲ့မိတယ်။

ပင်လယ်လေညှင်းရဲ့ အရသာကို ခံစားရင်း Love ဟာ စိတ်လွတ်ကိုယ်လွတ်ကို ပျော်ရွှင်နေမိပါတော့တယ်။

အဲဒီလိုနဲ့ ဘေးလွတ်ရာ ကျွန်းတစ်ကျွန်းပေါ်ကို ရောက်တဲ့အခါမှာတော့ Love ဟာ ကျွန်းပေါ်ကို အရင် ရောက်နှင့်ပြီးဖြစ်တဲ့ လူကြီးတစ်ဦးကို မြင်ရတယ်။

သူဟာ ဉာဏ်ပညာလို့ခေါ်တဲ့ Knowledge ပါပဲ။

လက်နှစ်ဖက်နောက်ပစ်လို့ လေးနက်တဲ့မျက်နှာနဲ့ ရှိနေတဲ့ Knowledge ကို မြင်တဲ့အခါ Love ဟာ ပေါ့ပါး သွက်လက်စွာပဲ ပြေးသွားလိုက်တယ်။ သူဟာ Love ရဲ့ မကြာခဏ အကြံဉာဏ်တောင်းရတဲ့ ပုဂ္ဂိုလ်ပေါ့။

Love သူ့နားရောက်တဲ့အခါ Knowledge ဟာ အရာရာကို သိနှင့်နေပြီးဖြစ်တဲ့ မျက်နှာထားနဲ့ ဆီးကြို တယ်။

Love ဟာ ပြုံးပြုံးလေးနဲ့သာ အနားကပ်သွားခဲ့ ပေမယ့် သူ ဘာပြောရမှန်းတော့ ရုတ်တရက် မသိသေး

ပါဘူး။ ခဏာနေမှပဲ သူ ခုနကတည်းက အမေးသင့်ဆုံး ဖြစ်တဲ့ မေးခွန်းကို မေးလိုက်ပါတယ်။

Knowledge ကတော့ Love မေးသမျှကို ခေါင်း တညိတ်ညိတ်နဲ့သာ အေးအေးဆေးဆေး နားထောင်ပေး ခဲ့တယ်။

"ကျွန်မကိုလေ. ..."

"အင်း ..."

"Richness က ပိုက်ဆံတွေကြောင့် ဆိုပြီး ပေးစရာနေရာမရှိလို့ ထားခဲ့တယ်"

"အင်း ..."

"Sadness ကတော့ ဝမ်းနည်းနေလို့ Happiness ကတော့ ပျော်နေလို့ လျစ်လျူရှုသွားကြ တယ်"

"အင်း ..."

"နောက်ဆုံးကျမှ မထင်မှတ်တဲ့ တစ်ယောက်က သာ ကယ်တင်ခဲ့တယ်"

"အင်း ..."

"အဲဒီလူဟာ ဘယ်သူလဲဟင်"

နောက်ဆုံးစကားမှာတော့ Knowledge က Love ရဲ့ မျက်နှာကို စိုက်ကြည့်ပါတယ်။

"အဲဒီလူကို Love မသိဘူးလား"

"ဟင့်အင်း ..."

"ဩော် ... သိလိမ့်မယ်လို့ ထင်တာ၊ အဲဒီလူက Time လေ၊ အချိန်ကာလဆိုတဲ့ Time ပေါ့"

"ဟင် Time! ဘာကြောင့် တခြားလူတွေက မကယ်ဘဲ သူ့ကျမှ ကျွန်မကို ကယ်တင်ရတာ လဲဟင်"

"ဘာလို့လဲဆိုတော့ ..." ဆိုပြီး သံရှည်ဆွဲပြီး Knowledge ဟာ ဘာစကားမှမပြောဘဲ ခဏ ရပ်ထားပြန်ပါတယ်။ ပြီးတော့မှ ...

"... Time တစ်ယောက်ကသာ Love ရဲ့ တန်ဖိုးကိုသိတာလေ။ Time ကသာ Love ရဲ့ အနက်အဓိပ္ပါယ်ကို ထင်ရှားစေနိုင်တာ"

"ဩော်"

စကားတွေ ဆုံးသွားတဲ့အခါမှာတော့ Knowledge ရော Love ပါ ငြိမ်သက်သွားကြပါတယ်။ Time ရဲ့ အကူအညီနဲ့ ဘေးကင်းရာဆီရောက်ပြီမို့ Love ကလေး ဟာ ငြိမ်းချမ်းသွားခဲ့ပါပြီ။

သည်နောက်မှာတော့ ...

"Time (အချိန်) ကသာ Love (အချစ်) ရဲ့တန်ဖိုးကို နားလည် အဖိုးဖြတ်ပေးနိုင်တာ"

ဆိုတဲ့ စကားတစ်သံသာ သူတို့အနား လေထုထဲက တစ်ဆင့် အရပ်ရပ်ထိ ပျံ့နှံ့ခဲ့ပြီး မိုးကောင်းကင်ပါမကျန် လောကရဲ့ နေရာအနှံ့အပြားတုန်ခါ မြည်ဟီးနေပါလေတော့တယ်။

# ကယောင်ခြောက်ခြား

# ကယောင်ခြောက်ခြား

■ ပထမအဆင့်

ရုတ်တရက် သူအိပ်ရာမှ လန့်နိုးလာသည်။ ထိုကဲ့သို့ လန့်နိုးလာချင်းမှာပင် သူလန့်နိုးရခြင်း အကြောင်းရင်းကို စဉ်းစားနေမိ၏။

ပြင်ပမှ အသံဗလံ တစ်ခုခုကြောင့်လား?
ဒါမှမဟုတ် အိပ်မက်ဆိုးမက်လို့များလား ?

အိပ်မက်ကြောင့်သာ ဆိုပါက သူ့ကိုအိပ်ရာမှ အလန့်တကြား ထထိုင်စေရလောက်အောင် ဘယ်လောက် ပြင်းထန်ဆိုးရွားလွန်းသော အိပ်မက်မို့ပါလဲ ...

အတွေးများစွာ ဝေခွဲမရဖြစ်နေစဉ်မှာပင် တယ်လီ ဖုန်းသံမြည်လာလေသည်။

ဖုန်းက အိပ်ရာဘေးမှာထားသည်မို့ ချက်ချင်း ကောက်ကိုင်၍ ရသော်လည်း သူတုံ့ဆိုင်းနေမိ၏။ အသံ မြည်နေသော ဖုန်းခွက်ကို သတ္တဝါဆန်းတစ်ကောင်လို သူ ငေးကြည့်နေမိသည်။

သူ့စိတ်ထင် ဆယ်ခေါက်ခန့် ဖုန်းသံမြည်အပြီး မှာမှ ဖုန်းခွက်ကို သူကောက်ကိုင်ဖြစ်၏။

သူတစ်ခွန်းမျှ မထူးရသေးခင်မှာပင် တစ်ဘက်မှ စကားစ၏။

"ဟယ်လို ... ကိုကိုလားဟင်"

"ဩော် ... ဟုတ်တယ် ဒီဒီ၊ ပြော"

တစ်ဘက်မှ စကားသံ တဒင်္ဂတိတ်ဆိတ်သွား၏။

"ကိုကို အခု ဘာလုပ်နေလဲဟင်"

"အခုမှ အိပ်ရာနိုးတာ ဘာပြောစရာရှိလို့လဲ ဒီဒီ"

သူ့ချစ်သူ၏အကျင့်ကို သူနားလည်ပြီးဖြစ်သည်။ ချစ်သူသက်တမ်းပင် သုံးနှစ်ကျော်နေပြီပဲ။

အခုလို တုံ့တုံ့ဆိုင်းဆိုင်းဖြစ်နေလျှင် စကားကို အေးအေးဆေးဆေးပြောနေလျှင် အကြောင်းတစ်ခုခုတော့ ရှိရပေမည်။

မဟုတ်မှလွဲရော ... တစ်ခုခုပူဆာချင်ပုံရ၏။ ဟို တစ်လောကတင် ဟန်းဖုန်းပူဆာ၍ ဝယ်ပေးလိုက်ရပြီးပြီ။ အခုရော ဘာလိုချင်ပြန်ပြီမသိ။

"ဒီဒီလေ ... ဟို"

"ပြောလေ ဒီဒီ၊ ဘာကိစ္စလဲ"

"ကိုကို့ကို ဒီဒီ မချစ်တော့ဘူး ... အဲဒါ ပြောမလို့"

"ဘာ"

သူ့အသံသည် တော်တော်ကျယ်လောင်၍ သွားမှန်း သတိထားမိလိုက်သည်။

"ဒီဒီလေ ကိုကိုကို့ အရင်ကတော့ ချစ်ခဲ့ပါတယ်၊ ဒါပေမယ့် အခု မချစ်တော့ဘူး၊ ဒီအတိုင်းဆက်သွားရင် မုန်းသွားမိလိမ့်မယ်၊ အဲ့ဒီတော့ ဒီဒီတို့ လမ်းခွဲလိုက်ကြရအောင်နော်"

ဘာပြန်ပြောရမယ်မှန်း မသိ။ ခဏတာ တိတ်ဆိတ်နေမိစဉ်မှာပင် တစ်ဘက်မှ ဖုန်းပြန်ချသွားခဲ့လေသည်။

◆ ◆ ◆

■ ဒုတိယအဆင့်

"အေးကွာ၊ ကြိုပြီးသတိမပေးမိတာ ငါ့အမှားပါပဲ"

သူငယ်ချင်း အာကာကပြောရင်းမှ သူ့လက်မောင်းကို လာဆုပ်ညှစ်သည်။ သူက ဘာမှမတုံ့ပြန်။ နှုတ်ဆွံ့သလိုဖြစ်၍ နေ၏။

"ဒီဒီကို ခုလိုပြောရဲလိမ့်မယ်လို့တော့ ငါမထင်မိဘူးကွာ"

"သူက ဘာလို့အဲ့ဒီလို ပြောရတာလဲ"

"ဟ၊ သူ့မှာ နောက်တစ်ယောက်ရှိနေပြီလေကွာ၊ ဒီတော့ မင်းကိုဖြတ်ပြီပေါ့"

"မင်း သူ့ကိုတားသေးတယ်ဆို"

"ငါပြောပြီးပြီကော၊ ပြင်းပြင်းထန်ထန်ကို တားခဲ့တာပါလို့၊ သူကလည်း ငါလက်ပေါ်မှာ ကြီးလာတဲ့ ငါ့ညီမလေးလို ဖြစ်နေတော့ မဖြစ်သင့်တာ မဖြစ်ရအောင် စေတနာနဲ့ ငါအများကြီး ပြောခဲ့ပါတယ်ကွာ"

"အဲဒီတော့ သူက ဘာပြောလဲ"

"ငြင်းတယ်လေကွာ၊ မဟုတ်ပါဘူးတဲ့ အရင်ကတော့ အဲဒီကောင်လေးကိုသူအပျော်သဘောပဲကွ၊ မင်းနဲ့ရန်ဖြစ်တဲ့အချိန်တွေမှာ စိတ်ဖြေစရာရှာတာနေမှာပေါ့၊ နောက်ကျမှ ဘယ်လိုဖြစ်ကုန်တယ်မသိဘူး။ ငါထင်ပါတယ် အဲ့ဒီကောင်လေးတွေ မျိုးရိုးကိုက အကုသိုလ်မျိုးရိုးကွ၊ သူ့အဖေဆို ဥပဒေနဲ့မလွတ်မကင်း စီးပွားရှာနေတာ၊ မယားငယ်လည်း သုံးယောက်နဲ့ ဒီလိုလူမျိုးရဲ့ သားနဲ့သွားပတ်သက်မှတော့ကွာ ..."

"ဒါတွေထားစမ်းပါကွာ၊ ဘာပဲဖြစ်ဖြစ် မင်း ငါ့ကို ကြိုတော့ အသိပေးဖို့ကောင်းတယ်"

အာကာ ခေါင်းငုံ့သွား၏။

"ဟုတ်ပါတယ်ကွာ၊ ငါက မင်းတို့ခုလို အခြေအနေရောက်မှ မပြတ်စဲစေချင် ဖြစ်မိတာကို"

"မင်း အဲ့ဒီကောင်လေးနဲ့ တွေ့မိတယ် ဆိုတာကရော ..."

"တစ်ခါတွေ့ဖူးတယ်ကွ၊ ငါကပဲကြားက လူကြီးတစ်ယောက်လို သွားတားတဲ့ သဘောပါ ...။ မင်းနဲ့ ဒီဒီရဲ့အကြောင်းတွေ အကုန်ပြောပြတယ် မကြာခင် လက်ထပ်တော့မှာကိုရောပေါ့ ..."

"အဲဒီတော့ သူကဘာပြောလဲ"

"ဟာ ... ရှုန်းရှုန်းဝေနေတာပဲ၊ နောက်လုံးဝ မပတ်သတ်တော့ပါဘူးတဲ့"

"ဒါဆို ဒီကောင်ယောကျ်ား မဟုတ်ဘူးဘဲ၊ စကား မတည်ဘူး"

"အေးကွ၊ ပြီးတော့ ဒီဒီကလည်း မင်းနဲ့ပတ်သက်တဲ့ အကြောင်းတွေ သူ့ကို အမှန်အတိုင်းမပြောဘူးလေ"

"ဒါပေမယ့် ဘာပဲဖြစ်ဖြစ်ပေါ့ကွာ၊ ငါတို့ အကြောင်းက အသိသာကြီးပဲ"

"အေး ဟုတ်ပါတယ်၊ ကြည့်ရတာ ဒီကောင်လေး အတွက်က မိန်းမရှားတယ်နဲ့ တူပါတယ်ကွာ၊ တော်ရုံယောက်ျားကောင်းဆို ဒီလိုဘယ်ကြားဝင် မလဲ"

"အဲဒီကောင်လေးက ဘယ်မှာနေတာလဲကွ"

"တောင်ဥက္ကလာမှာပဲလေ၊ ဒီဒီတို့ အိမ်နားတင်"

"သူ့နာမည်ကရော ..."

"ဖြိုးဝေ"

◆ ◆ ◆

■ တတိယအဆင့်

အစကတော့ သူတို့ကို မစောင့်နိုင်သဖြင့် ပြန်တော့မလို့ပင် ဖြစ်ပါသည်။ ဒီဒီတို့ လမ်းထိပ်ဘက်ထွက်ကာ တက္ကစီပင်ထွက်ငှားနေခဲ့၏။ တော်တော်ကြာသည့်အထိ တက္ကစီကတစ်စင်းမှ ပေါ်မလာ။ ဒေါသထွက်နေချိန် ကား မမောင်းချင်သဖြင့် ကားမယူလာမိသည်ကိုပင် နောင်တရနေမိ၏။

ထိုစဉ်မှာပင် လမ်းတစ်ဘက်အဝေးမှ လျှောက်လာသော သူတို့စုံတွဲကို မြင်ရလေသည်။

သူတို့ကတော့ မြင်ပုံမပေါ် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ စကားတွေ တွတ်ထိုး၍လာကြလေ၏။

သူတို့ လျှောက်လာရာဆီ ဦးတည်လျှောက်သွားမိသည်။ စိတ်ထဲမှာလည်း သူတို့နှင့်ဆုံသည့်အခါ ဘယ်လိုပြောရကောင်းမလဲဟု စဉ်းစားလာမိ၏။

"သိပ်ပျော်နေကြတယ်ပေါ့၊ ဟုတ်လား"

အဲဒီလိုပြောလိုက်လျှင် ရုပ်ရှင်ထဲမှလူကြမ်း စကားပြောသလို ဖြစ်နေပေမည်။

"မင်း အိမ်နားမှာ ငါလာစောင့်နေတာကြာပြီ ဒီဒီ" ဟု ပြောလိုက်ရင်ကောင်းမလား။ ဒါမှမဟုတ် ...

"ရက်စက်လိုက်ကြတာကွာ"

"ဒါက ဘာသဘောလဲ"

"မင်းတို့အကြောင်း ငါသိတယ်။ ဒါကြောင့် ငါလာစောင့်ဖမ်းတာ"

... စသဖြင့် အမျိုးမျိုးစဉ်းစား ကြည့်သော်လည်း ဘယ်စကားကိုမှ သဘောမတွေ့လှပါ။

အမုန်တကယဲတော့ ခုလိုလာစောင့်တာကိုက အဓိပ္ပါယ်မရှိလှသော လုပ်ရပ်ဖြစ်သည်။ ဘာမဆို မျက်မြင်တွေ့လိုက်ချင်သော စိတ်ကြောင့်သာ ယခုလို အူလည်လည် အဖြစ်မျိုးနှင့်ကြုံရ၏။

ကိုယ့်ကိုယ်ကို မကျေနပ်ရင်း ပြောဖို့စကားကို စဉ်းစားရင်းဖြင့် ရှုပ်ထွေးနေတုန်းမှာပင် သူတို့ သူ့ကို မြင်သွားလေတော့သည်။

သူတို့၏လှမ်းလာနေသော ခြေလှမ်းများရပ်တန့်သွားသည်။ ထိုစဉ် သူကဆက်သွားနေသဖြင့် ခဏအတွင်းမှာပင် လက်တစ်ကမ်းအကွာ၌ မျက်နှာချင်းဆိုင်မိကြလေတော့သည်။

မရည်ရွယ်ပါဘဲ နှုတ်မှ ဒေါသစကားတစ်ချို့ ပြောထွက်သွားသည်။

“မင်း တော်တော်ယုတ်မာတာပဲ၊ မင်းက တော် တော်အောက်တန်းကျတာပဲ”

ဒီဒီနှင့် သူ့အဖော် ဖြိုးဝေဆီ တစ်လှည့်စီပြောမိသောအခါ နှစ်ယောက်လုံး ခေါင်းငိုက်စိုက်ကျသွား၏။

ထိန်းထားပါလျက် ရင်ထဲကဒေါသမှာ အခေါင်အဖျားသို့တိုင် တက်လာသည်။

"တောက် ... ကွာ"

လက်ကိုမြှောက်၍ ဖြိုးဝေကို ရွယ်လိုက်မိသည်။ ထိုစဉ်မှာပင် ဒီဒီက ရှေ့တစ်လှမ်းတက်လာခဲ့၍ ရင်ကော့ ခေါင်းမော့ကာ ဖြိုးဝေရှေ့၌ ကာသည်။ သူမကိုသာ ရိုက်ပါ ဆိုသည့် သဘော။

ဖြိုးဝေဆီမှ မျက်ရည်တွေကျလာတာ သူမြင်ရ၏။ ပြီးတော့ လေသံမျှဖြင့် ...

"အစ်ကို ကျွန်တော့်ကို ထိုးချင်တယ် မဟုတ်လား၊ ထိုးပါ အစ်ကိုရာ၊ ဒီဒီ ဖယ်ပေးလိုက်ပါကွာ"

"အို မဟုတ်တာ ... ဒီဒီကိုပဲထိုး ဒီဒီခံပါမယ်"

သူစိတ်ပျက်သွား၏။

ဘာတွေလဲ ပြဇာတ်ကနေတာကျနေတာပဲ သူတို့ ကလည်း အများလုပ်ကြသေးသည်။ သူတို့ပဲ သူရဲကောင်း လာလုပ်ပြနေကြ၏။ အလွမ်းဇာတ်ကလည်း ခင်းနေပြန် သေးသည်။

"ကဲ မျက်စိရှုပ်လိုက်တာ ... ဖယ်ကြစမ်းကွာ ငါ့ရှေ့ကမဖယ်ရင် ငါထိုးမိတော့မယ်"

ပြီးတော့ သူ ခြေခပ်ပြင်းပြင်းဆက်လျှောက် လာခဲ့လေသည်။

◆ ◆ ◆

■ စတုတ္ထအဆင့်

သူအိမ်မပြန်ချင်သေးပါ။

ဘယ်သူနဲ့မှလည်း မတွေ့ချင်သေး။ ထို့ကြောင့် တော်တော်ကြာသည်အထိ ခြေဦးတည့်ရာ လမ်းဆက်လျှောက်နေခဲ့၏။

အကယ်၍ သူ့တပည့်သာ ကားနှင့်အနားလာမရပ်ပါက ဘယ်အထိ သူဆက်လျှောက်နေမိမည်မသိပါချေ။

"ရှာလိုက်ရတာ ဆရာရယ်၊ ဆရာသွားတတ်သမျှ နေရာတွေရှာတာ တစ်မြို့လုံးကို နှံ့သွားတာပဲ။ ဘာကြောင့် ကားရောဟန်းဖုန်းရော ထားခဲ့ပြီး အခုလို လျှောက်သွားနေရတာလဲ"

အနားမှာ ကားလာရပ်ပြီး အမောတကောပြောနေသော သူ့တပည့်ကို မတုန့်ပြန်ဘဲ သူငေးနေမိသည်။ တပည့်လုပ်သူက ကားပေါ်မှပင် သူ့ဘက်ခြမ်းမှ ကားတံခါးကို တွန်းဖွင့်ပေးသည်။

"တက်လေ ... ဆရာ၊ ပြန်ရအောင်"

သူ နေရာမှမရွေ့ဖြစ်သေး။

"ဘာကိစ္စရှိလို့ မင်းငါ့ကို လာရှာတာလဲ"

"ကိစ္စက အရမ်းအရေးကြီးတယ် ဆရာ... ဆရာကိုပြောပြရမှာတောင် ခက်နေတယ်"

သူ့ရင်ထဲမှာ ချွန်မြမြဝေဒနာတစ်ခု ပေါ်လာ၏။ ကြောက်သလိုလို တုန်လှုပ်မိသလိုလိုပါပဲ။ သူ့စိတ်ထင် ဟိုနေ့က ဒီဒီ ဖုန်းချသွားအပြီးမှာလည်း ထိုဝေဒနာ ပေါ်ခဲ့သေးသည်။

"ဘာများမို့လို့လဲ"

"ဆရာ့စက်လှေငါးစီးလုံး ပင်လယ်ထဲမှာ မုန်တိုင်းမိပြီး နစ်သွားပြီတဲ့ ... ဆရာ"

"ဘာ"

သူ့အောသကြောင့် တပည့်ဖြစ်သူပင် လန့်သွားသည်။ ရင်ထဲတွင် ချွန်မြမြဝေဒနာ ပေါ်လာပြန်၏။

ဒီစက်လှေတွေပေါ်တွင် သူ့စည်းစိမ် အားလုံးပါသည်။ သူ၏အကြီးမားဆုံး ရင်းနှီးမြှုပ်နှံမှုဖြစ်သည်။ အခုတော့ အားလုံးသွားပြီ။ ဒီတစ်ခေါက်ကျမှ ဘာလို့ဖြစ်ရတာလဲ။ '

လုံး၀ သူမွဲသွားခဲ့လေပြီ။

အသက်ကို ခက်ခက်ခဲခဲရှူရ၏။

ရုတ်ချည်းအာခေါင်တွေ ခြောက်ကပ်လာသည်။ တံတွေးကို ခက်ခက်ခဲခဲမျိုချရ၏။

တပည့်က ကားပေါ်မှပင် ငြိမ်ငြိမ်သက်သက် သူ့ကို ကြည့်နေသည်။

"မင်းသွားတော့ကွာ ငါနောက်မှပဲပြန်လာမယ်"

ပြီးတော့ ယင်းကို ကျောခိုင်းထားရစ်ကာ ဆက်လျှောက်လာခဲ့လိုက်၏။ ရင်ထဲမှာဖြစ်ပေါ်နေသော ချွန်မြမြဝေဒနာသည် တစ်စစတိုးကာတိုး၍လာသည်။

အားတင်း၍ ရှေ့ကို သူဆက်လျှောက်၏။ တစ်လှမ်း၊ နှစ်လှမ်း၊ သုံးလှမ်း၊ လေး ... ငါး ... ခြောက်လှမ်း။ နောက်ဆုံး သူသတိရလိုက်မိသည်မှာ ခွေညွှတ်လဲ

ကျသွားသော သူ့ခန္ဓာကိုယ်ကို တပည့်ကပြေးလာပြီး ပွေ့ယူလိုက်ခြင်းပင်ဖြစ်သည်။

◆ ◆ ◆

■ပ ဥမအာဆင့်

ထိုင်ခုံနောက်မှီပေါ်တွင် ခေါင်းလှန်မှီရင်း မျက်လုံးများ မှိတ်လျက် တိတ်တိတ်ဆိတ်ဆိတ် သူလိုက်ပါလာခဲ့၏။

စိတ်ထဲတွင် သူ့တပည့်ကားမောင်းတာ မြန်လွန်းသည်ဟု ထင်မိသည်။ တားမြစ်ချင်သော်လည်း ပါးစပ်က အသံထွက်ပြောဖို့ရန် အားမရှိသလို ဖြစ်နေခဲ့၏။

နားထဲတွင် လေတိုးသံများ တဝီဝီကြားနေရသည်။

စိတ်သည် ဘာကိုမှ စူးစိုက်၍မရ။ ဟိုပြေးလိုက် ဒီပြေးလိုက် ဖြစ်နေလေ၏။

အခုလေးတင် သူဆင်းလာခဲ့ပြီးသော ဆေးရုံဆီသို့ အာရုံပြန်ရောက်သွားသည်။ အာရုံတစ်ခုလုံး ပဲ့တင်ထပ်မတတ် စိုးမိုးနေသည်က နားစွန်နားဖျားကြားလိုက်ရသော စကားများ ...

"ရတယ်လေ၊ သူနိုးလာတဲ့အခါကျတော့ ဆေးရုံက ဆင်းချင်လဲဆင်းလိုက်တော့ပေါ့၊ သူကလည်း ဆင်းချင်နေပြီလား"

"ဟုတ်တယ် ဒေါက်တာ၊ ဟိုနေ့က ရုတ်တရက်မူးလဲသွားလို့သာ ဆေးရုံလာတင်လိုက်ရတာ အလုပ်ကိစ္စတွေက အကုန် တိုးလို့တန်းလန်းနဲ့ သူ့ရှိမှဖြစ်မှာ"

"အလုပ်တွေလည်း သိပ်တော့မလုပ်စေနဲ့ဦးဗျ၊ သိပ်အပင်ပန်းမခံစေနဲ့၊ ပြီးတော့ ခင်ဗျားတို့ဆရာကို စိတ်ချမ်းသာအောင်လည်း ထားဦး"

"ကျွန်တော် နားလည်ပါတယ် ဒေါက်တာ၊ သူကိုယ်တိုင် မလုပ်မဖြစ်တာတွေကလွဲရင် ကျန်တာကျွန်တော်တို့ပဲ အကုန်တာဝန်ယူကြမှာပါ။ သူ့ဘဝရဲ့နောက်ဆုံးအချိန်ကာလတွေမှာ ကျွန်တော်တို့ကလည်း စိတ်ချမ်းသာသွားစေချင်ပါတယ်"

အေးဗျာ၊ စိတ်မကောင်းစရာပဲ၊ အခုလို ရောဂါကျွမ်းမှ ကျွန်တော်တို့ဆီ ရောက်လာတော့လည်း ဘာမှမတတ်နိုင်ဘူးဗျာ၊ ဒီနှလုံးရောဂါဆိုတာမျိုးက နတ္တုန်းသာ ကုရရင်ဒီလောက်ဆိုးမသွားနိုင်ဘူးဗျ"

"ဒီရောဂါရှိနေမှန်းမှ မသိကြတာ ဒေါက်တာရယ်၊ သူကိုယ်တိုင်ကလည်း တစ်ကောင်ကြွက် တစ်ယောက်တည်းသမားဆိုတော့ ဖြစ်သလို ပေပေတေတေနေတာ ဒေါက်တာရဲ့"

"အေးလေ၊ သတ္တဝါတစ်ခု ကံတစ်ခုပေါ့ဗျာ"

"အင်း သူ့မွေးနေ့တောင် မှီပါအုံးမလား မသိဘူးနော်၊ ဒီတစ်ခါ သူက ခမ်းခမ်းနားနားလုပ်မယ် ပြောထားတာ"

"သူ့မွေးနေ့က ဘယ်တော့မို့လို့လဲ"

"ရှေ့နှစ်လကျော်မှာလေ၊ စက်တင်ဘာ ၂၀ ရက်နေ့"

"အင်း မှီနိုင်ကောင်းပါရဲ့ဗျာ၊ ဒါပေမယ့် ခင်ဗျားဆရာက အများဆုံးခံလှရင် နောက်သုံးလပဲဗျ"

လမ်းတစ်ခုစီ ချိုးကွေ့အဝင်တွင် ချိုင့်တစ်ခုထဲ ကျသွားသဖြင့် ကားက "ဂျိုင်း" ကနဲဖြစ်သွားသည်။ ထိတ်လန့်ဖွယ်ရာအာရုံမှလည်း သူပြတ်တောက်သွားရ၏။

မျက်လုံးကို ဖြည်းဖြည်းချင်းဖွင့်ကြည့်တော့ ကားက သူ့ခြံဝသို့ပင် ရောက်နေချေပြီ။

ခြံစောင့်အဖိုးကြီးက အပြေးလာ၍ ခြံတံခါးဖွင့်ပေးသည်။ ပြီးတော့ ဂရုဏာသက်သလို မျက်လုံးများဖြင့် သူ့ကိုလှမ်းကြည့်နေလေသည်။ သူတို့တွေအားလုံးကို သိနေကြပြီလား။

မျက်စိနှစ်ဖက်ကို သူပြန်မှိတ်လိုက်၏။

ဘယ်သူ၏ သနားကရုဏာအကြည့်များကိုမှ သူ ရင်မဆိုင်လို၍ ဖြစ်ပါသည်။

◆ ◆ ◆

■ ဆဌမအဆင့်

အိပ်ရာပေါ်တွင်လှဲနေရင်း အိပ်ခန်းတစ်ခုလုံးကို သူ မျက်လုံးဝေ့ကြည့်နေမိသည်။

ဒီအိပ်ခန်းသည် ကလေးဘဝကတည်းက သူအိပ်ခဲ့သောအခန်းဖြစ်၏။ သို့သော် ယခုတော့သူ့စိတ်ထဲ အမြင်တစ်မျိုးဖြင့် ပြန်မြင်နေရသည်။

အိပ်ခန်းနံရံတစ်လျှောက်၌ ဓာတ်ပုံများစွာ ချိတ်ဆွဲ၍ ထား၏။

အစွန်ဆုံးမှာက လွန်ခဲ့သော နှစ်ပေါင်းများစွာ ကတည်းက လောကမှ ထွက်ခွာသွားနှင့်ပြီးဖြစ်သော မိဘ နှစ်ပါး၏ပုံ။

သူ အနည်းငယ်ပြုံးလိုက်မိ၏။

မကြာခင်ပင် သူတို့နှင့်ပြန်တွေ့ရတော့မည်ပဲ။

နောက်တစ်ပုံကျတော့ ပညာရည်ချွန်ဆု ယူနေသည့် သူ့ဓာတ်ပုံဖြစ်သည်။ ဓာတ်ပုံထဲက သူက ရင်ကော့ ခေါင်းမော့လျှက်။

သူငယ်တန်းမှ စက်မှုတက္ကသိုလ်ဘွဲ့ရပြီးသည် အထိ နှစ်စဉ်ပညာရည်ချွန်ဆုများ ဆွတ်ခူးနိုင်ခဲ့သော သူ့ အဖြစ်ကို သတိရမိသည်။ ယောင်ယောင်ကလေး သူ ပြုံးမိ ပြန်၏။

အခုတော့လည်း ဒါတွေအားလုံး အလကားပါပဲ လေ။

ကပ်လျှက်နံဘေးမှာတော့ တင်းနစ်ရိုက်တံတစ်ခုနှင့် သူ ဟန်ရေးပြနေသော ပုံ။ သူက တင်းနစ်ကစားတာ အတော်ကျွမ်းကျင်သည်။ ဆုတံဆိပ်များစွာလည်း ရဖူး၏

သို့သော် ကံကြမ္မာဘောလုံးက တည့်တည့်ခုတ်ချ လာချိန်မှာတော့ သူဘယ်လိုမှ မဆယ်ယူနိုင်ခဲ့ပါ သူ့အပြုံး က ပိုမို၍ပီပြင်လာ၏။

နောက်တစ်ပုံကတော့ နိုင်ငံခြားတွင် သူရိုက်ကူးထားခဲ့သော ပုံဖြစ်သည်။ စီးပွားရေးတွင် အလွန်အောင်မြင်နေသော ကာလများပေါ့ သူခြောက်ကပ်ကပ် ရယ်မိသည်။

ထိုနံဘေးမှာတော့ သူ့ချစ်သူနှင့်သူ၏ စုံတွဲပုံ အလွန်ကြင်နာယုယနေသော ကာလများ တကယ်တော့ ဟိုကောင်မလေးသည် သူမကစတင်ကာ သူ့ဘဝထဲတိုးဝင်လာခဲ့ခြင်းဖြစ်၏။

ဘယ်တော့မှ မပြောင်းလဲဘူးဟူသော စကားတစ်ခွန်းနှင့်အတူပေါ့။

သူ လှောင်သလို အသံထွက်ရယ်မောမိသည်။

ယခုတော့လည်း အရာရာသည် တကယ့်ကို ပြီးဆုံးခဲ့ပြီပဲ။

ဆုတံဆိပ်များ၊ ဘွဲ့လက်မှတ်များ၊ စည်းစိမ်ဥစ္စာများအားလုံးက မက်မောခဲ့ရသောဘဝ၊ ချစ်သူကြင်သူ ပေါများလွန်းသည့်အဖြစ်များ ထိုအရာအားလုံးသည် သူ့ကို မကယ်နိုင်ကြတော့။

ထိုအရာ အားလုံးမှာလည်း ပျောက်ပျက်သွားခဲ့ကြပြီ။

ဘာကြောင့်များပါလဲ?

ကပ်လျှက်တန်းစီထောင်ထားသော အတုံးကလေးများ ပြိုလဲသလို သူ့ဘဝပျက်သုဥ်းခန်းက မြန်လွန်းလှသည်။ တစ်ခုပြီးတစ်ခု ဆင့်ကာ ... ဆင့်ကာ။

သူမှတ်မိသလောက်တော့ သူ့ချစ်သူ၏ စွန့်ခွာခြင်းမှ အစပြုခဲ့သည်။ ဒါကြောင့်ပဲလား ... ။ အရာအားလုံးရဲ့ တရားခံက သူမပဲလား။

သူမသာ မခွဲခွာခဲ့ဘူးဆိုရင် ဒါတွေဆက်ပြီး ဖြစ်မလာတော့ဘူးလား။

ဘာပဲဖြစ်ဖြစ် အခုချိန်မှတော့ ဘာကိုမှကုစားမရနိုင်တော့။

နောက်တစ်ကြိမ်ထပ်၍ သူရယ်မိသည်။

ရယ်ရင်းကပင် ပိုရယ်ချင်လာပြန်၏။

ရယ်မောခြင်းက အဆုံးကို မသတ်တော့ ... ။

ရယ်ရင်းမှပင် မောမောနှင့် သူအိပ်ပျော်သွားလေတော့သည်။

◆ ◆ ◆

■ သတ္တမအဆင့်

ရုတ်တရက် သူအိပ်ရာမှ လန့်နိုးလာသည်။

ထိုကဲ့သို့ လန့်နိုးလာခြင်းမှာပင် သူလန့်နိုးလာရခြင်း အကြောင်းရင်းကို စဉ်းစားနေမိ၏။

ပြင်ပမှ အသံဗလံတစ်ခုခုကြောင့်လား?

ဒါမှမဟုတ် အိပ်မက်ဆိုးမက်လို့များလား?

ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ပြီး ဘာအသံမှ မကြားရသည်ကို သတိပြုမိလိုက်သည်။ ဒါဆို အိပ်မက်ဆိုး ကြောင့်ပေါ့။

ဘယ်လိုအိပ်မက်များပါလိမ့်။

အာရုံတွင် သူမကြာခင်သေရတော့မယ် ဆိုသော အတွေးသာ ရစ်ဝဲပေါ်လာ၏။ ပြီးတော့ တစ်ဆင့်ချင်း နောက် ပြန်၍ သူ့စီးပွားဥစ္စာပျက်သုဉ်းမှုများ ချစ်သူကိုဆုံးရှုံးခဲ့မှုများ။

ဒါတွေဟာ တကယ်မှဟုတ်ရဲ့လားဟု သူတွေး ကြည့်သည်။

ဒီလောက်ဆိုးတဲ့အဖြစ်တွေဟာ ဖြစ်မှဖြစ်နိုင်ရဲ့လား တစ်ခုပြီးတစ်ခု ပျက်စီးခြင်းက သိပ်မြန်လွန်းနေသည်မှာ အိပ်မက်တွေများလား?

အိပ်မက်ဆိုလျှင်တော့ အတော် ကြောက်စရာ ကောင်းသော အိပ်မက်ပဲဖြစ်သည်။

ဒါပေမယ့် ဘာ့ကြောင့် ဒီအိပ်မက်ကို မက်ရ တာလဲ? ဘာဖြစ်လို့ ဒီလောက် ပီပီပြင်ပြင်မက်ရသလဲ? ဒါဟာ အိပ်မက်ဆိုလျှင် ဒီအိပ်မက်ကြောင့် ဘာတွေ ဖြစ်လာ မှာလဲ?

အတွေးများစွာဖြင့် သူဝေခွဲမရ ဖြစ်နေစဉ်မှာပင် တယ်လီဖုန်းသံမြည်လာလေ၏။

သူ့ရင်ထဲ ထိတ်လန့်၍သွားသည် ဘာတွေဆက်ဖြစ်တော့မလဲဆိုတာကို ကြိုပြီးသိနေသလို ရှိသည်။

ဖုန်းကို တော်တော်နှင့်မကိုင်ဖြစ်။

ဆက်ဆက်ကာ မြည်နေသော တယ်လီဖုန်းကို ကြောက်စရာ သတ္တဝါတစ်ကောင်လို သူငေးကြည့်နေမိသည်။

နောက်ဆုံး ဆယ်ကြိမ်ခန့် ဖုန်းသံမြည်ပြီးတော့မှ သူတုန်တုန်ရီရီ တွန့်ဆုတ်တွန့်ဆုတ်ဖြင့် ကောက်ကိုင်ဖြစ်၏။

"ဟယ်လို ... ကိုကိုလားဟင်"

အသံချိုချိုနွဲ့နွဲ့ကို ကြားလိုက်ရခြင်းမှာပင် သူ့ရင်တွေဒိန်းခနဲဖြစ်သွားသည်။

ဖုန်းခွက်ကိုနားမှ ဆက်ခနဲခွာ၏။

"ဟယ်လို ... ဟယ်လို"

တစ်ဖက်မှ အသံပြုနေဆဲ။ သူဘာလုပ်ရမယ်မှန်းမသိ။ လက်ထဲမှ ဖုန်းခွက်မှာ စနက်တံဖြုတ်ပြီးသား ဗုံးတစ်လုံးလို ဖြစ်နေလေ၏။

သူ ဇောချွေးတွေ ပြန်လာသည်။

[ ဟင့်အင်း ... ဟင့်အင်း၊ မင်းဘာမှ မပြောပါနဲ့ ငါ့ရဲ့ ဘယ်လိုကံကြမ္မာဆိုးကိုမှ အစမပြုလိုက်ပါနဲ့ ]

ရင်ထဲမှာ သူမြည်တမ်း၏။

ဖုန်းခွက်ထဲမှ ဟယ်လိုခေါ်သံမှာ ထွက်ပေါ်နေဆဲ။ တိတ်ဆိတ်စွာ၊ ဖြေးညှင်းစွာဖြင့်ပင် ဖုန်းခွက်ကို ဖုန်းအိမ်ပေါ်သို့ အသာလေးသူ ပြန်တင်လိုက်တော့၏။

ပြီးတော့ ဖုန်းပလပ်ကို ဆက်ခနဲဖြုတ်လိုက်သည်။

နောက်ကျရင် ဘာတွေဖြစ်လာဦးမလဲ သူမသိ။

လောလောဆယ်တွင်မူ ယင်းလုပ်ရပ်ကြောင့် နှစ်နှစ်ခြိုက်ခြိုက် သူ ပြန်အိပ်ပျော်သွားနိုင်ခဲ့တာတော့ အသေအချာပဲဖြစ်သည်။

## [illegible]

- ကမ္ဘာကြီးတောင်ပြားသွားမယ်
- ဖေဖေ့အကြောင်း
- သစ်စိမ်းချိုး
- ဖျားယောင်းခြင်း
- နှင်းဆီရောင်ဂီတ
- လမင်းမျှော်စင်
- လွမ်းအောင်ညှို့တဲ့ကောင်မလေး
- သကြားခဲလေးလိုအိပ်မက်
- ငပျင်း
- ဟိုစပ်စပ် ဒီစပ်စပ်



ကိုယ်ဟာ
မင်းကိုတွေ့လိုက်ရတဲ့
ပထမဆုံးစက္ကန့်မှာကတည်းက
ကျဆုံးသွားခဲ့ရသူပါ

သွန်းနေစိုး
လွမ်းအောင်ညှို့တဲ့ကောင်မလေး
[ လုံးချင်းဝတ္ထုသစ် ]